KELONG
KEHUA TECH
Online UPS
Sole Distributor: Golden Lion Wire Co., Ltd.

The VOICE Daily

MAI
Myanmar Airways International

Vol. 4 / No. 116 | Established in 2004 | ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆) ရက်၊ (Wednesday, August 24, 2016)

# အခြေခံပညာဦးစီးဌာန ဆရာ၊ ဆရာမများကို လစာတိုးပေးမည်

**နေပြည်တော်၊ ဩဂုတ် ၂၃**

အခြေခံပညာဦးစီးဌာနရှိ သင်ကြားရေး ဆရာ၊ ဆရာမများကို လစာတိုးပေးရန် လျာထားဆောင်ရွက်နေသည်ဟု အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးက ပြောကြားသည်။

နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာနတွင် ဩဂုတ်လ ၂၃ ရက်နေ့ ပြုလုပ်သော ပညာရေးဝန်ကြီးဌာန၏ ရက်တစ်ရာ စီမံချက် ရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ်က မီဒီယာများသို့ ပြောကြားခြင်းဖြစ်သည်။

"တိုးပေးဖို့ရက်ကို အတိအကျပြောလို့မရသေးပါဘူး။ ဘယ်လောက်တိုးရမလဲဆိုတာ ကျွန်တော့်ဌာနရဲ့အင်အားပေါ်မူတည်ပါတယ်" ဟု ၎င်းက ဆိုသည်။ စာ 28

## ငရဲဘုံနှင့် တူနေဆဲဖြစ်သော အကျဉ်းစခန်းများ



ဓာတ်ပုံ – ဆွေဝင်း (Myanmar Now)

စာ 3

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်ကျောက်ထုတ်စခန်းတွင် မကြာသေးမီကတွေ့ရသော အကျဉ်းသားများ

# ဦးသိန်းစိန် ကြံ့ခိုင်ရေးပါတီဥက္ကဋ္ဌ ရာထူးမှ အနားယူ စွမ်းအင်ဝန်ကြီးဟောင်း ဦးသန်းဌေးကို ဥက္ကဋ္ဌခန့်

**ရန်ကုန်၊ ဩဂုတ် ၂၃**

ကြံ့ခိုင်ရေးပါတီ၏ ဒုတိယအကြိမ် ပါတီညီလာခံ ရွေးချယ်မှုအရ ပါတီဥက္ကဋ္ဌ ဦးသိန်းစိန် အနားယူပြီး ၎င်းနေရာ၌ စွမ်းအင်ဝန်ကြီးဟောင်း ဦးသန်းဌေးကို အစားထိုး ခန့်အပ်ခဲ့သည်။

ဦးသိန်းစိန်သည် ပါတီမှ အနားယူသော်လည်း ပါတီဗဟိုဦးဆောင် ကော်မတီ၌ တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ကြံ့ခိုင်ရေးပါတီ ပြောရေးဆိုခွင့်ရှိသူ ဦးခင်ရီက ပြောကြားသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယအကြိမ်ညီလာခံ၌ ပါတီဥက္ကဋ္ဌ ဦးသိန်းစိန်၊ ဦးဌေးဦးနှင့် တိုင်း ဒေသကြီးပြည်နယ် ကြံ့ခိုင်ရေးဥက္ကဋ္ဌများ တာဝန်မှ အနားယူသွားသော်လည်း အသစ်ထပ်မံဖွဲ့စည်းမည့်ပါတီဗဟိုဦးဆောင်ကော်မတီ၌ ပြန်လည်ပါဝင်သွားမည်ဖြစ်ကြောင်း ပါတီထိပ်ပိုင်းခေါင်းဆောင်များကဆိုသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အသစ်ဖွဲ့စည်းသော ဗဟိုဦးဆောင်ကော်မတီတွင် (ဗဟိုနာယကအဖွဲ့) ဦးသိန်းစိန်၊ ဦးဌေးဦး၊ စာ 28

# ဒေါ်လာဈေးမြင့်၍ ပြည်တွင်းရွှေဈေး အမြင့်ဆုံးရောက်

စာ 9

# တောင်ကြီး သုံးလောင်းပြိုင်လူသတ်မှု ကျူးလွန်သူကို ဖမ်းမိ

**တောင်ကြီး၊ ဩဂုတ် ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် မိုင်းသော်အရှေ့ကျေးရွာ၌ သုံးလောင်းပြိုင်လူသတ်မှု ကျူးလွန်ခဲ့သူကို ၎င်းပုန်းအောင်းနေသည့် ပြောင်းခင်းအတွင်းမှနေ၍ ဩဂုတ်လ ၂၃ ရက်နေ့တွင် ဖမ်းဆီးရမိခဲ့ကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

"ဩဂုတ်လ ၂၀ ရက်နေ့ မနက် ၂ နာရီလောက်မှာ လူသတ်မှုဖြစ်ခဲ့တာလို့ တရားခံက ထွက်ဆိုထားတယ်" စာ 28

# ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ထိုးကြိတ်မှုကြောင့် ခရီးသည်သေဆုံး

**ရန်ကုန်၊ ဩဂုတ် ၂၃**

မရမ်းကုန်းမြို့နယ် နဝဒေးကားမှတ်တိုင်တွင် သန်မြန်သူယာဉ်လိုင်း အမှတ် (၈၁) မှ ခရီးသည်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ၏ ဝိုင်းထိုးကြိတ်မှုကြောင့် အသက် ၄၁ နှစ်အရွယ် ခရီးသည် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း မရမ်းကုန်းမြို့မရဲစခန်းထံမှ သိရသည်။

သေဆုံးခဲ့သူမှာ မရမ်းကုန်းမြို့နယ်၊ ၈ မိုင်အနီးတွင်နေထိုင်သူ ဦးညွန့်လွင်ဖြစ်ပြီး ဩဂုတ်လ ၂၁ ရက် ည ၁၀ နာရီက ၎င်း၏ ညီဖြစ်သူနှင့်အတူ တံတားလေးလမ်းဝ ကားမှတ်တိုင်မှ သန်မြန်သူ ယာဉ်လိုင်း အမှတ် (၈၁) ဒိုင်နာယာဉ်ဖြင့် လိုက်ပါခဲ့ရာ ယာဉ်စီးခ ၅၀၀ ကျပ် တောင်းသဖြင့် နဝဒေးရုပ်ရှင်ရုံကွေ့၌ ပြန်ဆင်းရာ အမျိုးသားကို အသက် ၂၁ နှစ်အရွယ် ယာဉ်မောင်း နှင့် ၁၉ နှစ်အရွယ်ရှိ ယာဉ်နောက်လိုက်နှစ်ဦးတို့က လက်သီးဖြင့် စာ 28



# ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်သတ်မှတ်ချက် ပြန်လည်သုံးသပ်ရန် လွှတ်တော်တင်

**နေပြည်တော်၊ ဩဂုတ် ၂၃**

နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် အဆင့်ဆင့်အတွက် သတ်မှတ်ထားသည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ပြန်လည်သုံးသပ်ပေးရန် မန္တလေးတိုင်း၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးက ဩဂုတ် ၂၂ ရက်က ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ အဆိုတင်သွင်းလိုက်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

၂၀၁၅ ခုနှစ်တွင် သမ္မတဟောင်း ဦးသိန်းစိန် လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအတွက် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်ခံစားခွင့်အား အချိန်ကာလသတ်မှတ်ချက်မပါဝင်ခြင်း၊ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်ဖွဲ့စည်းရာတွင် လူဦးရေသတ်မှတ်ချက် အတိအကျမရှိခြင်းတို့ကြောင့် ကျခံသုံးစွဲနေရသည့် ငွေပမာဏမှာ အလွန်များပြားလျက်ရှိသည်ဟု ဒေါက်တာလှမိုးက ဆိုသည်။

ပြီးခဲ့သည့် အထွေထွေရွေးကောက်ပွဲများတွင် တိုင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်တွင် ဥက္ကဋ္ဌအပါအဝင် စုစုပေါင်းအဖွဲ့ဝင် ခြောက်ဦး၊ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်တွင် ဥက္ကဋ္ဌအပါအဝင် စုစုပေါင်းအဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းထားခဲ့ခြင်းဖြစ်သည်။

အစိုးရက ထုတ်ပြန်ထားသည့် အမိန့်ကြေညာစာအရ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့်အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအတွက် လစဉ်ချီးမြှင့်ငွေ သတ်မှတ်ချက်တွင် တိုင်း၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက လစဉ်ချီးမြှင့်ငွေ ကျပ် ၃၄၀,၀၀၀၊ အဖွဲ့ဝင်များက ၃၁၀,၀၀၀၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသကြီးနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများအတွက် လစဉ်ချီးမြှင့်ငွေ ကျပ် ၃၁၀,၀၀၀၊ အဖွဲ့ဝင်များက ၂၈၀,၀၀၀၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက လစဉ်ချီးမြှင့်ငွေ ကျပ် ၂၈၀,၀၀၀၊ အဖွဲ့ဝင်များက ၂၅၀,၀၀၀ နှင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက လစဉ်ချီးမြှင့်ငွေ ကျပ် ၉၀,၀၀၀၊ အဖွဲ့ဝင်များက ကျပ် ၇၀,၀၀၀ အဖြစ် အသီးသီး သတ်မှတ်ထားသည်။

ဒေါက်တာလှမိုး တင်သွင်းသည့် အဆိုကို လက်ခံဆွေးနွေးရန်၊ ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးရန် သဘောတူသည့်အတွက် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာခဲ့သည်။ ■

# ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်သို့ လျှောက်ထားသူ လေးထောင်ကျော်ရှိ

**ရန်ကုန်၊ ဩဂုတ် ၂၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ရန် အဆိုပြုလျှောက်လွှာ တင်သွင်းသူ လေးထောင်ကျော်ရှိကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်ထောင်စု နယ်မြေ ၁၅ ခုအတွက် လာရောက်လျှောက်ထားသူ ၁၇၉ ဦး၊ ခရိုင်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၇၉ ခုအတွက် လျှောက်ထားသူ ၇၄၃ ဦးနှင့် မြို့နယ် ၃၂၅ မြို့နယ်အတွက် လာရောက်လျှောက်ထားသူ ၄၅၁၃ ဦးရှိကြောင်း ရွေးကောက်ပွဲဌာန ညွှန်ကြားရေးမှူး ဦးစိုင်းကျော်သူက ပြောကြားသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ရန် အဆိုပြုလွှာများကို ဩဂုတ်လ ၈ ရက်နေ့အထိ တိုးမြှင့်လျှောက်ထားခွင့်ပြုခဲ့ရာ ရန်ကုန်တိုင်း၊ မန္တလေးနှင့် ရှမ်းပြည်နယ်တို့မှ အများဆုံး လျှောက်ထားကြပြီး ချင်းပြည်နယ်သည် လျှောက်ထားသူ အလွန်နည်းကြောင်း ၎င်းက ဆိုသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနှင့် ယင်းသို့ လာရောက်လျှောက်ထားသူများကို ခန့်ထားရန်အတွက် လျှောက်ထားသူများနှင့် တွေ့ဆုံခြင်းများကိုလည်း စီစဉ်သွားမည့်အပြင် အတည်ပြုဆွေးနွေးခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။ ■

# ကျိုက်ထီးရိုး ဂေါပကအဖွဲ့သစ်ကို သီတင်းကျွတ်လပြည့်မတိုင်မီ အပြီးဖွဲ့မည်

**မော်လမြိုင်၊ ဩဂုတ် ၂၃**

အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန် လျာထားသည့် မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ထီးရိုးဂေါပကအဖွဲ့အသစ်ကို ကျိုက်ထီးရိုးတောင် ဖွင့်ချိန်ဖြစ်သည့် သီတင်းကျွတ်လပြည့်မတိုင်ခင် အပြီးဖွဲ့စည်းသွားမည်ဟု မွန်ပြည်နယ် အစိုးရအဖွဲ့ထံမှ သိရသည်။

ဇွန်လ ၂၇ ရက်က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ပြုလုပ်ခဲ့သည့် ကျိုက်ထီးရိုးစေတီတော်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ကျိုက်ထီးရိုးဂေါပကအဖွဲ့၏ စီမံခန့်ခွဲမှု၊ ဝန်ဆောင်မှု ညံ့ဖျင်းမှုများနှင့်ပတ်သက်ပြီး တင်ပြတိုင်ကြားမှုရှိသည့်အတွက် ဂေါပကအဖွဲ့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ အသစ်ပြန်လည်ဖွဲ့စည်းရန် ဆုံးဖြတ်ထားပြီး လက်ရှိ ဂေါပကအဖွဲ့ကိုလည်း ယာယီဂေါပကအဖွဲ့ဝင်များအဖြစ် ထားရှိသည်။

"ဌာနဆိုင်ရာက ၅ ဦးပါမယ်၊ ပညာရှင်တွေလည်း ပါမယ်၊ ကျန်တဲ့သူတွေကို ဘယ်လိုရွေးချယ်မလဲဆိုတာ သာသနာရေးနဲ့ ပြည်နယ်အစိုးရနဲ့ ညှိနှိုင်းပြီးသွားပါမယ်" ဟု မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးမင်းမင်းဦးက ပြောသည်။

ကျိုက်ထီးရိုးဂေါပကအဖွဲ့အသစ်ပြန်လည်ဖွဲ့စည်းရေးကိစ္စနှင့်ပတ်သက်ပြီး ဥပဒေမူကြမ်းအား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံပြုချက်တင်ထားကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ) ညွှန်ကြားရေးမှူး ဦးအောင်ဆန်းဝင်းက ပြောသည်။

"ရှေ့နေချုပ်ရုံးကနေ မူကြမ်းပြန်ကျလာပြီး အတည်ပြုချက်ရရင် ဂေါပကအသစ် ပြန်ဖွဲ့သွားပါမယ်။ ဘယ်တော့လောက်ဖြစ်မလဲဆိုတာကတော့ ရှေ့နေချုပ်ရုံးက မူကြမ်းပြန်ကျလာမယ့်အပေါ်မူတည်ပါမယ်" ဟု ၎င်းက ပြောသည်။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတောင်ပေါ်က ဟိုတယ်အခန်း၊ အဆောက်အအုံ၊ ဂေါပကအဖွဲ့၊ အလှူခံဌာန၊ တောင်တက်မော်တော်ယာဉ်နှင့် တောင်တော်သန့်ရှင်းသာယာရေးဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရတို့မှ ကိုင်တွယ်ဖြေရှင်းလျက်ရှိပြီး ဩဂုတ်လ ၁၁ ရက်က မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေ ပုဒ်မ ၁၉(က) အရ လိုင်စင်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် တောင်ပေါ်က ရိုးရိုးလေး ဟိုတယ်ကို လုပ်ငန်းလိုင်စင် ပယ်ဖျက်လိုက်သည်။

■ Dawei Watch

# မင်္ဂလာဒုံမြို့နယ်တွင် လုံခြုံရေးကင်မရာများ တပ်ဆင်မည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

မင်္ဂလာဒုံမြို့နယ်တွင် မှုခင်းကျူးလွန်မှုများကို စောင့်ကြည့် မှတ်တမ်းတင်နိုင်ရန် လုံခြုံရေး CCTV ကင်မရာ ၁၀ လုံးခန့်ကို ယခုနှစ် စက်တင်ဘာလအတွင်း စတင်တပ်ဆင်သွားမည်ဖြစ်ကြောင်း ယင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်းက ပြောကြားသည်။

"ကင်မရာ တပ်ဆင်မယ့် နေရာတွေကို လုံခြုံရေးအရ အသိပေးသွားမှာမဟုတ်ပါဘူး၊ သိနေရင် ရှောင်ကွင်းသွားကြမယ်၊ အဓိကမှုခင်းကျဆင်းရေးအတွက် ရည်ရွယ်ပြီး ကနဦး ပြည်ထောင်စု လွှတ်တော် ရန်ပုံငွေ သိန်းတစ်ထောင်ထဲကပဲ အသုံးပြုသွားမှာပါ၊ မှုခင်းပြဿနာတွေ ထပ်မံ ကြုံကြိုက်လာရင် လုံခြုံရေး ကင်မရာ မှတ်တမ်းထဲက ရှာဖွေဖော်ထုတ်နိုင်အောင်ပါ" ဟု ၎င်းကပြောကြားသည်။

အဆိုပါ လုံခြုံရေး CCTV ကင်မရာ တပ်ဆင်ရေးအတွက်လွှတ်တော်ကိုယ်စားလှယ်များက မြို့နယ်ဒေသဖွံ့ဖြိုးရေး အတွက်အသုံးပြုရမည့် ရန်ပုံငွေ ဘတ်ဂျက် သိန်းတစ်ထောင်ထဲမှ လုပ်ငန်းတင်ပြကာ ကျပ်သိန်း ၁၀၀ ခန့် ထုတ်ယူသုံးစွဲမည်ဖြစ်ပြီး တပ်ဆင်မည့်နေရာများနှင့် လုပ်ငန်းပိုင်းများကို သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့များနှင့် ညှိနှိုင်းလုပ်ဆောင်ရန် စီစဉ်ထားကြောင်း ၎င်းထံမှထပ်မံသိရှိရသည်၊

ယင်းအပြင် မင်္ဂလာဒုံမြို့နယ်၏ ဧရိယာမှာ ၄၄ စတုရန်းမိုင် ကျယ်ဝန်းခြင်းကြောင့် လုံခြုံရေး CCTV ကင်မရာ ၁၀ လုံးခန့်ဖြင့် နေရာဒေသအနှံ့သို့ လွှမ်းခြုံမှု မရှိနိုင်သေးသော်လည်း နောက်ပိုင်းတွင် ထပ်ဆင့် တိုးချဲ့တပ်ဆင်ရန် ပြည်သူများထံမှ အလှူငွေအချို့ ကောက်ခံရရှိထားကြောင်း သိရှိရသည်။

"လုံခြုံရေးကင်မရာ တပ်ဆင်ဖို့ မြို့နယ် လွှတ်တော်ကိုယ်စားလှယ်တွေက ဦးဆောင်စီစဉ်နေတယ်ဆို ကောင်းပါတယ်၊ ရဲတပ်ဖွဲ့အနေနဲ့ ကြိုဆိုပါတယ်၊ ရှင်းရှင်းပြောရရင် ရာဇဝတ်မှုခင်းပြဿနာတွေကို ဖော်ထုတ်တဲ့အခါ ပြည်သူတွေဘက်က ဝိုင်းဝန်းပါဝင်ပေးမှ ပိုမိုခရီးရောက်နိုင်ပါတယ်" ဟု မင်္ဂလာဒုံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ယင်းအပြင် မင်္ဂလာဒုံမြို့နယ် အမှတ် (၈) လုံခြုံရေးရဲတပ်ရင်းအနီး ပတ္တမြားမြို့သစ်၊ ကျူးကျော်ရပ်ကွက်သစ်၊ မြေအေးချမ်းလမ်းတွင် ဩဂုတ်လ ၂၀ ရက်နေ့ နံနက်ပိုင်းက မိသားစုလေးဦး အသတ်ခံခဲ့ရကာ ကျူးလွန်ခဲ့သည့် သံသယရှိသူများကို ရဲတပ်ဖွဲ့က စုံစမ်းရှာဖွေနေကြောင်း ယင်းမြို့နယ် ရဲစခန်းထံမှ သိရှိရသည်။ ■









# ငရဲဘုံနှင့် တူနေဆဲဖြစ်သော အကျဉ်းစခန်းများ

ဆွေဝင်း (Myanmar Now)



ဓာတ်ပုံ - ဆွေဝင်း (Myanmar Now)

မြန်မာနိုင်ငံတွင် စစ်အစိုးရအုပ်ချုပ်ခဲ့သော အာဏာရှင်စနစ်မှ အရပ်သားအုပ်ချုပ်သည့် ဒီမိုကရေစီစနစ်သို့ ပြောင်းလဲခဲ့သည်တိုင်အောင် အကျဉ်းစခန်းများတွင် ညှဉ်းပန်းခြင်း၊ ကျွန်ကဲ့သို့ခိုင်းစေပြီး လုပ်အားရောင်းစားခြင်းစသည့် လူ့အခွင့် အရေးချိုးဖောက်မှုများ မပြောင်းလဲဘဲ ဆက်လက်မင်းမူလျက်ရှိနေသေးသည်။

'တစ်၊ နှစ်၊ သုံး၊ လေး' ဟု အကျဉ်းသားတစ်ဦးက နေပူပူတောင်ခြေစိုက်ခင်းတွင် စတင်အော်ဟစ်ရေတွက်လိုက်သည်။ ရေတွက်သံထွက်လာသည်နှင့် သူ့ရှေ့မှ အကျဉ်းသား ၁၀၀ ခန့်က ပေါက်တူးကိုင်ပြီး အဆက်မပြတ် မြက်ရှင်းကြလေသည်။

အမှတ်စဉ် ရေတွက်သူက ကိုင်ထားသည့် ဝါးတံပိုးဖြင့် အကျဉ်းသားတချို့ကို လှမ်းရိုက်လိုက်သည်။ ထိုသူမှာ ထောင်ဝန်ထမ်းများကို ကူညီရသော အုပ်ချုပ်မှု အကူခေါ် တုတ်ကိုင်ဖြစ်သည်။ သေနတ်လွယ်ထားသော ကာကီရောင် ယူနီဖောင်း ဝတ်ဝန်ထမ်းတစ်ဦး ရပ်ကြည့်နေပြီး ရံဖန်ရံခါ သူကိုယ်တိုင် ဝင်ရိုက်သည်။

တုတ်ကိုင် ၄ ဦးခန့်ရှိပြီး အကျဉ်းဦးစီးဌာနမှ ဝန်ထမ်း ၄ ဦးလည်း ရှိနေသည်။ အကျဉ်းသားအားလုံး ညစ်နွမ်းသော အပြာရောင်ရှပ်အင်္ကျီလက်တို၊ ပုဆိုးတို့ကိုဝတ်ဆင်ထားကြပြီး တချို့က သံခြေချင်း ခတ်ခံထားရသည်။

ထိုနေရာသည် ရှမ်းပြည်နယ် နောင်ချိုမြို့ အပြင်ဘက်တွင်ဖြစ်သည်။ ညနေဘက်လုပ်ငန်းသိမ်းချိန်တွင် အကျဉ်းသားများ တန်းစီပြီးကောင်းမှုအကျဉ်းစခန်းသို့ လမ်းလျှောက်ပြန်သွားကြသည်။

"အုပ်ချုပ်တဲ့ အကျဉ်းသားတွေက သဘောမကျရင်မကျသလို ဝင်ရိုက်တယ်။ ရှေ့ကသွား၊ နောက်ကရိုက်။ ကြံပင်တွေကြားပေါင်းရှင်းတဲ့အခါ မှို့ပင်လေးတစ်ပင်ကျန်တာနဲ့ဝင်ရိုက်တယ်၊ ဝန်ထမ်းတွေလည်း ဝင်ရိုက်တယ်။ ထောင်မှူးတွေက ရိုက်ခိုင်းလို့ဝင်ရိုက်တာလည်းရှိတယ်" ဟု ကောင်းမှုစခန်းမှ ဇွန် ၃ ရက်နေ့က ပြန်လွတ်လာသူ ကိုဇေယျာလင်းက ဆိုသည်။

စစ်အာဏာရှင် အုပ်ချုပ်ရေးအောက်တွင် နှစ်ပေါင်းများစွာရှိခဲ့ရာမှ ၂၀၁၁ မှ စတင်သော နိုင်ငံရေးအပြောင်းအလဲများကြောင့် တိုင်းပြည်၏ကဏ္ဍအများအပြားတွင် အပြုသဘောဖြစ်ထွန်းမှုများ ပေါ်ပေါက်လာသည်။ သို့သော်လည်း အကျဉ်းစခန်းအများအပြားတွင်မူ ရက်စက်မှု၊ ညှဉ်းပန်းနှိပ်စက်မှုတို့ ဆက်လက်မင်းမူနေသည်။

### ပြစ်မှုကြွေး ချွေးဖြင့်ဆပ်

ထောင်၊ ရဲဘက်စခန်းတို့တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်နေသည်ဟု နိုင်ငံတကာက စွပ်စွဲဝေဖန်နေချိန်တွင် ယခင်စစ်ဗိုလ်ချုပ်ကြီးများက အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ကို ၁၉၉၉ မေလမှစ၍ သွားရောက်စစ်ဆေးခွင့်ပြုလိုက်သည်။

လအနည်းငယ်ကြာ စစ်ဆေးပြီးနောက် ကမ္ဘာက စွပ်စွဲထားသောအချက်များ မှန်ကန်ကြောင်း တိတ်တဆိတ်ထုတ်ဖော်ပြောကြားခဲ့သူမှာ ICRC အဖွဲ့အား ထိုစဉ်က ဦးဆောင်သူ Mr. De Riedmatten Leon ဖြစ်သည်။

၎င်းက ထောင်များတွင် ရိုက်နှက်၊ ခြိမ်းခြောက်မှုများရှိနေကြောင်း၊ အစားအသောက် ကျွေးမွေးမှု လွန်စွာ အဆင့်နိမ့်ကျကြောင်း၊ ငွေကြေးတတ်နိုင်သူတို့ကောင်းမွန်စွာနေထိုင်ရပြီး၊ ဆင်းရဲသူတို့မှာ ရဲဘက်စခန်းများသို့ပို့ခံရပုံကို ထိုစဉ်ကအကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် တာဝန်ယူထားသူ ဦးကျော်ထွန်းနှင့် ၁၉၉၉ နိုဝင်ဘာတွင် တွေ့ဆုံစဉ် ပြောဆိုခဲ့ကြောင်း ထိုဌာန၏ မှတ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။

ထိုအချိန်မှစ၍ ထောင်တွင်း အစားအသောက်ကဏ္ဍ ပြုပြင်ပြောင်းလဲမှုဖြစ်ပေါ်ခဲ့သော်လည်း ငွေပေးနိုင်မှုအပေါ် အခြေခံ၍ အကျဉ်းသားတို့ကို ခွဲခြားဆက်ဆံမှု၊ အဆင်းရဲဆုံးသော အကျဉ်းသားတို့ကို ကျောက်ထုတ်စခန်းများ၊ ဝေးလံသော အကျဉ်းစခန်းများသို့ ပို့ဆောင်မှုတို့က ဆက်လက် တည်ရှိသည်။

ရဲဘက်စခန်းသို့မပြောင်းရွှေ့ရဘဲ ထောင်ထဲတွင်သာ နေလိုသူ၊ မြို့နှင့်နီးသော စခန်းသို့ သွားလိုသူ၊ ပင်ပန်းသည့်ကျောက်ထုတ်စခန်းကို ရှောင်ရှားလိုသူတို့ ထုတ်သုံးကြရသည့်ငွေပမာဏ မတူညီကြောင်း အကျဉ်းဦးစီးဌာနတွင် လုပ်သက် ၂၅ နှစ် ရှိခဲ့ပြီး၊ ယခုဥပဒေ အကြံပေးအဖြစ် ဆောင်ရွက်နေသော ဦးခင်မောင်မြင့်က ဆိုသည်။

"ရဲဘက်ထွက်ရပြီဟေ့ဆိုလည်း ခြေချင်းခတ်ခံရတော့မယ်။ အဲ့ဒီမှာ ခြေချင်းအမျိုးမျိုးထဲက ပေါ့ပါးပြီး လှုပ်ရှားလို့ကောင်းတဲ့ ခြေချင်းခတ်ခံချင်လား၊ လေးပြီး လှုပ်ရှားလို့မလွယ်တဲ့ခြေချင်း မခတ်ခံချင်ဘူးလား၊ ဒါဆိုရင် ငွေဘယ်လောက်ဆိုတာ စသည်ဖြင့်ရှိတယ်" ဟု ထောင်မှူးကြီးဟောင်း ဦးခင်မောင်မြင့်က ရှင်းပြသည်။

Myanmar Now က လနှင့်ချီ၍ ပြုလုပ်ခဲ့သောစုံစမ်းဖော်ထုတ်မှုတွင် အကျဉ်းသား၊ အကျဉ်းသားဟောင်း၊ အကျဉ်းဦးစီးအာဏာပိုင်တို့နှင့် တွေ့ဆုံမေးမြန်းမှု အများအပြား ပြုလုပ်ခဲ့သည်။ နှစ်ပေါင်း ၅၀ ကျော်အတွင်း ထုတ်ပြန်ခဲ့သော အကျဉ်းဦးစီးဌာန၏ ထောင်နှင့်ချီသော မှတ်တမ်းများ၊ အစိုးရ၏ အမိန့်ညွှန်ကြားချက်များကိုလည်း လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့သည်။

ခေတ်အဆက်ဆက် အာဏာပိုင်တို့က အလုပ်စခန်းများတွင် အကျဉ်းသားလုပ်အားကို မှားယွင်းသော နည်းလမ်းမျိုးစုံဖြင့် သုံးစွဲမှု၊ အကျဉ်းသားများအား ငွေထုတ်စက်များကဲ့သို့ သဘောထားပြီး ဌာနအတွက် တရားဝင် ရန်ပုံငွေရှာဖွေမှု၊ ခြစားမှုမြောက်သော တရားမဝင် ငွေကြေးရှာဖွေမှု စသော လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ကြောင်း တွေ့ရှိရသည်။

စစ်အစိုးရများနှင့် သမ္မတဟောင်း ဦးသိန်းစိန် အစိုးရလက်ထက်တွင် လူ့အခွင့်အရေးအဖွဲ့များက သာမန်အကျဉ်းသားတို့၏ အခြေအနေထက် နိုင်ငံရေးအကျဉ်းသားအရေးကိုသာ အာရုံစိုက်ခဲ့သည်။

ကိုလိုနီခေတ်၊ ပါလီမန်ဒီမိုကရေစီအစိုးရခေတ်တို့တွင် အကျဉ်းထောင်စနစ်သည် အများအားဖြင့် လူ့အဖွဲ့အစည်း၏ လုံခြုံရေးအတွက်သာ ဖြစ်ခဲ့သော်လည်း ၁၉၆၂ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် အုပ်ချုပ်သူတို့က 'ပြစ်မှုကြွေးချွေးဖြင့်ဆပ်' ဟူသော ဆောင်ပုဒ်ကို တီထွင်ကာ အကျဉ်းသားလုပ်အားကို စတင် သုံးစွဲခဲ့သည်။

မှတ်တမ်းတစ်ခုအရ ၁၉၉၃ ခုနှစ် အစည်းအဝေးတစ်ခုတွင် ထိုစဉ်က ပြည်ထဲရေးဝန်ကြီး ဒုဗိုလ်ချုပ်ကြီးဟောင်း ဘုန်းမြင့်က အကျဉ်းသားရဲဘက်များ၏ 'အလဟဿ လေလွင့်ပြုန်းတီးနေသော' လုပ်အားကို နိုင်ငံတော် စီမံကိန်းများတွင် သုံးစွဲပြီး ရည်မှန်းချက် ၃ ရပ်ကို အကောင်အထည်ဖော်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ရည်မှန်းချက်များတွင် လယ်ယာမြေသစ် ဖော်ထုတ်ရန်၊ နိုင်ငံတော်စီမံကိန်းများတွင် သုံးစွဲရန်၊ နိုင်ငံတော်က အခမဲ့ ကျွေးမွေးထားရသည့် ထိုအကျဉ်းသားများကို ခိုင်းစေပြီး ဝင်ငွေပြန်ရရှိရေး လုပ်ဆောင်ရန်တို့ ပါဝင်သည်။

၁၉၉၃ ဖေဖော်ဝါရီ ၂၃ ရက်စွဲတပ် ထိုမှတ်တမ်းအရ ထိုအစည်းအဝေးကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦး၊ ထိုစဉ်က ထိပ်တန်းစစ်ဗိုလ်ချုပ်များဖြစ်ကြသည့် ဗိုလ်မှူးချုပ်အေဘယ်လ်၊ ဗိုလ်မှူးချုပ်လွန်းမောင် အပါအဝင် စစ်ဗိုလ်ချုပ် တစ်ဒါဇင်ကျော် တက်ရောက်ခဲ့သည်။

ထို အစည်းအဝေးက အကျဉ်းသားတို့ကို စစ်မြေပြင်ပို့ပြီး လက်နက်၊ ရိက္ခာ သယ်ဆောင်စေရန်၊ အကျဉ်းသား အင်အား ၅၀၀ စီ ရှိသော 'ဝန်ဆောင်' တပ်ရင်းများကို မြစ်ကြီးနား၊ လှိုင်ကော်၊ မြိတ်၊ သထုံ၊ ဘားအံတို့တွင် ဖွဲ့စည်းရန် ဆုံးဖြတ်လိုက်သည်။

ဗိုလ်ချုပ်မှူးကြီးဟောင်းသန်းရွှေကလည်း ၁၉၉၉ ဇန်နဝါရီ ၂၂ တွင် ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်ရှိအမှတ် (၂) ဘဝသစ်စိုက်ပျိုးထုတ်လုပ်မှုစခန်းသို့သွားရောက်ပြီး အကျဉ်းစခန်းများသည် နိုင်ငံတော်၏ ကုန်ထုတ်လုပ်ရေးကို အထောက်အကူပြုသကဲ့သို့ အကျဉ်းသားများစားသောက်ရေးနှင့် ပတ်သက်၍ 'နိုင်ငံတော်အစိုးရအပေါ်မှီခိုနေမှုအား အမှီအခိုကင်းသောဘဝရောက်အောင်' လုပ်ဆောင်ရမည်ဟုညွှန်ကြားခဲ့ကြောင်း မှတ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။ ၄ ရက်အကြာတွင် ထိုညွှန်ကြားချက်ကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီး လုပ်ငန်းအောင်မြင်ရေး အကောင်အထည်ဖော်ရမည်ဟု ညွှန်ကြားရေးမှူးများသို့ ပေးပို့သောစာတွင် ဖော်ပြထားသည်။

မှတ်တမ်းများအရ ၁၉၈၀ တွင် အကျဉ်းသား ၂၅,၀၀၀ ကို အလုပ်စခန်း ၂၂ ခု တွင် ခိုင်းစေခဲ့သည်။

အစာရေစာမလုံလောက်၊ ကျန်းမာရေးစောင့်ရှောက်မှု ချို့တဲ့၊ ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကြောင့် အကျဉ်းစခန်းများ၊ နိုင်ငံတော်စီမံကိန်းလုပ်ကွက်များတွင် အကျဉ်းသားထောင်နှင့် ချီသေဆုံးခဲ့သည်။ ၂၀၁၄ ခုနှစ် ပြည်ထဲရေး ဝန်ကြီး ဌာန၏ ထုတ်ပြန်ချက်တွင် ၁၉၇၈ မှ ၂၀၁၄ အတွင်း စခန်းများတွင် သေဆုံးသူ ၅,၀၀၀ ကျော် ရှိပြီး၊ အကျဉ်းသားတို့၏ 'အလဟဿ လေလွင့်ပြုန်းတီးနေသောလုပ်အား' ကို နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် အသုံးချရေးအတွက် အကျဉ်းစခန်းများဆက်လက်ရှိရန် လိုအပ်ကြောင်း ဖော်ပြခဲ့သည်။

လွန်ခဲ့သည့် ၁၀ နှစ်ခန့်မှ စတင်ပြီး အကျဉ်းစခန်းတွင် သေဆုံးနှုန်း လျော့ကျလာသော်လည်း အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်မှုများသည် သမ္မတ ဦးထင်ကျော် အစိုးရ လက်ထက်တိုင် တည်ရှိနေသည်။

ယခုအခါ အလုပ်စခန်း ၄၈ ခုတွင် အကျဉ်းသားအရေအတွက် ၂၀,၀၀၀ မှ ၃၀,၀၀၀ ကြား ရှိနေသည်။ ၁၈ ခု မှာ ကျောက်ထုတ်လုပ်ရေး 'ကုန်ထုတ်စခန်းများ' ဖြစ်ပြီး ကျန်စခန်းများမှာ စိုက်ပျိုးမွေးမြူရေး 'အတတ်သင်' စခန်းများ ဖြစ်ကြသည်။

ဗြိတိသျှတို့ရေးဆွဲပြီး ယနေ့တိုင်သုံးစွဲနေသည့် ၁၈၉၄ အကျဉ်းထောင်လက်စွဲတွင် ရဲဘက်စခန်းများဖွင့်ပြီး ကုန်ထုတ်ရမည်ဟူ၍ မပါရှိပေ၊ ထောင်နှင့် ဆက်စပ်သောလုပ်ငန်းများတွင် အဓိကထားခိုင်းစေရမည်ဟု ဖော်ပြထားသည်။

"ဒီအကျဉ်းသားတစ်ယောက်က သူ့ပြစ်ဒဏ် အလျောက် ပြစ်ဒဏ်ခံခဲ့ရပြီးပြီ။ လူ့အသိုင်းအဝိုင်းထဲကနေ သူ့ကိုကာလအကန့်အသတ်တစ်ခုနဲ့ဖယ်ထုတ်လိုက်ပြီးပြီ။ ဒါကိုကပြစ်ဒဏ်ပဲလေ။ အဲဒီထဲမှာမှ ထောင်ထဲမှာ လုပ်ရမယ့် လုပ်ငန်းကို ထပ်ပြီး အကျယ်ဖွင့်ဆိုပြီး အကျဉ်းထောင် အပြင်မှာပါ သူ့လုပ်အားကို ထပ်သုံးတော့မယ်ဆိုတော့ သူ့ပြစ်ဒဏ်က နှစ်ဆတိုးသွားသလိုဖြစ်တယ်" ဟု ထောင်မှူးကြီးဦးခင်မောင်မြင့်ကဆိုသည်။

### ကျွန်တော်တို့ဟာ ကျွန်တွေပါ

ရဲစည်းကမ်းဖောက်ဖျက်မှုဖြင့် ထောင် ၂ နှစ်ကျခဲ့သော ရဲဝန်ထမ်းဟောင်း ကိုဇေယျာလင်းသည် မန္တလေးထောင်တွင် လအနည်းငယ် နေခဲ့ရပြီး နောင်ချိုမြို့နယ်၊ ကောင်းမှုအလုပ်စခန်းသို့ ပို့ဆောင်ခံခဲ့ရသည်။

စိမ်းလန်းသည့် စပါးခင်း၊ ကြံစိုက်ခင်း၊ ပြောင်းစိုက်ခင်းများ မြင်ကွင်းတစ်ဆုံးရှိသဖြင့် အေးချမ်းမှု၊ ငြိမ်းချမ်းမှုအသွင်ဆောင်သော တောင်ကုန်းအနီးတွင် ငရဲခန်းတို့နှင့် နှိုင်းယှဉ်ခံရသော အလုပ်စခန်းများ တည်ရှိနေသည်။ စခန်းမှ အကျဉ်းသား ၂၀၀ နီးပါးသည် အကျဉ်းဦးစီးဌာန၏ ကြံစိုက်ခင်း ဧက ၁၄၀၊ ပုဂ္ဂလိကစိုက်ခင်းတို့တွင် လုပ်ကိုင်ရသည်ဟု သူက ရှင်းပြသည်။

မည်သည့်အသက်မွေးဝမ်းကျောင်းပညာမှ သင်ကြားခြင်း မပြုသော အဆိုပါအတတ်သင်စခန်းတွင် အကျဉ်းသားတို့ ရက်သတ္တတစ်ပတ်လျှင် ၆ ရက် လုပ်ကိုင်ရသည်ဟု ဆိုသည်။ သူစခန်းသို့ရောက်သည့် ၂၀၁၅ ဇူလိုင် ၅ ရက်နေ့ကတည်းက အုပ်ချုပ်မှုအကူ အကျဉ်းသားတို့၏ နှိပ်စက်မှုကိုခံရကြောင်း၊ ထိုအချိန်က အုပ်ချုပ်သူမှာ ထောင်ပိုင်ဦးဇော်ဦးဖြစ်ကြောင်း သူက ရှင်းပြသည်။

"ကျောကို ရိုက်တယ်။ တင်ပါးကိုရိုက်တယ်။ အကြောင်းပြချက်ကတော့ အလုပ်နှေးတယ်ပေါ့။ တစ်နေ့ကို မရိုက်ခံရဘူးဆို အချက် ၃၀ လောက်ရှိတယ်" ဟု ကိုဇေယျာလင်းက ဆိုသည်။

မိခင်၊ ဇနီးတို့ စခန်းလိုက်လာပြီး ထောင်မှူးကြီးကို ၅ သိန်း ပေးလိုက်မှ ရိုက်နှက်မှုများ ရပ်သွားပြီး ထောင်ဝန်ထမ်းတို့ကို ရေနွေးကျို၊ ကော်ဖီဖျော်တိုက်ရသည့် ရာထူးရခဲ့သည်ဟု ဆိုသည်။ ငွေမပေးနိုင်သည့် ငယ်ရွယ်သောအကျဉ်းသားများအနက် တချို့မှာ စခန်းအတွင်း လိင်ပျော်တော်ဆက်သူများ ဖြစ်သွားကြောင်း သူက ရှင်းပြသည်။

"ငွေရှင်းမလား၊ လူရှင်းမလား၊ ကျွဲလို၊ နွားလို အလုပ်လုပ်ပြီး လုပ်အား ရှင်းရမလား။ ကျန်တာ ရွေးချယ်စရာမရှိဘူး။ တကယ့်ကျွန်ဘဝပါဗျာ" ဟု ကိုဇေယျာလင်းက အကျဉ်းစခန်းမှ ပြန်လွတ်လာသည့်နေ့တွင် ဝမ်းနည်းတစ်ဆို့စွာ ပြောပြသည်။

အမည်မဖော်လိုသူ အကျဉ်းသားတစ်ဦးကလည်း ထိုစခန်းတွင် ရိုက်နှက်ခံနေရသည်မှာ တစ်နှစ်ကျော်လာပြီဖြစ်သောကြောင့် အကျဉ်းထောင်သို့ပြန်ပို့ခံရရေးအတွက် အသေအကျေ ပြန်လည်တိုက်ခိုက်သည့်နည်းဖြင့် အမှုဖန်တီးရန် မကြာခဏ စဉ်းစားမိသည်ဟု ဆိုသည်။ သားငယ်၊ သမီးငယ်တို့၏မျက်နှာကိုမြင်ယောင်ပြီး စိတ်ထိန်းထားရကြောင်း၊ မိသားစုက ထောင်ဝင်စာလာတွေ့ခြင်း မရှိသေးကြောင်း အရိုက်ခံထားရသော ဒဏ်ရာများကိုပြပြီး ပြောပြသည်။

"ကျွန်တော်က တောသူတောင်သားဆိုတော့ ဒီအလုပ်ကြမ်းကို လုပ်နိုင်ပါတယ်။ လုပ်နိုင်လည်း ရိုက်ခံနေရတာပဲ။ ဒီနေ့ တစ်ဧကပေါင်းရှင်းနိုင်တယ်ဆို၊ နက်ဖြန်နှစ်ဧက ခိုင်းတော့ လူကဘယ်လိုမှ မခံနိုင်ဘူး" ဟု မျက်ရည်ဝိုင်းနေသော အဆိုပါ အကျဉ်းသားက အကျဉ်းစခန်းအနီး လုပ်ငန်းခွင်တွင် ခေတ္တတွေ့ဆုံစဉ် Myanmar Now ကို ပြောပြသည်။

### ရိုက်နှက်ရန် ဖိအားပေးခြင်း

ကောင်းမှုစခန်းအပြင် နောင်ချိုရှိ အကျဉ်းဦးစီးဌာနပိုင် ကော်ဖီခြံ၊ ကြံစိုက်ခင်းများရှိသည့် ကြူအင်း၊ ဟိုခို၊ လွင်ကြီး၊ ကုန်းစံ၊ ခဲမွန်တို့ကို စိုက်ပျိုးရေးနှင့် မွေးမြူရေးအတတ်သင်စခန်းဟု အမည်ပေးထားသည်။ ဟိုခိုစခန်းမှ ၂၀၁၄ တွင် လွတ်မြောက်လာသူ

စာမျက်နှာ 7 သို့


U Ohn Myint Facebook Page

# ကြံ့ခိုင်ရေးပါတီ ဒုတိယအကြိမ်ညီလာခံသို့ နိုင်ငံရေးပါတီ ၁၄ ပါတီမှ ဥက္ကဋ္ဌများတက်ရောက်

**ရန်ကုန်၊ ဩဂုတ် ၂၃**

ကြံ့ခိုင်ရေးပါတီ ဒုတိယအကြိမ်ညီလာခံသို့ နိုင်ငံရေးပါတီ ၁၄ ပါတီမှ ဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြောင်း ကြံ့ခိုင်ရေးပါတီ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးက ဆိုသည်။

ယင်းညီလာခံသို့တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ၊ ဝံသာနုဒီမိုကရက်တစ်ပါတီ၊ ပြည်သူ့ဒီမိုကရေစီပါတီ၊ ခေတ်သစ်ပြည်သူ့ပါတီ၊ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’ ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ၊ ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်စသည့်ပါတီများသည်ဩဂုတ်လ ၂၂ ရက်နေ့၌ ကျင်းပသော ကြံ့ခိုင်ရေးပါတီ ဒုတိယအကြိမ်ညီလာခံသို့ တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။

“ကြံ့ခိုင်ရေးပါတီက တရားဝင်ဖိတ်ကြားလို့ တက်ရောက်ခဲ့တယ်။ ညီလာခံနံနက်ပိုင်းမှာ တက်ရောက်ခဲ့တယ်” ဟု အမျိုးသားဒီမိုကရေစီပါတီသစ်ဥက္ကဋ္ဌ ဦးသိန်းညွန့်က ပြောသည်။

အလားတူညီလာခံသို့တက်ရောက်လာသော ၁၄ ပါတီဥက္ကဋ္ဌများနှင့် ပါတီခေါင်းဆောင်များသည် ကြံ့ခိုင်ရေးပါတီဥက္ကဋ္ဌနှင့် မိတ်ဆုံစားပွဲ ပြုလုပ်ခဲ့ကြောင်း ယင်းညီလာခံသို့တက်ရောက်ခဲ့သော ပါတီအချို့ကဆိုသည်။

ယင်းညီလာခံသို့တက်ရောက်ခဲ့သောအမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌ ဦးခင်မောင်ဆွေက “ဖွင့်ပွဲသွားတက်တာပါ။ ဘာမှမထူးပါဘူး” ဟု ဆိုသည်။

ယင်းညီလာခံသို့နိုင်ငံရေးပါတီ ၁၅ ပါတီ ဖိတ်ကြားခဲ့သော်လည်း ၁၄ ပါတီခေါင်းဆောင်များသာတက်ရောက်ခဲ့ပြီး တိုင်းလိုင်ရှမ်းနီပါတီမှာ တက်ရောက်ခဲ့ခြင်းမရှိပေ။

ကြံ့ခိုင်ရေးပါတီ ဒုတိယအကြိမ်ပါတီညီလာခံ အစည်းအဝေးကို နေပြည်တော်ရှိ ကြံ့ခိုင်ရေးပါတီရုံးချုပ်၌ ဩဂုတ်လ ၂၀ ရက်နေ့မှစတင်ပြုလုပ်ခဲ့ကြရာ ညီလာခံ ဆုံးဖြတ်ချက်အရ ပါတီဥက္ကဋ္ဌ ဦးသိန်းစိန်နှင့် ဦးရွှေဦးအပါအဝင် တိုင်းဒေသကြီးပြည်နယ်ဥက္ကဋ္ဌများ တာဝန်မှ နားယူသွားပြီဖြစ်ကြောင်း ကြံ့ခိုင်ရေးပါတီ ထိပ်ပိုင်းခေါင်းဆောင်များထံမှ သိရသည်။

“ပါတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ တိုင်းဒေသကြီးပြည်နယ်တွေ အကုန်အနားယူတယ်” ဟု ကြံ့ခိုင်ရေးပါတီ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးကပြောသည်။

ယင်းညီလာခံ ဆုံးဖြတ်ချက်အရ ကြံ့ခိုင်ရေးပါတီဥက္ကဋ္ဌအဖြစ် ဦးသန်းဌေး၊ ဒုတိယဥက္ကဋ္ဌ ဦးမြတ်ဟိန်း၊ ဦးသက်နိုင်ဝင်း (အထွေထွေအတွင်းရေးမှူး)၊ ဦးပိုက်ထွေး (အတွင်းရေးမှူး)၊ ဦးသန်းထွန်း (အတွင်းရေးမှူး)၊ ဦးကျော်ကျော်ဌေး (အတွင်းရေးမှူး)၊ ဦးတင်အောင်ချစ် (အတွင်းရေးမှူး)၊ ဒေါက်တာစန်းစန်းနွယ် (အတွင်းရေးမှူး)၊ ဦးခင်ရီ (စည်းကမ်းထိန်းသိမ်းရေး) နှင့် ဦးစိုးနိုင်(လုပ်ငန်းစိစစ်ရေးကော်မတီ) တို့အား တာဝန်ပေးအပ်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ ■

# ဇန်းမော်မြို့ စင်းခန်းကျေးရွာရှိ မြေယာအရေး ညှိနှိုင်းပေးမည်ဟုဆို

**ဇန်းမော်၊ ဩဂုတ် ၂၃**

ကချင်ပြည်နယ်၊ ဇန်းမော်ခရိုင်၊ ဇန်းမော်မြို့နယ်၊ စင်းခန်းကျေးရွာရှိ မြေယာအရေးနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် ဩဂုတ်လ ၂၃ရက်နေ့ နံနက်ပိုင်းက ညှိနှိုင်းပေးမည်ဖြစ်ကြောင်း ယင်းမြေယာအရေးနှင့် ပတ်သက်၍ ဆန္ဒထုတ်ဖော်မည့် ဦးဆောင်သူနှစ်ဦးကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့ကြောင်း ဦးဆောင်သူများထံမှ သိရသည်။

ကျေးရွာရှိ မြေဧက ၄၀၀ကျော် သိမ်းဆည်းခံရမှုကို ဖြေရှင်းပေးရေးနှင့် ဒေသခံ တိုင်းရင်းသားများထံမှ မြေယာသိမ်းယူမှုများအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အတွင်းရေးမှူးတို့က ဦးဆောင်ကာ ဒေသခံများဖြင့် ဆန္ဒထုတ်ဖော်ရန် စီစဉ်နေစဉ် မြို့နယ်အုပ်ချုပ်ရေးမှူးက ဦးဆောင်သူ နှစ်ဦးကို ခေါ်ယူတွေ့ဆုံရခြင်းဖြစ်သည်။

စင်းခန်းကျေးရွာအနီး ပတ်ဝန်းကျင်တွင် ဒေသခံတိုင်းရင်းသားများမှာ ကုမ္ပဏီများ ဝင်မလာခင် ကတည်းက မိရိုးဖလာတောင်ယာအလုပ်ကိုလုပ်ကိုင်စားသောက်နေသောနေရာများ ဖြစ်ခဲ့ကြောင်း၊ ယခုအခါ မြေအောက်တွင်းထွက် သယံဇာတများကြောင့် ဒေသခံများ၏ စားဝတ်နေရေးနှင့် လူမှုဘဝကို ထိခိုက်နိုင်ကြောင်း ဆန္ဒထုတ်ဖော်ရန် ဦးဆောင်လုပ်ရှားသူ ဦးတင်မောင်ဝင်း က ပြောဆိုသည်။

အဆိုပါ မြေယာအရေးနှင့်ပတ်သက်၍ ကချင်ပြည်နယ် ဝန်ကြီးချုပ်ထံ ဇွန်လ ၁၇ ရက်နေ့တွင်တိုင်ကြားထားကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးက လယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီအဖွဲ့နှင့် ဩဂုတ်လ ၂၄ရက်နေ့တွင် ကွင်းဆင်း စစ်ဆေးကာ ညှိနှိုင်းပေးမည် ဖြစ်ကြောင်း ၎င်းထံမှ သိရှိရသည်။

“ကျေးရွာထိ သွားရောက် ကွင်းဆင်းပြီး ညှိနှိုင်းဆောင်ရွက်ပေးဖို့ပါ။ ကျွန်တော်တို့ညှိနှိုင်းမှုကို လက်မခံနိုင်ဘူးဆိုရင်တော့ ရွာသားတွေရဲ့ဆန္ဒအတိုင်း ထုတ်ဖော်ချင် ထုတ်ဖော်နိုင်ပါတယ်” ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေက ပြောကြားသည်။ ■

# ဧရာဝတီတိုင်းဒေသကြီးတွင် လမ်းနှင့်တံတား ကျပ်သန်း ၂၀၀၀ ကျော်ဖိုး ပျက်စီးဆုံးရှုံး

**ပုသိမ်၊ ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၁၆ ခုနှစ် ဇူလိုင်လ နောက်ဆုံးပတ်မှ ဩဂုတ်လ တတိယပတ်အတွင်း ဧရာဝတီမြစ်၊ ငဝန်မြစ်၊ တိုးမြစ်တို့ ရေကြီးနစ်မြုပ်မှုများကြောင့် လမ်းနှင့်တံတားများ ပျက်စီးခဲ့ရာ ကျပ်သန်း ၂၁၅၅ ဒသမ ၇၃ ဖိုး ဆုံးရှုံးခဲ့ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနထံမှ သိရှိရသည်။

တိုင်းဒေသကြီး အတွင်းရှိ ပုသိမ်၊ ဟင်္သာတနှင့်မအူပင်ခရိုင်များမှလမ်း တံတားပေါင်း ၁၀၁ စင်း ပျက်စီးခဲ့သည့် အနက် ပုသိမ်ခရိုင်တွင် လမ်းပေါင်း ၆၇လမ်းဖြင့် အများဆုံး ပျက်စီးခဲ့ကြောင်း၊ ပုသိမ်၊ ဟင်္သာတ၊ မအူပင်နှင့် မြောင်းမြ ခရိုင်များမှ တံတားပေါင်း ၄၂ စင်း နစ်မြုပ်ပျက်စီးခဲ့ရာကျပ် သန်း ၁၆၇၂ ဒသမ ၂၀ ဆုံးရှုံးခဲ့ပြီး ပုသိမ်ခရိုင်တွင် တံတား ၁၅ စင်း၊ ဟင်္သာတခရိုင်တွင် တံတား ၁၄ စင်း၊ မအူပင်ခရိုင်တွင် တံတား ၈ စင်း၊ မြောင်းမြခရိုင်တွင် ၄ စင်း ပျက်စီးခဲ့ကြောင်း ယင်းဌာနထံမှ သိရသည်။

တိုင်းဒေသကြီးရှိ ခရိုင်လေးခုရှိ ၁၆ မြို့နယ်တွင် တံတားများ ပျက်စီးခဲ့ရာ အင်္ဂပူမြို့နယ်တွင် တံတား ၅စင်း ပျက်စီးဆုံးရှုံးမှု အများဆုံး ဖြစ်ခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးသန်းက ရှင်းပြသည်။

“တံတားနဲ့ လမ်းတွေက တံတားအသစ်ပြန်လုပ်ရမယ့်အခြေအနေပါ။ နဂိုလူဖြတ်ကူးတံတားကိုကားဖြတ်ကူးတံတားတွေအဖြစ်ပြန်လုပ်ရမှာကြောင့် အကုန်အကျများမယ်” ဟု ၎င်းကဆက်လက်ရှင်းပြသည်။

လမ်းများပျက်စီးသော်လည်း ဆက်သွယ်ရေးလမ်းကြောင်း အခက်အခဲသာရှိပြီးပြတ်တောက်မှု မရှိနိုင်ကြောင်း၊ တံတားပျက်စီးခြင်းမှာ ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်သဖြင့် လမ်းထက်တံတားကိုဦးစီးပေး ပြင်ဆင် တည်ဆောက်စေလိုကြောင်း လေးမျက်နှာမြို့နယ်တွင်ပျက်စီးခဲ့သော ခတ္တာပြန်းတောကြီးတံတားအနီး နင်းဂျမ်းကျေးရွာမှ ဦးထွန်းရှိန် ကအကြံပြုသည်။

ပျက်စီးသွားသော လမ်းနှင့်တံတားများကို ပြန်လည်ပြုပြင်တည်ဆောက်ရန် ကျေးလက်ဒေသဦးစီး ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်ထောင်စုငွေလုံး ငွေရင်းရန်ပုံငွေ ကျပ်သန်း ၁၉၀၀၀ အရန်သင့်ရှိနေသော်လည်း ပျက်စီးမှု ပမာဏ များပြားခြင်းကြောင့် မလုံလောက်နိုင်သဖြင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရ၏ အတည်ပြုသတ်မှတ်ပေးသော တံတားနှင့်လမ်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးသန်းထံမှ သိရှိရသည်။ ■

# ရေးမြို့နယ်ကို လျှပ်စစ်မီးဖြန့်ဝေပေးရန် ၂နှစ်ခန့် စောင့်ဆိုင်းရမည်ဟုဆို

**မော်လမြိုင်၊ ဩဂုတ် ၂၃**

မွန်ပြည်နယ်ရေးမြို့နယ်ကိုလျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ရေးအတွက် စီမံချက်များရေးဆွဲနေပြီး ဓာတ်အားလိုင်း သွယ်တန်းပြီးနောက် လျှပ်စစ်မီးရရှိနိုင်ရန် ၂နှစ်ခန့် စောင့်ဆိုင်းရမည် ဖြစ်ကြောင်း ပြည်နယ်လျှပ်စစ်စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးမင်းထင်အောင်ဟန်က ပြောကြားသည်။

ရေးမြို့နယ်ရှိ ကျေးရွာအသီးသီးတွင် ပုဂ္ဂလိက လျှပ်စစ်မီးကိုသာ အသုံးပြုနေရပြီး လျှပ်စစ်အသုံးပြုခ တစ်ယူနစ်ကို လောင်စာဆီ တစ်ပုလင်း၏ ကုန်ကျငွေနှင့် ညီမျှသော နှုန်းထားများဖြင့် လျှပ်စစ်မီးတာခ ပေးဆောင်နေရကြောင်း၊ လာမည့်နှစ်တွင် ဓာတ်အားလိုင်းတည်ဆောက်ရန်အတွက်လမ်းအုကြောင်း သတ်မှတ်ရေးနှင့် ဓာတ်အားလိုင်း ဖြတ်သန်းသည့် လမ်းတစ်လျှောက်ရှိ နစ်နာဆုံးရှုံးမည့် သစ်ပင်များအတွက် လျော်ကြေးပေးရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရေးမြို့နယ်ကို လျှပ်စစ်မီးသွယ်တန်းရေးအတွက် အစိုးရအနေနှင့် အတိုးနှုန်းနည်းသည့် ချေးငွေများကို ပြည်ပမှ ချေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။ ■

ပုံမှန်ဆက်ဆံခြင်းသည်
ရေရှည်ခင်မင်မှုအတွက်
ဦးအိုက်စန် နှင့်သား နိုင်ငံပြိုးစံ
မြန်မာပြည်မှာ ဆန်းရှိုင်း
သားရေစစ်စစ်ပစ္စည်းအရောင်းဆိုင်

# ရွေးကောက်ပွဲ အနိုင်မရ ပါတီများမှ ပင်လုံညီလာခံ တက်ရောက်မည့် ကိုယ်စားလှယ် ရွေးချယ်ပွဲ ကန့်ကွက်မှုများကြောင့် ပွဲပျက်

**ရန်ကုန်၊ ဩဂုတ် ၂၃**

ရွေးကောက်ပွဲတွင် အနိုင်မရရှိသည့် နိုင်ငံရေး ပါတီများမှ ၂၁ရာစု ပင်လုံညီလာခံ တက်ရောက်မည့် ကိုယ်စားလှယ် ရွေးချယ်သည့် အစည်းအဝေးတွင် ရွေးချယ်မည့်ပုံစံကိုမကျေနပ်၍ယင်းပါတီများက ကန့်ကွက်သောကြောင့် အစည်းအဝေးပွဲ ပျက်သွားကြောင်း အဆိုပါအစည်းအဝေးမှ သိရသည်။

အဆိုပါ အစည်းအဝေးကို ဩဂုတ်လ ၂၂ရက်နေ့တွင် ရန်ကုန်မြို့ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရုံးတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ရွေးကောက်ပွဲ အနိုင်မရသည့် နိုင်ငံရေးပါတီ ၇၀ ရှိသည့် အနက် ပါတီ ၃၀ခန့်မှ ကိုယ်စားလှယ်များသာ လာရောက်ခဲ့ပြီး ကျန်ပါတီများက အစည်းအဝေးကို တက်ရောက်ခဲ့ခြင်း မရှိကြောင်း ယင်းအစည်းအဝေးမှ သိရသည်။

တက်ရောက်လာသည့်နိုင်ငံရေး ပါတီ ၃၀ခန့်ကလည်း ယခုအစည်းအဝေးတွင် ညီလာခံ၌ နိုင်ငံရေး ပါတီ ၇၀မှ ၅ဦး ရွေးချယ်၍ နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်ရန် မဟုတ်ဘဲ ပါဝင်သင့် ပါဝင်ထိုက်သူများ အစုအဖွဲ့မှသာ ပါဝင်ဆွေးနွေးရန် စီစဉ်လာသည့်အတွက် နိုင်ငံရေးပါတီများကိုနှိမ်ချခွဲခြားသည့်အစီအစဉ်သာဖြစ်၍ ယင်းအစီအစဉ်ကို ကန့်ကွက်ကြောင်း ပူးတွဲကြေညာချက် တစ်စောင်ကိုလည်း ထုတ်ပြန်ခဲ့သည်။

NCAစာချုပ်၏အခြေခံမှုများတွင် တရားဝင် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများ ပါဝင်ခွင့်ရှိသည်ဟု အခိုင်အမာ ဆိုထားသည့်အတွက် ရွေးကောက်ပွဲမနိုင်သည့် နိုင်ငံရေးပါတီ ၇၀ မှ ၅ ဦးသာ ရွေးချယ်မည့်မှုကို အစည်းအဝေး တက်ရောက်လာသည့် ပါတီအားလုံးက လက်ခံနိုင်ခြင်းမရှိကြောင်း အမျိုးသား နိုင်ငံရေး မဟာမိတ်ပါတီ ဥက္ကဋ္ဌ ဦးသိန်းကြည်က ပြောကြားသည်။

"NCAစာချုပ်မှာ တရားဝင်နိုင်ငံရေး ပါတီတွေ ပါဝင်ခွင့် ရှိတယ်လို့ အခိုင်အမာ ဆိုထားတယ်။ အဲဒါကို အခုလို လုပ်လိုက်တော့ စာချုပ်ကို ချိုးဖောက်ရာ မကျဘူးလား" ဟု ၎င်းက ဆိုသည်။

လက်ရှိ ဖြစ်ပွားသည့် ကိစ္စရပ်နှင့်ပတ်သက် ၍ တာဝန်ယူ ရှင်းလင်းနိုင်ခြင်း မရှိကြောင်း၊ အစည်းအဝေး ရလဒ်များကို အထက်တာဝန်ရှိသူများကို တင်ပြပေးသွားမည်ဖြစ်ကြောင်း အစည်းအဝေး ဦးဆောင်ကျင်းပသည့် NRPC မှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

၂၁ရာစု ပင်လုံညီလာခံ အဖွင့်ပွဲနေ့တွင် အနိုင်မရသည့် ပါတီ ၇၀ လုံးကို တက်ခွင့်ပြုမည်ဖြစ်ပြီး ညီလာခံ အစအဆုံး တက်ရောက်ဆွေးနွေးရန် ယင်းပါတီ ၇၀မှ ကိုယ်စားလှယ်ငါးဦးသာ တက်ရောက်ခွင့် ပြုမည်ဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - ၂၁ရာစု ပင်လုံညီလာခံကို လာမည့် ဩဂုတ်လ ၃၁ရက်နေ့တွင် နေပြည်တော်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ ■

# သယံဇာတနှင့် မြေယာပိုင်ဆိုင်ခွင့်ရရှိရေး လူထုလမ်းလျှောက်လှုပ်ရှားမှု ပြုလုပ်မည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

ရခိုင်ပြည်နယ်တွင် သယံဇာတနှင့် မြေယာပိုင်ဆိုင်မှု ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရရေး အတွက် လူထုလှုပ်ရှားမှုကို နိုဝင်ဘာလ ပထမပတ်တွင် ပြုလုပ်တောင်းဆိုသွားမည်ဖြစ်ကြောင်း ရခိုင့်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကွန်ရက်ထံမှ သိရသည်။

ရခိုင့်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကွန်ရက်က ဦးဆောင်ကာ ရခိုင်ပြည်နယ် စစ်တွေမြို့မှ ရင်းနှီးမြှုပ်နှံမှုနှင့် စီမံကိန်းများ အများဆုံး တည်ရှိရာ ကျောက်ဖြူမြို့သို့ လမ်းလျှောက်၍ လူထုလှုပ်ရှားမှုတစ်ရပ်ကိုပြုလုပ်သွားမည်ဖြစ်ကြောင်း ယင်းကွန်ရက်၏ ပြောရေးဆိုခွင့်ရှိသူ ဦးထွန်းကြည်က ပြောသည်။

ရခိုင်ပြည်နယ်တွင်းရှိ မြေယာများကို ပြည်သူများအနေနှင့် ပွင့်လင်းမြင်သာစွာ စီမံခန့်ခွဲပိုင်ခွင့်ရရှိရန်နှင့် ရခိုင်လူထုအနေနှင့် လက်ရှိအစိုးရသစ်သည် ဖွဲ့စည်းပုံပါ သယံဇာတဆိုင်ရာ ဥပဒေများကိုပြောင်းလဲပေးနိုင်ရန် တောင်းဆိုမှုပြုလုပ်ရခြင်း ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

အဆိုပါကွန်ရက်သည် လက်ရှိတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တို့တွင် လူထုလှုပ်ရှားမှုအသွင် ဆန္ဒပြုလက်မှတ်သုံးသိန်းကောက်ခံကာ ကောက်ခံရရှိလာသော လက်မှတ်များကို နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတဝန်ကြီးဌာနများအပြင် ကုလသမဂ္ဂအထိပါ ပေးပို့သွားမည်ဖြစ်ကြောင်း ယင်းကွန်ရက်ထံမှ သိရသည်။

ယင်းသို့ လက်မှတ်ကောက်ခံမှုများသည် လက်ရှိတွင် နှစ်သိန်း ခြောက်သောင်းကျော်ရှိနေပြီးဖြစ်ကာ စက်တင်ဘာလအတွင်းတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ တင်ပြသွားနိုင်ရန် စီစဉ်ထားကြောင်း ဦးထွန်းကြည်က ရှင်းပြသည်။

ရခိုင့်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကွန်ရက်သည် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့မှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း ယင်းကွန်ရက်ထံမှ သိရသည်။ ■

# မြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းများ သုံးသပ်ရေး

## ကော်မရှင် အစည်းအဝေး ဩဂုတ်လ ၂၉ရက်နေ့ ထပ်မံကျင်းပမည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

ဧရာဝတီ-မြစ်ဆုံ မြစ်ညာ မြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ လေ့လာသုံးသပ်ရေး ကော်မရှင်အစည်းအဝေး ဩဂုတ်လ ၂၉ရက်နေ့၌ ထပ်မံကျင်းပမည်ဖြစ်ကြောင်း ယင်းကော်မတီဝင် အချို့ထံမှ သိရသည်။

ယင်းကော်မရှင်ကို ပြည်သူ့လွှတ်တော်ဒုဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ အစိုးရအဖွဲ့ဝင်(ဟောင်း)များ၊ အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဝင်များ စုစုပေါင်း ၂၀ ဖြင့်ဖွဲ့စည်းခဲ့ပြီး ကော်မရှင်၏ လေ့လာစိစစ်သုံးသပ်မှု ပထမဆုံး အစီရင်ခံစာကို နိုဝင်ဘာလ ၁၁ ရက်နေ့၌ နိုင်ငံတော်သမ္မတထံ တင်ပြရမည်ဖြစ်သည်။

"အသေးစိတ်တော့ ပြောလို့မရသေးဘူး။ ကော်မရှင်အစည်းအဝေးကို ဩဂုတ်လ ၂၉ ရက်နေ့မှထပ်မံကျင်းပသွားမယ်" ဟုကော်မရှင်အဖွဲ့ဝင် တစ်ဦးက ဆိုသည်။

အဆိုပါ ကော်မရှင်အဖွဲ့ဝင်များသည် ဩဂုတ်လ(၁၂ရက်၊ ၂၂ရက်၊ ၂၃ရက်)နေ့များ၌ အစည်းအဝေးကျင်းပခဲ့ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မိကွန်ချမ်းကဆိုသည်။

ကော်မရှင်သည် စီမံကိန်းကြောင့် ဧရာဝတီမြစ်၏ ရေသယံဇာတများပျက်စီးဆုံးရှုံးနိုင်မှုအခြေအနေ၊ စီမံကိန်းဆက်လက်ဆောင်ရွက်ရန် သင့်၊ မသင့်နှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအပေါ် သက်ရောက်မှုအခြေအနေနှင့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှု စသည့်အချက်များစွာကို စစ်ဆေးသုံးသပ်ရမည်ဖြစ်သည်။ ■

### စံပြဈေးရှေ့၌ ခါးကိုင်ဆက်ကြေးတောင်းနေသော ရဲဘက်ပြေးကို သေနတ်ဖြင့် ပစ်ဖမ်း

**ရန်ကုန်၊ ဩဂုတ် ၂၃**

သဃ်န်းကျွန်းမြို့နယ်၊ စံပြဈေးရှေ့တွင် ဩဂုတ်လ ၂၃ ရက် နံနက် ၄ နာရီခွဲက ငှက်ကြီးတောင်ဓားကိုင်ဆောင်ပြီး ပြန်လည်ရန်ပြုတိုက်ခိုက်နေသည့် ရဲဘက်ပြေး အမျိုးသားတစ်ဦးကို ရဲတပ်ဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

အဆိုပါဖမ်းမိသူမှာ ခြေချုပ်ဖောက်ဖျက်မှုဖြင့် မင်းကုန်း ရဲဘက်စခန်းတွင် ထောင်ဒဏ် ၂ နှစ် ကျခံနေရသော အသက် ၂၂ နှစ်အရွယ် မိုးဒီ(ခ)မျိုးမင်းအောင် ဖြစ်ပြီး ယခုနှစ် ဇွန်လက ရဲဘက်စခန်းမှ ထွက်ပြေးလာသူဖြစ်ကြောင်း သဃ်န်းကျွန်း မြို့မရဲစခန်းမှ ရဲအရာရှိက ပြောကြားသည်။

"ရဲဘက်ပြေးက ရပ်ကွက်ထဲမှာ ဓားကိုင်ပြီး မိုက်ကြေးခွဲ ဆက်ကြေးတောင်းယူနေကြောင်း ပြည်သူတစ်ဦးက ၁၉၉ ဖုန်းထံ သတင်းပေးလို့ ဖမ်းမိခဲ့တာပါ။ အသာတကြည် အဖမ်းမခံဘဲ ဓားကိုင်ရန်ပြုနေလို့ သေနတ်နဲ့ ပစ်ဖမ်းခဲ့တာ။ သူ့တင်ပါးမှာ ကျည်မှန်ဒဏ်ရာ ရသွားတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရဲဘက်ပြေးအမျိုးသားမှာ သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက်တွင် နေထိုင်သူ ဖြစ်ပြီး မူးယစ်ရမ်းကားမှု၊ ဒုစရိုက်မှု ကျူးလွန်သူများနှင့် ပေါင်းသင်း သွားလာခြင်းတို့ကြောင့် ၎င်းကို ခြေချုပ်ဖောက်ဖျက်မှု ဖြင့် ၂၀၁၃ ခုနှစ်က ထောင် ၆ လ ၊ ၂၀၁၄ ခုနှစ်က ထောင် ၁ နှစ် ပြစ်ဒဏ်များ ကျခဲ့ပြီး ၂၀၁၅ ခုနှစ်က ခြေချုပ်ဖောက်ဖျက်မှုဖြင့် ထောင် ၂ နှစ် ထပ်မံကျခဲ့ရာမှ ရဲဘက်စခန်းမှ ထွက်ပြေးလွတ်မြောက်ခဲ့သူဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။ ■



# EDITORIAL

# ဖြည့်ဆည်း မထားလျှင် ကျန်ခဲ့မည်

အပျော်သဘော ခပ်နောက်နောက် မှတ်ချက်များဖြင့် လူငယ်အချင်းချင်း မျှဝေနေသော အလုပ်ခေါ် ကြော်ငြာတစ်ခုကိုကြည့်ကာ မြန်မာနိုင်ငံ၏ အပြောင်းအလဲတစ်ရပ်ကို သတိထားမိစရာဖြစ်သွားခဲ့သည်။

အတွေ့ရများသည့် အခြား အလုပ်ခေါ်ကြော်ငြာများနည်းတူ အသက် အပိုင်းအခြား၊ ရုပ်ရည်၊ ပညာအရည်အချင်းနှင့် အင်္ဂလိပ်စကားပြော ကျွမ်းကျင်မှုဆိုသော အချက်များမှာ ထူးခြားမှုမရှိလှသော်လည်း ယင်းအလုပ်မှာ မုန့်ဟင်းခါးဆိုင်ဖြစ်နေခြင်းမှာမူ များစွာ ထူးခြားသည်။

ယင်းကြော်ငြာကို မျှဝေနေသော လူငယ်တစ်ဦးဆိုလျှင် အင်္ဂလိပ်လို မတတ်သော ၎င်းဘဝမှာ မုန့်ဟင်းခါးဆိုင်တွင်ပင် အလုပ်ဝင်၍ မရလောက်သည်အထိ နုံချာသွားကြောင်း ခပ်နောက်နောက် ရေးထားသည်ကိုတွေ့ရသည်။

စင်စစ်အားဖြင့် ထိုသို့သော ခပ်နောက်နောက် အရေးအသားနှင့် အခြေအနေမှာ မကြာမတင် ကြုံလာရမည့် အပြောင်းအလဲများအရ အတည်အတံ့ဖြစ်သွားနိုင်ကြောင်း ကြိုတင်မှန်းဆကာ သတိထားမိသူ နည်းနိုင်ပေသည်။

မြန်မာနိုင်ငံသည် မြန်နှုန်းမြင့် ပြေးနေသော အလုံပိတ်ကားတစ်စီးအတွင်းတွင် လိုက်ပါနေသူကဲ့သို့ မြန်ဆန်လွန်းသော အရှိန်နှုန်းဖြင့် အစဉ်အမြဲ ပြောင်းလဲနေသော ကမ္ဘာကြီး၏ အခြေအနေကို ကောင်းစွာမသိရှိဘဲ မတူခြားနားသည့် ကမ္ဘာငယ်တစ်ခုတွင် ရှိနေသောကြောင့် ခေတ်သစ်ကမ္ဘာကြီးနောက်တွင် အနှစ်ငါးဆယ်ခန့် ပြတ်ကျန်ရစ်ခဲ့ပေသည်။

လွတ်လပ်ရေးမရမီက ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းတစ်ခုတွင် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာကြီးနောက်တွင် ကျန်နေခဲ့သောကြောင့် သူများခြေတစ်လှမ်းလှမ်းလျှင် ဆယ်လှမ်းခန့်လှမ်းနိုင်မှ တော်ကာ ကျနိုင်ကြောင်း ထည့်သွင်းပြောဆိုသွားခဲ့သည်။

ယနေ့မြန်မာနိုင်ငံသည် ဗိုလ်ချုပ်တို့ခေတ်ထက်ပင် ကမ္ဘာကြီးနှင့် အလှမ်းပေါင်းများစွာ ပြတ်ကျန်နေခဲ့သောကြောင့် ဗိုလ်ချုပ်စကားဖြင့်ဆိုရပါက သူများ ခြေတစ်လှမ်းလှမ်းလျှင် အလှမ်းတစ်ရာခန့်လှမ်းနိုင်မှ တော်ကာကျနိုင်မည်ဟု ဆိုရမည့် အခြေအနေဖြစ်သည်။

ထို့အပြင် ယခင်ရာစုနှစ်များနှင့်မတူသော အပြောင်းအလဲအရှိန်နှုန်းများ၊ လှိုင်းများ၏ ရိုက်ခတ်မှုက ပို၍ ပြင်းထန်လာနိုင်သောကြောင့် အပြောင်းအလဲနှင့် အံဝင်ခွင်ကျဖြစ်စေရန် မိမိတို့ကိုယ်ကိုယ်နှင့် နိုင်ငံကို ပြင်ဆင်မထားပါက ဆိုးဆိုးရွားရွား အကျပ်အတည်းများနှင့် ကြုံရနိုင်ပေသည်။

အထူးသဖြင့် ပြင်ပကမ္ဘာတွင် ပုံမှန်သွားနေသော အပြောင်းအလဲများ သို့မဟုတ် နည်းပညာအသစ်အဆန်းများက ဖွံ့ဖြိုးဆဲ မြန်မာနိုင်ငံအတွင်းသို့ Leapfrog ခေါ် ဖားခုန်ခုန်၍ ရောက်လာမည်ဖြစ်သောကြောင့် ကြိုတင်ပြင်ဆင်မထားသူများ ကြီးမားသော အခက်အခဲ၊ အကျပ်အတည်းနှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။

အထူးသဖြင့် ကမ္ဘာသုံး ဘာသာစကားကဲ့သို့ဖြစ်လာသော အင်္ဂလိပ်စာကို အနိမ့်ဆုံးအဆင့် ရေလည်စွာ ပြောဆိုနိုင်ခြင်းမရှိပါက မုန့်ဟင်းခါးဆိုင်မှ စားပွဲထိုးအလုပ်ပင်ရရန် မလွယ်ကူနိုင်တော့ခြင်းကို အထက်ဆိုခဲ့ပါ ကြော်ငြာက သတိပေးနေကြောင်း မီးမောင်းထိုးပြလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၂၃ - ၈ - ၂၀၁၆ )**

## ပြည်ပလုပ်သားခေါ်ယူမည့် ထိုင်းအေဂျင်စီများ ဘတ်ငါးသန်း အာမခံကြေးထားရန် ထိုင်းအစိုးရ စီစဉ်

**ရန်ကုန်၊ ဩဂုတ် ၂၃**

ထိုင်းနိုင်ငံ၏လုပ်သားလိုအပ်ချက်အတွက် ပြည်ပအလုပ်သမားများ ရရှိရန် အလုပ်ရှာပေးသည့် ထိုင်းအေဂျင်စီများကို ဘတ်ငွေ ငါးသန်း အာမခံကြေးထားရှိရန်နှင့်အလုပ်ခေါ်မည့် ထိုင်းလုပ်ငန်းရှင်များကို ဘတ်ငွေ တစ်သန်းထားရှိရန် ထိုင်းအစိုးရက စီစဉ်နေကြောင်း ထိုင်းနိုင်ငံသို့ အလုပ်သမားစေလွှတ်နေသည့် မြန်မာပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများထံမှ စုံစမ်းသိရှိရသည်။

အဆိုပါအာမခံကြေးထားရှိမှုကို စက်တင်ဘာလတွင် စတင်သတ်မှတ်ရန် နှစ်နိုင်ငံကြားအလုပ်သမားရေးဝန်ကြီးဌာနများရှိအဆင့်မြင့်အရာရှိများ ယခုလအတွင်း ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း မြန်မာပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများထံမှ သိရသည်။

"ထိုင်းနိုင်ငံက လူခေါ်တဲ့ အလုပ်ခေါ်စာ ဖောင်းပွနေတာတွေကိုသေသေချာချာ ကြပ်မတ်ဖို့ နှစ်နိုင်ငံကြား ဆွေးနွေးခဲ့တယ်။ အခုထိုင်းဘက်က ဆပ်ကန်ထရိုက်တွေ မပေးတော့ဘူး။ နောက်ပြီး ဒီလိုမျိုးအေဂျင်စီတွေကို Deposit တင်ခိုင်းတာက အမှန်တကယ်အလုပ်လုပ်မယ့် ထိုင်းအေဂျင်စီတွေပဲ ကျန်တော့မှာပါ" ဟု မြန်မာပြည်အလုပ်အကိုင် ရှာဖွေရေးလုပ်ငန်းအဖွဲ့ချုပ် ထိုင်းနိုင်ငံ အလုပ်သမားပို့ဆောင်ရေးအဖွဲ့ခေါင်းဆောင် ဦးမြင့်ကျော်ကဆိုသည်။

ယခင်က ထိုင်းအလုပ်ရှာအေဂျင်စီများအနေနှင့် ပြည်ပအလုပ်သမားခေါ်ယူခွင့်အတွက် ဘတ်ငွေတစ်သိန်းကိုသာ အာမခံကြေးအဖြစ် ထိုင်းနိုင်ငံအစိုးရထံ ပေးသွင်းရပြီး အလုပ်ခေါ်မည့်ထိုင်းလုပ်ငန်းရှင်များမှာမူ အာမခံကြေးပေးသွင်းရန် မလိုအပ်ကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများထံမှ သိရသည်။

"အခုလို အာမခံကြေးထားရမယ်ဆိုပြီး ထိုင်းအစိုးရက စီစဉ်နေတယ်။ ဒါပေသည့် ထိုင်းလုပ်ငန်းရှင်တွေကိုလည်း ဆွေးနွေးနေတုန်းရှိသေးတယ်။ အကယ်လို့ အာမခံကြေးတွေကို ပေးရမယ်ဆိုရင် လုပ်သားခေါ်မယ့်အရေအတွက် တွေလည်း အရင်ကထက် နည်းလာနိုင်တယ်။ ပြဿနာလည်း လျော့လာမှာပါ" ဟု ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးကွန်ရက် (M.W.R.N) ဥက္ကဋ္ဌ ဦးစိန်ဌေးက ဆိုသည်။

ထိုင်းနိုင်ငံက မြန်မာလုပ်သားခေါ်ယူမှုမှာ တစ်လလျှင် ပျမ်းမျှလုပ်သားနှစ်ထောင်ခန့်ရှိပြီး တစ်နေ့ အနည်းဆုံးလုပ်ခအဖြစ် ထိုင်းဘတ်ငွေ ၃၀၀ ရရှိကာ အချိန်ပိုလုပ်ခ တစ်နာရီလျှင် ၅၆ ဘတ်ရရှိကြောင်း ထိုင်းနိုင်ငံသို့ အလုပ်သမားပို့ဆောင်ရေးအဖွဲ့ထံမှ သိရသည်။

ထိုင်းနိုင်ငံ၏ ရွှေ့ပြောင်းအလုပ်သမားဈေးကွက်တွင် မြန်မာနိုင်ငံသည် အဓိက အလုပ်သမားစေလွှတ်သည့် နိုင်ငံတစ်ခုအဖြစ်ရှိပြီး နှစ်နိုင်ငံကြားဖြစ်ပေါ်နေသော အလုပ်ရှင်၊အလုပ်သမားပြဿနာများတွင် ထိုင်းအလုပ်ရှင်နှင့် အေဂျင်စီများမှတာဝန်ယူမှု အားနည်းကြောင်း ထိုင်းနိုင်ငံသို့စေလွှတ်နေသည့် မြန်မာပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများက ဆိုသည်။ ■

The VOICE Daily CARTOON




The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Editor in Charge** -Kyaw San Min , **Senior Executive Editors** - Thiri Zaw, Aung Soe,
**Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Kyu Kyu Thin (Moe Myay), Aung Aung Tun,
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Pyae Phyo Lin , Aung Htet ,Thant Zin Oo, Khaing Soe Lin , Hein Myat Soe, Mg Man @ Myo Myint Aung.
**Reporters** - Aung Thiha Tun, Nay Zar Kyaw, Pyae Phyo Aung , Sithu Aung Myo Kyaw , Khine Cherry Tun, San San Htwe, Kyaw Soe Oo, Pwint Zin Maw Hein, Su Lay Ngone, Thet Shine Thu, Nilar Myint, Thida Swe.
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nyan Soe Win, Khin Mg Aye, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Myat Ko, Myo Aung, Slai Yaw Zin,
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too, Aung Thura.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website -** www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone –** 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines –** 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# “ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဖွင့်ပွဲတစ်ရက်ပဲ တက်ရောက်သွားမှာ ဖြစ်တယ်”

## ၂၁ ရာစုပင်လုံ အကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၂) အဖွဲ့ဝင် ဦးဇော်ဌေးနှင့် တွေ့ဆုံခြင်း

ကျော်စိုးဦး

**၂၁ ရာစု ပင်လုံညီလာခံ၌အစိုးရအဖွဲ့ လွှတ်တော်ကိုယ်စားလှယ်၊ တပ်မတော်သားကိုယ်စားလှယ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကိုယ်စားလှယ်၊ တရားဝင်နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များနှင့် အခြားပါဝင်ထိုက် ပါဝင်သင့်သူများနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ စုစုပေါင်း ၇၀၀ ခန့် တက်ရောက်သွားမည်ဖြစ်သည်။ အဆိုပါညီလာခံတွင် ပါဝင်သင့် ပါဝင်ထိုက်သူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များအား ရွေးချယ်ဖိတ်ကြားမှုများနှင့် သံတမန်များအား တက်ရောက်ခွင့် ရှိ၊ မရှိ စသည်တို့ကို နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေး ( ၂၁ ရာစု ပင်လုံအကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၂) အဖွဲ့ဝင်) အား ဆက်သွယ်မေးမြန်းခဲ့သည်များမှ ကောက်နုတ်ဖော်ပြပါသည်။**

**Voice : ၂၁ ရာစု ပင်လုံညီလာခံမှ ကုလသမဂ္ဂ အတွင်းရေးမှူး ဘန်ကီမွန်း တက်မယ်ဆိုတော့ သူက ညီလာခံမှာ ဘယ်နရက်တက်ခွင့်ရမှာလဲ ဆရာ။**

**UZH :** ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဖွင့်ပွဲ တစ်ရက်ပဲ တက်ရောက်သွားမှာ ဖြစ်တယ်။

**Voice : ညီလာခံမှာ ပြည်တွင်းပြည်ပ သံတမန်တွေကို ဖိတ်ကြားမှာလား။ သံတမန်တွေက ဘယ်လို အခန်းကဏ္ဍတွေမှာ ပါဝင်ခွင့်ရမှာလဲ။**

**UZH :** ကျွန်တော်တို့က ဖွင့်ပွဲရယ်၊ ညီလာခံရယ်၊ ညစာ စားပွဲရယ် ဖိတ်မှာ။ ဖွင့်ပွဲကို မြန်မာနိုင်ငံမှာရှိတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ မြန်မာနိုင်ငံနဲ့ အဆက်အသွယ်ရှိတဲ့ သံရုံးတွေ၊ နောက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး ကူညီဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေ ဖိတ်ကြားမယ်။ ဖွင့်ပွဲနဲ့ ညစာစားပွဲကို ဖိတ်တာ ဖြစ်တယ်။

**Voice : ညီလာခံမှာရော အဲဒီပုဂ္ဂိုလ်တွေက တက်ရောက်ခွင့်ရရှိမှာလားခင်ဗျ။**

**UZH :** ညီလာခံကတော့ ကျွန်တော်တို့က ကိုယ့်အထဲက သူတွေပဲ ဆွေးနွေးမှာ။ တက်ရောက်ခွင့် မရှိဘူး။

**Voice : နောက်တစ်ခုအနေနဲ့ပေါ့ တိုင်းရင်းသားကိုယ်စားလှယ် ၅၀ မှာ ဘယ်လိုရွေးချယ်ဖိတ်ကြားမှာလဲ။**

**UZH:** အစိုးရက ၁၆ ဦး၊ တိုင်းရင်းသားခေါင်းဆောင် ဖိတ်ကြားသင့်တဲ့သူတွေကို သတ်မှတ်ထားတာက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ မပတ်သက်ရဘူး။ နိုင်ငံရေးပါတီတွေနဲ့ မပတ်သက် ရဘူး။ နောက် တိုင်းရင်းသားရေးရာစာပေ၊ ယဉ်ကျေးမှု ကိစ္စရပ်တွေကို ဆောင်ရွက်နေတဲ့သူတွေ ဖြစ်ရမယ်။ အဲလို တိုင်းရင်းသားခေါင်းဆောင်တွေကို အစိုးရဘက်က ၁၆ ဦး ဖိတ်နိုင်တယ်။ တိုင်းရင်းသား လက်နက်ကိုင်တွေဘက်က အဲလိုလူတွေကို ၁၆ ဦး ဖိတ်နိုင်တယ်။ နိုင်ငံရေးပါတီတွေဘက်က ၁၆ ဦး ဖိတ်နိုင်တယ်။ နှစ်ယောက်ကတော့ အရင်က နိုင်ငံတော်သမ္မတပေါ့။ အခုကတော့ နိုင်ငံတော်အတိုင်ပင်ခံပေါ့။ သူက နှစ်ဦးဖိတ်ရမယ်။

**Voice : ပါဝင်သင့်ပါဝင်ထိုက်သူ ၅၀ က ဘယ်လို သူတွေက ဖိတ်ကြားခြင်းခံရမှာလဲဆိုတာ သိလိုပါတယ်။**

**UZH :** ပါဝင်သင့်ပါဝင်ထိုက်သူ ၅၀ ဦးကကျတော့ ရွေးကောက်ပွဲအနိုင်မရတဲ့ ပါတီတွေကထဲက ကိုယ်စားလှယ် ၅ ဦးဖြစ်တယ်။ (၁၅+၁၅+၁၅)ပေါ့။ စုစုပေါင်း ၄၅ ယောက်ကျန်မယ်။ အဲ့ဒီမှာအစိုးရက ၁၅ ယောက်၊ တိုင်းရင်းသားလက်နက်ကိုင်က ၁၅ ယောက်။ နိုင်ငံရေး ပါတီတွေက ၁၅ ယောက်ဖိတ်မယ်။

**Voice : ပါဝင်သင့်ပါဝင်ထိုက်သူဆိုတာ ဘယ်လို ပုဂ္ဂိုလ်ကို ဘာကိုဆိုလိုတာလဲ ဆရာဦးဇော်ဌေး။**

**UZH :** ပါဝင်သင့်ပါဝင်ထိုက်သူဆိုတာ အသိပညာရှင် အတတ်ပညာရှင်ကို ဆိုလိုတာ ဖြစ်တယ်။

**Voice** အခုလို ဖြေကြားပေးတဲ့အတွက်ကို ကျေးဇူးတင်ပါတယ်။ ■



Photo - Zaw Htay Page

**စာ - 3 “ငရဲဘုံနှင့် တူနေဆဲဖြစ်သော အကျဉ်းစခန်းများမှအဆက်**

ဦးအောင်စိုးက အကျဉ်းသားအချင်းချင်း အုပ်ချုပ်သည့် တုတ်ကိုင်ရာထူးရရှိရန် သိန်းနှင့်ချီ လာဘ်ထိုးရသည်ဟု ပြောပြသည်။

“ရိုက်မှ အကျဉ်းသားတွေက အမြဲကြောက်နေပြီး ဝန်ထမ်းတွေကို ပိုက်ဆံပေးမယ်၊ ပစ္စည်းပေးမယ်၊ ဒီဝန်ထမ်းတွေ ရေချိုးရင် ဆပ်ပြာတိုက်ပေးမယ်၊ သူတို့ကို နှိပ်နယ်ပေးမယ်၊ နည်းမျိုးစုံနဲ့ ကျွန်ခံပေးမယ်။ ဒါ့ကြောင့် ရိုက်တာ” ဟု ဦးအောင်စိုးက ဆိုသည်။

ဦးအောင်စိုး အကျဉ်းစခန်းတွင် အရိုက်မခံရစေရန် ကျင့်သုံးခဲ့သောနည်းလမ်းမှာ အခြားအကျဉ်းသားတို့နှင့် မတူပေ။ ၂၀၁၃ ခုနှစ်က ဟိုခိုသို့ ရောက်သည်နှင့် အကျဉ်းသားသစ်များကို ရိုက်နှက်ပြီး ကြိုဆိုစဉ် ဦးအောင်စိုးက သူ့အား ရိုက်နှက်ပါက အသက်နှင့်ရင်းပြီး ပြန်လည်တိုက်ခိုက်မည်ဟု ပြောဆိုခဲ့သည်။

ထောင်သက် ၁၇ နှစ်၊ တုတ်ခိုင်သောသူ၏ ခန္ဓာကိုယ်၊ စူးရှသော မျက်လုံးအစုံ၊ တင်းမာသော သူ၏ မေးကြောတို့က သူ၏ခြိမ်းခြောက်မှုကို အထောက်အပံ့ပေးခဲ့သည်။ ရိုက်နှက်ခြင်းမခံရသော်လည်း သူလည်း အလုပ်ကြမ်း လုပ်ရသည်။

အကျဉ်းစခန်းမှ လွတ်မြောက်ပြီး မကြာမီတွင် ‘အုတ်ရိုးအတွင်း သံဆူးကြိုးဝင်းမှ လူဆိုးများ’ ဟူသောစာအုပ်ကို အင်းစိန်အောင်စိုး ကလောင်အမည်ဖြင့် ရေးသားထုတ်ဝေလိုက်သည်။ လူဆိုးများ ထက်ဆိုးသောသူတို့မှာ အကျဉ်းဦးစီးဝန်ထမ်းများဖြစ်ကြောင်း ထိုစာအုပ်တွင် နိဒါန်းချီထားသည်။ အကျဉ်းသားများ ကြံခုတ်ပြီး ကြံဖတ်ခွာစဉ် ရိုက်နှက်ခံရသည်ဟု ဆိုသည်။

“တစ်နေ့ကုန် မကြာခဏရိုက်တယ်။ ထောင်မှူး၊ ဝန်ထမ်းအကျပ်တွေက သူတို့ရှေ့မှာ ရိုက်နေတာကို တစ်ခွန်းမှ ဝင်မပြောဘူး။ “တစ်ယောက်မကျန် အကုန်ရိုက်တယ်။ ကျွန်တော့်ကိုသာ မရိုက်တာပါ” ဟု သူက ထိုစာအုပ်တွင် ရေးသားထားသည်။

မကြာသေးမီက သူနေထိုင်ရာ ရန်ကုန်၊ အင်းစိန်မြို့နယ်တွင် Myanmar Now နှင့် တွေ့ဆုံစဉ် ကြံစည်းများ ထမ်းပိုးခဲ့ရပုံကို ပြန်ပြောပြပြီး ‘ကျွန်တော် အခုကြံပင်ကိုတွေ့ရင် သိပ်မုန်းတယ်’ ဟု ဦးအောင်စိုးက ဆိုသည်။

၂၀၁၄ ခုနှစ်က နောင်ချိုရှိအကျဉ်းစခန်းများကို အဓိကကွပ်ကဲခဲ့သူ ဦးဌေးလွင်ထွန်းက ကောင်းမူ စခန်း ရိုက်နှက်မှုများနှင့်ပတ်သက်၍ တာဝန်ရှိသူ ထောင်မှူးကြီး ဦးဇော်မြင့်ဦးကို သတိပေးခဲ့ပြီးဖြစ်သည်ဟုဆိုသည်။

“ဒါက လူသေလောက်တဲ့ကိစ္စလည်း မဟုတ်ဘူး၊ သာမန်ပဲဆိုတော့ နှုတ်နဲ့ပဲ သတိပေးခဲ့တယ်။ တခြား အရေးယူတာမျိုးတော့မရှိဘူး” ဟု မန္တလေးမြို့ ထုံးဘိုကျောက်ထုတ်စခန်း (အမျိုးသား) တွင် တာဝန်ကျနေသော လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးလွင်ထွန်းက ပြောသည်။

စည်းကမ်းဘောင်အတွင်း နေထိုင်သူကိုသတ်မှတ် ကာလမတိုင်ခင် လျှော့ရက်ပေးပြီး ပြန်လွှတ်လေ့ ရှိရာ စည်းကမ်းတစ်ခုခုဖောက်မိသော အကျဉ်းသားက လျှော့ရက် မရမည်ကို စိုးရိမ်ပြီး အရိုက်ခံရခြင်းကို သာလိုလားသည့် အခြေအနေမျိုးလည်း ရှိတတ်သည်ဟု သူက ဆိုသည်။

Myanmar Now က သွားရောက်လေ့လာခဲ့သည့် အကျဉ်းစခန်းများအနက် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်ရှိ ရာဇဂြိုဟ် အမှတ် ၂ သည် အဖိနှိပ်ဆုံးစခန်းများတွင် ပါဝင်သည်။ ထိုစခန်းတွင် အကျဉ်းကျခဲ့သူ ကိုထန်းသည် ဘုတ်ကိုင်ခေါ် တုတ်ကိုင်ရာထူး ရရန် ငွေလမ်းခင်း ကြိုးပမ်းပြီးနောက် ဘဝတူ အကျဉ်းသားများကို ကိုင်တွယ်အုပ်ချုပ်ရသူတစ်ဦး ဖြစ်လာသည်။

“ကျွန်တော်က မမောင်းရင်ကျွန်တော့်ကိုအထက် အရာရှိတွေက ဖိအားပေးတယ်။ မင်းတို့ကောင်တွေ ဒီနေ့ဘာလို့ ဒီလောက်ပဲပြီးတာလဲလို့ ကျွန်တော့်ကို ပြောတော့ ကျွန်တော်ကလည်း ကျွန်တော့်အောက်က လူတွေကို ဖိရတာပေါ့” ဟု ယမန်နှစ် ဩဂုတ်လတွင် လွတ်မြောက်လာသော ကိုထန်းက Myanmar Now ကို ပြောပြသည်။

**ရောင်းစားခံရသော လုပ်အား**

ကုလသမဂ္ဂက ၁၉၅၅ တွင်ချမှတ်ထားသော ‘အကျဉ်းသားများဆက်ဆံရာတွင် အနိမ့်ဆုံး ထားရှိရမည့် စည်းမျဉ်း၊ စည်းကမ်းများတွင် အကျဉ်းသားတို့ကိုအန္တရာယ်သဘောဆောင်သည့် ခိုင်းစေမှု မပြုရ၊ လုပ်ငန်းတစ်ခုခုမှ စီးပွားရေးအကျိုးအမြတ်ရရန် ရည်ရွယ်၍ ခိုင်းစေခြင်းမပြုရဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားသော အဓမ္မခိုင်းစေမှုဆိုင်ရာ ကုလသမဂ္ဂပဋိညာဉ် အခန်း ၂ တွင်လည်း တရားရုံးက ပြစ်ဒဏ် ချမှတ်လိုက်သူသည် ပုဂ္ဂလိက ကုမ္ပဏီ၊ အသင်းအဖွဲ့များ၏ အသုံးချခံ မဖြစ်စေရဟု ပြဋ္ဌာန်းထားသည်။

Myanmar Now က သွားရောက်လေ့လာခဲ့သော မွန်၊ ရှမ်း၊ မန္တလေး၊ စစ်ကိုင်း စသည့် ဒေသများရှိ အကျဉ်းစခန်းအချို့တွင် ထောင်အာဏာပိုင်တို့က အကျဉ်းသားများ၏ လုပ်အားကို ပုဂ္ဂလိကအလုပ်များတွင် အသုံးချလျက်ရှိသည်။

နောင်ချို၊ ကောင်းမူစခန်းမှ လွတ်လာသော ကိုဇေယျာလင်းက ငွေရည်ပုလဲကုမ္ပဏီပိုင် ကြံစိုက်ခင်း၊ စခန်းတစ်ဝိုက်ရှိ ရွာသားတို့၏ စပါးခင်း၊ ပြောင်းခင်းများတွင် သွားရောက်လုပ်ကိုင်ခဲ့ရကြောင်း ပြောသည်။

“ကျွန်တော့်ရှေ့မှာတင် ထောင်မှူးကို လုပ်ငန်းရှင်တွေက အကျဉ်းသား ၁၀၀ ကို တစ်နေ့ (လုပ်အားခ တစ်ယောက်) ၃,၀၀၀ နဲ့တွက်ပြီး ပိုက်ဆံရှင်းတာတွေ့တယ်၊ ကျွန်တော်တို့အကျဉ်းသားကတော့ ဘာမှ မရဘူး” ဟု သူက ဆိုသည်။

အကျဉ်းဦးစီးဌာနတွင် ၂၀၀၄ မှ ၂၀၁၂ အထိ ညွှန်ကြားရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် တစ်ဦးဖြစ်သူ ဦးဇော်ဝင်းက ငွေရည်ပုလဲနှင့် အကျဉ်းဦးစီးဌာနတို့ ကြံစိုက်ခင်း ဧက ၈၀၀ ခန့် နောင်ချိုတွင် လုပ်ကိုင်ရန် စာချုပ်ချုပ်ထားခဲ့ကြောင်း ပြောပြသည်။ ဌာနကမြေနှင့် အကျဉ်းသားလုပ်အားထည့်ဝင်ပြီး ကုမ္ပဏီက မျိုးစေ့၊ မြေသြဇာ ထည့်ဝင်ကြောင်း သူက ဆိုသည်။

“ကျွန်တော်တို့ ရိတ်သိမ်းပေးပြီး၊ သူတို့က သူတို့ကားနဲ့လာတင်တာရှိသလို၊ ကျွန်တော်တို့ကားနဲ့ သွားတင်ပြီး သူတို့သကြားစက်ကို သွားပို့လို့ရတော့ ဈေးကွက်အတွက်လည်း ပူစရာမရှိတော့ဘူး။ ဒီလို အကျိုးတူ ဖက်စပ်လုပ်ကိုင်ခွင့်ရှိတာ ဒါကျွန်တော့်၊ လက်ထက်မှာ အကြီးမားဆုံးပဲ” ဟု သူက ရှင်းပြသည်။

နောင်ချို အကျဉ်းစခန်းများကို ကွပ်ကဲခဲ့သူ ဦးဌေးလွင်ထွန်းက အကျဉ်းသားများ၊ ဝန်ထမ်းများ၏ စားဝတ်နေရေးအတွက် စခန်းတာဝန်ခံတို့က အဆင်ပြေသလိုရှာဖွေရကြောင်း၊ အကျိုးအမြတ်ကို မျှမျှတတ ခွဲဝေသုံးစွဲလျှင် တိုင်တန်းမှု ရှိမည်မဟုတ်ကြောင်း ပြောပြသည်။

နောင်ချို အကျဉ်းစခန်းများတွင် ဖြစ်ပေါ်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများမှာ အကျဉ်းစခန်းအများစုတွင်လည်း ဖြစ်ပျက်နေသည်။ ထိုကဲ့သို့ ပုဂ္ဂလိကအလုပ်များတွင် သွားရောက်လုပ်ကိုင်ရသည်ကို ထောင်အာဏာပိုင်များက လုပ်အားပေးဟု အမည်တပ်ကြောင်း အကျဉ်းသားများ၊ ပြန်လွတ်လာသူများက အတည်ပြုသည်။

ရာဇဂြိုဟ် ၂ အနီးရှိ ရာဇဂြိုဟ်ရွာ အုပ်ချုပ်ရေးမှူး ကိုချောအောင်ကလည်း ရွာသားတို့က ထောင်အာဏာပိုင်တို့ကို အခကြေးငွေပေးပြီး အကျဉ်းသားတို့၏လုပ်အား ရယူကြောင်း ပြောသည်။

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ မုပ္ပလင် ကျောက်ထုတ်စခန်းမှ ရာနှင့်ချီသောအကျဉ်းသားများသည် ပုဂ္ဂလိကပိုင် စပါးခင်း၊ ရော်ဘာခြံများတွင် လုပ်ကိုင်ရကြောင်း ဒေသခံတစ်ဦးဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် ဦးရွှေထွန်းက Myanmar Now ကို ပြောသည်။ ဇူလိုင် ၃၀ ရက်နေ့က အရပ်ဝတ် အကျဉ်းသား ၅၀ ခန့် သူ့အိမ်အနီးရှိ ပုဂ္ဂလိက လယ်ကွင်းတွင် အလုပ်လုပ်နေရသည်ကို တွေ့ရှိကြောင်း သူက ဆက်ပြောသည်။

“အကျဉ်းသားတွေကို အပြင်မှာတရားဝင်ခိုင်းခွင့်မရှိတာလည်းတစ်ကြောင်း၊ လုပ်ရတာကလည်း မုပ္ပလင်မြို့အဝင် လမ်းမကြီးဘေးမှာ ဆိုတာကလည်း တစ်ကြောင်းမို့ အကျဉ်းသားဝတ်စုံပြာတွေနဲ့ဆိုရင် အများအမြင်မှာ မကောင်းဘူးထင်တယ်၊ ဒါ့ကြောင့်မို့လို့ အကျဉ်းသားတွေကို အရပ်ဝတ်နဲ့ခိုင်းတာ” ဟု သူက မှတ်ချက်ပြုသည်။

စခန်းတာဝန်ခံများ အလွယ်တကူချမ်းသာလာကြောင်း သူက ဆက်ပြောသည်။ “ထောင်ပိုင်တွေ ဒီကိုရောက်လာပြီး ၁ နှစ်မပြည့်ဘူး၊ အိမ်တွေ၊ ခြံတွေ အကုန်ပိုင်ဆိုင်သွားတာပဲ” ဟု သူက ဆိုသည်။

အကျဉ်းဦးစီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးကို အကျဉ်းစခန်းများ၏ ဆိုးဝါးသော အခြေအနေများအကြောင်း မေးမြန်းရာသူက အသေးစိတ် ရှင်းလင်းခြင်း မရှိသော်လည်း တိုးတက်ဖြစ်ထွန်းမှုများ ရှိသည်ဟု ဆိုသည်။

“ဒါတွေက ရှိကောင်းရှိနိုင်ပါတယ်။ ယခင်ကလောက်တော့ မဆိုးတော့ပါဘူး” ဟု ဦးမင်းထွန်းစိုးက ဆိုသည်။

နိုင်ငံတကာ အလုပ်သမားအဖွဲ့ (ILO) ၏ မြန်မာနိုင်ငံရုံးတာဝန်ခံ Piyamal Pichaiwongse က အကျဉ်းစခန်းများရှိ အလုပ်သည် ပုဂ္ဂလိကကုမ္ပဏီတို့၏အကျိုးစီးပွားနှင့် ဆက်စပ်နေပါက ကုလသမဂ္ဂ အဓမ္မခိုင်းစေမှုပဋိညာဉ်အရ အဓမ္မခိုင်းစေမှုမြောက်ကြောင်း ပြောသည်။

“အကျဉ်းသားတွေကိုခိုင်းစေတဲ့ အလုပ်ဆိုတာ ထောင်ရဲ့ဘောင်ထဲမှာပါပြီး၊ ထောင်ရဲ့အကောင်းဆုံးသော အကျိုးစီးပွားကိုသာ ဦးတည်ရမှာဖြစ်ပါတယ်။ ဥပမာ ထောင်ထဲမှာ အကျဉ်းသားတွေ ထင်းခွဲမယ်၊ ထမင်းဟင်း ချက်မယ်၊ အခန်းတွေကို သန့်ရှင်းရေးလုပ်မယ်၊ ဒါဆိုရင်တော့ အဓမ္မခိုင်းစေတာ မမြောက်ဘူးပေါ့” ဟု ILO အရာရှိက ဆိုသည်။

သူကိုယ်တိုင် မန္တလေးမြို့အနီး ရထားခရီးစဉ်တစ်ခုတွင်အကျဉ်းဦးစီး အလုပ်စခန်းတစ်ခုမှ အကျဉ်းသားများကို လှမ်းတွေ့ဖူးကြောင်း ပြောသည်။

“ကျွန်မ အကျဉ်းသားတွေကို လှမ်းမြင်လိုက်တော့ အို ဘယ်လိုပြောရမလဲ၊ သူတို့က ကျွန်တွေနဲ့ တူလိုက်တာ။ ဒါပေမဲ့ ဒီကိစ္စကို ဘယ်သူမှ ကျွန်မတို့ဆီ လာမတိုင်ကြဘူး” ဟု သူက ပြောပြသည်။

■ **ဆွေဝင်း (Myanmar Now)**




ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ လှည်းကူးမြို့နယ် စခမ်းကြီးကျေးရွာတွင် အဆိုပါကျူးကျော်များနေထိုင်ခဲ့သည်မှာ တစ်နှစ်ကျော်ပြီဖြစ်သည်ဟုဆိုသည်

# လှည်းကူးရှိ ကျူးကျော်များ စက်တင်ဘာ ၅ ရက် နောက်ဆုံး ဖယ်ရမည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၊ စခမ်းကြီးကျေးရွာရှိ ကျူးကျော်များ စက်တင်ဘာလ ၅ ရက်နောက်ဆုံးထား ဖယ်ရှားရမည်ဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးယုခိုင် က ပြောကြားသည်။

ရန်ကုန်-မန္တလေးအမြန်လမ်း ၃ မိုင် ၂ဖာလုံအနီးတွင် ကျူးကျော်နေထိုင်သူများ နောက်ဆုံးထားဖယ်ရှားပေးရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ညွှန်ကြားချက်စာကို ဩဂုတ်လ ၂၃ ရက်တွင် ပေးပို့သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"သူတို့တွေကို နှစ်ပတ် အချိန်ပေးထားပါတယ်။ ရှေ့လ ၅ရက် နောက်ဆုံးထားပြီး သူတို့ကိုယ်ပိုင်ပစ္စည်းတွေ ဖယ်ရှားပေးဖို့ စာပို့ပေးပါမယ်"ဟု ဦးယုခိုင်က ဩဂုတ်လ ၂၂ ရက်က ဆိုသည်။

စခမ်းကြီးကျေးရွာအုပ်စုရှိမြေ ၁၄၅၃ ဒသမ ၇၂ ဧကပေါ်တွင် နေထိုင်သည့် ကျူးကျော်များ ဖယ်ရှားပေးရန် ဩဂုတ် ၂၁ ရက်က လှည်းကူးမြို့နယ်၊ ကျွန်းကလေး ကျေးရွာ စိုက်ပျိုးရေးရှင်းလင်းဆောင်တွင် ကျူးကျော်များနှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲခဲ့သည်။

အဆိုပါကျေးရွာအုပ်စုတွင် နိုင်ငံပိုင်မြေပေါ် ဆောက်လုပ်ထားသည့်ကျူးကျော်တဲ ၂၂၃၃လုံးရှိပြီး ယင်းမြေပေါ်တွင် မဟာမိတ်ကြယ်များအုပ်စုကုမ္ပဏီက နိုင်ငံတော်နှင့်အကျိုးတူ ပူးပေါင်း၍ တန်ဖိုးနည်းအိမ်ရာစီမံကိန်းအပါအဝင် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်၊ ကျောင်း၊ ဆေးရုံ၊ ဂေါက်ကွင်းနှင့် ဈေးများ ဆောက်လုပ်ရန် လျာထားခြင်းကြောင့် ဖယ်ရှားခြင်းဖြစ်ကြောင်း ကျူးကျော်များနှင့်တွေ့ဆုံဆွေးနွေးပွဲတွင် ဦးယုခိုင်က ပြောကြားခဲ့သည်။

မဟာမိတ်ကြယ်များ အုပ်စုကုမ္ပဏီမှာ ယခင်အစိုးရလက်ထက်ကတည်းက စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရန် မြေငှားရမ်းခဲ့ပြီး ယခုအစိုးရလက်ထက်တွင် အစိုးရနှင့်အကျိုးတူ ပူးပေါင်းကာ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထံမှ သိရှိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ လှည်းကူးမြို့နယ် စခမ်းကြီးကျေးရွာတွင် အဆိုပါ ကျူးကျော်များနေထိုင်ခဲ့သည်မှာ တစ်နှစ်ကျော်ပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနထံမှသိရှိရသည်။ ■

# အလုပ်သမားရေးဆောင်ရွက်ရန် Call Centre ကို မလေးရှားနိုင်ငံတွင် ဖွင့်မည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

မလေးရှားနိုင်ငံရှိ ရွှေ့ပြောင်းမြန်မာ အလုပ်သမားများ၏အရေးကိစ္စရပ်များနှင့် အခက်အခဲများကို သက်ဆိုင်ရာ သံရုံးများနှင့် အလုပ်ရှင်၊ အလုပ်သမားများကြား ဆွေးနွေးဆောင်ရွက်ပေးနိုင်ရန် အလုပ်သမားဆိုင်ရာ Call Centre ကို မလေးရှားနိုင်ငံကွာလာလမ်ပူမြို့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း မြန်မာပြည်ပ အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်း အဖွဲ့ချုပ် (MOEAF) ထံမှ သိရသည်။

"မလေးရှားမှာက ရွှေ့ပြောင်းမြန်မာအလုပ်သမားရေးပြဿနာကိစ္စတွေမှာ အလုပ်သမားတွေရဲ့ ရပိုင်ခွင့်တွေကို တိတိကျကျသိအောင်၊ ပြဿနာဖြစ်ရင် ဖြေရှင်းရမယ့်နည်းတွေကို ဆွေးနွေးအကြံပြုဖို့ ကောလ်စင်တာကို ဖွင့်တာ"ဟု အဆိုပါအဖွဲ့ချုပ်အောက်ရှိ မလေးရှားနိုင်ငံသို့ လုပ်သားပို့ဆောင်ရေးလုပ်ငန်း ကော်မတီ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ရွှေ့ပြောင်းမြန်မာလုပ်သားများအတွက် အလုပ်သမားအရေးဆောင်ရွက်ရန် Call Centre ကို စက်တင်ဘာတွင် ဖွင့်လှစ်ရန် နှစ်နိုင်ငံကြားဌာနဆိုင်ရာများ၏သဘောတူညီချက်ရရှိပြီဖြစ်ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားပြဿနာများ ဖြေရှင်းရာတွင် ဆုံးဖြတ်ချက် မှားယွင်းမှုမရှိစေရန် ပညာပေးဆွေးနွေးမှုများကို အခမဲ့လုပ်ဆောင်မည်ဖြစ်ကြောင်း အဆိုပါအဖွဲ့ချုပ်ထံမှ သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံသို့လစဉ်ပျမ်းမျှတရားဝင်လုပ်သား သုံးထောင်ကျော်ပို့ဆောင်နေရပြီး မလေးရှားနိုင်ငံတွင် မြန်မာအလုပ်သမားမှာ ပြဿနာဖြစ်ပွားမှု များပြားလျက်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနထံမှ သိရသည်။

"မလေးမှာ ကောလ်စင်တာ ဖွင့်ပေးလိုက်တော့ ပြဿနာဖြစ်ပွားမှု နည်းသွားမယ်။ အလုပ်သမားတွေရဲ့ ရပိုင်ခွင့်တွေကိုသိရှိလာမှုများလာမယ်။ အဲ့တော့ ပြဿနာဖြစ်လာရင်လည်း ဘယ်လိုနည်းနဲ့ တောင်းရင် မိမိရပိုင်ခွင့်တွေကို မဆုံးရှုံးဘူးဆိုတဲ့ အလုပ်သမားတွေအတွက် အကျိုးရလဒ်တွေဖြစ်မှာပါ"ဟု (MOEAF)မှ အလုပ်အမှုဆောင် ကော်မတီဝင် တစ်ဦးကဆိုသည်။

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ကိုင်ရာ၌ အနည်းဆုံးတစ်လလုပ်ခအနေနှင့် ရင်းဂစ်ငွေ ကိုးရာကျော်ရရှိပြီး အလုပ်လုပ်ကိုင်ခွင့်သက်တမ်းကို ၂ နှစ် ခွင့်ပြုထားသည်။

ရွှေ့ပြောင်းအလုပ်သမားများနှင့် အလုပ်ရှာအေဂျင်စီများအကြား ဖြစ်ပွားလေ့ရှိသော ပြဿနာများမှာ အလုပ်လုပ်ကိုင်ရသောနေရာများ ကွဲလွဲမှုရှိခြင်း၊ လုပ်ခလစာရရှိမှု မညီမျှခြင်းနှင့် ပေးဆောင်ရသောဝန်ဆောင်ခနှုန်းထားများ ကွာဟမှုရှိခြင်းတို့ဖြစ်သည်။ ■

# ရေဘေးသင့်ဒေသရှိ ကျွဲ၊ နွားတိရစ္ဆာန်များအတွက် အစာတန်ချိန် ၅၀ FOUR PAWS အဖွဲ့ထောက်ပံ့

**ရန်ကုန်၊ ဩဂုတ် ၂၃**

နိုင်ငံတကာ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်း FOUR PAWS က ရေဘေးဒဏ်ခံခဲ့ရသည့် ကျွဲ၊ နွားနှင့် အခြားအိမ်မွေးတိရစ္ဆာန်များအတွက် အစားအစာတန်ချိန် ၅၀ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း အဆိုပါအဖွဲ့က သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံတစ်ဝန်း အဆိုးရွားဆုံးရေကြီးရေလျှံမှုကိုကြုံတွေ့ခဲ့ရသည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လယ်ယာလုပ်ငန်းအတွက် နွားများကိုထောက်ပံ့ခြင်းနှင့် ဆေးကုသခြင်းတို့ ဆောင်ရွက်ခဲ့ပြီး တိရစ္ဆာန်အစာတန်ချိန် ၅၀ ကို ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ ယင်းအစာတန်ချိန် ၅၀ သည် တိရစ္ဆာန်ကောင်ရေ တစ်သောင်းအတွက် အစာအထောက်အပံ့ဖြစ်စေကြောင်း FOUR PAWS ထံမှသိရသည်။

"ရေနစ်မြုပ်နေတဲ့ အချိန်မှာ တိရစ္ဆာန်တွေအတွက် အစားအစာလိုအပ်ချက်ရှိနေတယ်။ အထောက်အပံ့တွေရှိပေမယ့် နည်းနေသေးတယ်။ ဒါ့အပြင် တကယ်လိုအပ်ချက်ရှိတဲ့ နေရာတွေရောက်ဖို့ကလည်း အဓိကစိန်ခေါ်မှုဖြစ်နေတဲ့အပြင် ဒေသခံအများစုရဲ့ စားဝတ်နေရေးက သူတို့ရဲ့ တိရစ္ဆာန်တွေအပေါ် မှီခိုနေရတဲ့အတွက် အရေးကြီးတယ်" ဟု အဆိုပါအဖွဲ့ ဒါရိုက်တာ Mr. Jackson Zee က ဆိုသည်။

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် စက်တင်ဘာလအတွင်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့ပြီးနောက် လူပေါင်း ၁ ဒသမ ၆ သန်းခန့် နေရာရွှေ့ပြောင်းခဲ့ရပြီး ၁၃၂ ဦးသေဆုံးခဲ့ရကြောင်း၊ စုစုပေါင်းဆုံးရှုံးမှုတန်ဖိုးမှာလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ GDP ၏ ၃ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိကြောင်း ကမ္ဘာ့ဘဏ်၏ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုသဘာဝဘေးအလွန်ကာလ လေ့လာဆန်းစစ်ချက် အစီရင်ခံစာအရ သိရသည်။ ■

# BRT Lite လမ်းကြောင်း (၃) ယနေ့ ပြေးမည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

ယာယီမှတ်တိုင်များကို ပြန်လည်ပြင်ဆင်ပြီးဖြစ်၍ ရန်ကုန်ဘတ်စ်ကားအများပိုင် ကုမ္ပဏီလီမိတက်မှ BRT Lite ယာဉ် လမ်းကြောင်း ၃ ကို ယနေ့(ဩဂုတ်လ ၂၄ ရက်)တွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

"မနက် ၇ နာရီ ထောက်ကြန့်မှာ ဖွင့်ပွဲလုပ်မယ်။ တိုင်းဝန်ကြီးချုပ်လိုက်စီးဖို့များတယ်။ သေချာတော့ မပြောနိုင်သေးဘူး"ဟု YBPC တာဝန်ရှိသူက ဆိုသည်။

မှတ်တိုင် ၃၈ ခု ရှိသော ယာဉ်လမ်း (၃) ကို ယာဉ် ၂၀ စီးဖြင့် စတင်ပြေးဆွဲမည်ဖြစ်ပြီး ခရီးသည်စီးနင်းမှုပေါ်လိုက်၍ ယာဉ်စီးရေ တိုးချဲ့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

BRT Lite ယာဉ်လမ်းကြောင်း (၃) ၏မှတ်တိုင်များမှာအမှတ်(၃)လမ်းမကြီး၊ သဃ်္ဃန်းကျွန်းကြီး၊ ပုလဲလမ်း၊ ခရေပင်လမ်းဆုံ စုပေါင်းရုံး၊ အောင်မင်္ဂလာအဝေးပြေး၊ ၆ ကွေ့၊ သုနန္ဒာလမ်းဆုံ၊ ကမ္ဘာအေးဘုရားလမ်း၊ ကုက္ကိုင်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကုလားကျောင်း၊ ကြို့ကုန်း၊ အင်းစိန်ပန်းခြံ၊ ဖော့ကန်၊ အောင်ဆန်း၊ တညင်းကုန်းလမ်းဆုံတို့ဖြစ်သည်။

BRT-Lite မော်တော်ယာဉ်သည် လက်ရှိတွင် လမ်းကြောင်း(၁)နှင့်(၂)ကို စီးရေ ၄၅ စီးဖြင့် ပြေးဆွဲလျက်ရှိသည်။ ■

# iPhone များ၌ အူရီဒူး 4G စနစ် စသုံးနိုင်မည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

အူရီဒူးမြန်မာ၏ 4G ဝန်ဆောင်မှုကို မြန်မာနိုင်ငံရှိ iPhone 5 နှင့် အထက် iPhone များ၌ စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း အူရီဒူးမြန်မာက ထုတ်ပြန်သည်။

4G စနစ် စတင်ဝန်ဆောင်မှုပေးသော ၂၀၁၆ ခုနှစ် မေလတွင် iPhone များ၌ 4G စနစ်ကို အသုံးမပြုနိုင်သေးဘဲ ယခု Apple ကုမ္ပဏီက အူရီဒူး၏ 4G စနစ်ကို လေ့လာဆန်းစစ်ပြီး အသိအမှတ်ပြုပေးလိုက်ပြီဖြစ်သော နောက်ထွက်မည့် iOS Update တွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း အူရီဒူးမြန်မာထံမှ သိရသည်။

"Apple ကုမ္ပဏီက အရင် မြန်မာနိုင်ငံမှာ 3G စနစ်သုံးနိုင်အောင်ပဲ လုပ်ထားတယ်။ အခု အူရီဒူး 4G စနစ်ကို အသိအမှတ်ပြုတဲ့အတွက် iPhone တွေမှာပါ 4G စနစ် အသုံးပြုနိုင်ပါပြီ" ဟု အူရီဒူးမြန်မာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

iPhone များကို နောက်ထပ်အဆင့်မြှင့်တင်ပေးမည့် iOS Version တွင် အူရီဒူး၏ 4G စနစ်ပါဝင်မည်ဖြစ်သောကြောင့် iPhone 7 ကို တရားဝင်စတင်မိတ်ဆက်မည့် ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း 4G စနစ်ကွန်ရက်ကိုပါ တရားဝင်အသုံးပြုခွင့် ရရှိမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။ ■

# လယ်ယာကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မဝင်ရောက်ခြင်းမှာ နိုင်ငံသားများက ဖက်စပ်ရင်းနှီးမြှုပ်နှံနိုင်စွမ်း မရှိခြင်းကြောင့်ဟုဆို

**ရန်ကုန်၊ ဩဂုတ် ၂၃**

လယ်ယာကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မဝင်ရောက်ရခြင်းမှာ ပြည်တွင်း၌ အခြေခံအဆောက်အဦ လိုအပ်ချက်များအပြင် နိုင်ငံသားများက ဖက်စပ်ရင်းနှီးမြှုပ်နှံနိုင်မည့်ငွေကြေးပမာဏ မရှိခြင်းကြောင့်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

နိုင်ငံခြားသားလုပ်ငန်းရှင်တစ်ဦးက လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုပါက ရာနှုန်းပြည့်မရဘဲ ၄၉ ရာခိုင်နှုန်းသာ ရင်းနှီးမြှုပ်နှံခွင့်ရှိပြီး ပြည်တွင်းလုပ်ငန်းရှင်က ကျန်ရှိသည့် ၅၁ ရာခိုင်နှုန်းကို ရင်းနှီးမြှုပ်နှံရကြောင်း၊ ယင်းကဲ့သို့ ဖက်စပ်ရင်းနှီးမြှုပ်နှံရာတွင် ရင်းနှီးမြှုပ်နှံမှုပမာဏနည်းသည့်အခါ ပြဿနာမရှိသော်လည်း အမေရိကန်ဒေါ်လာသန်းချီ၍ ရင်းနှီးမြှုပ်နှံသည့်အခါ ပြည်တွင်းလုပ်ငန်းရှင်က မလိုက်နိုင်သည့်အခြေအနေများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများအပြား မဝင်ရောက်ခြင်းဖြစ်ကြောင်း ယင်းဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်း အောင်ကျော်က ပြောကြားသည်။

ယခင်အစိုးရလက်ထက်က ရင်းနှီးမြှုပ်နှံမှု တိုးတက်အောင်လုပ်ရမည့်ကဏ္ဍတွင် စက်မှုနှင့် လယ်ယာပါဝင်ခဲ့ပြီး လယ်ယာကဏ္ဍတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှာ ဝင်ရောက်မှုမရှိသလောက်နည်းပါးခဲ့ပြီး လက်ရှိအချိန်အထိ သုည ဒသမ ၅ ရာခိုင်နှုန်းသာ ရင်းနှီးမြှုပ်နှံမှုရှိသေးကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနထံမှ သိရသည်။

လက်ရှိအချိန်တွင် ရင်းနှီးမြှုပ်နှံမှု မူဝါဒကို ထုတ်ပြန်နိုင်ရန်ဆောင်ရွက်နေကြောင်း ယင်းမူဝါဒတွင် ရင်းနှီးမြှုပ်နှံမှု ဦးစားပေးတိုးတက်အောင်လုပ်မည့်ကဏ္ဍ၌ လယ်ယာကဏ္ဍပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ယင်းကဏ္ဍသို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ရန် အခက်အခဲဖြစ်နေသည့်အချက်များကို ဖြေလျှော့သွားမည်ဖြစ်ကြောင်း ဦးသန်းအောင်ကျော်က ဆိုသည်။

လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု မဝင်ရောက်ခြင်းမှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့်ဖြစ်ပြီး အခြေခံအဆောက်အဦ လိုအပ်ချက်ကို ဖြည့်ဆည်းပြီးမှသာ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာနိုင်ကြောင်း ဆန်ကုန်သည် ဦးကျော်မြင့် ပြောဆိုသည်။ ■




ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်သောကဏ္ဍမှာ စက်မှုလုပ်ငန်းနှင့် အိမ်ရာအဆောက်အအုံလုပ်ငန်းများဖြစ်သည်

# ခွင့်ပြုရန်ကျန်ရှိသည့်ရင်းနှီးမြှုပ်နှံမှု ၁၀၀ ကျော်အနက် လုပ်ငန်း ၃၀ ကျော်ခွင့်ပြုပြီး

**ရန်ကုန်၊ ဩဂုတ် ၂၃**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အသစ်ဖွဲ့စည်းပြီးနောက် ခွင့်ပြုရန်ကျန်ရှိသည့် ရင်းနှီးမြှုပ်နှံမှုပေါင်း ၁၀၀ ကျော်အနက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၃၂ ခုကိုခွင့်ပြုခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က ပြောကြားသည်။

လက်ရှိအချိန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း ၃၀၀ ကျော်ခွင့်ပြုခဲ့ပြီး မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း တစ်သိန်းကျော်ကို ခွင့်ပြုခဲ့ကြောင်း ၎င်းက ပြောဆိုသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ၁၉၈၉ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၁၀၈ ခု ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံပမာဏ အမေရိကန် ဒေါ်လာ ၆၃၇၁၈ ဒသမ ၅၇၄ သန်းရရှိခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်သောကဏ္ဍမှာ စက်မှုလုပ်ငန်းနှင့် အိမ်ရာအဆောက်အအုံလုပ်ငန်းများဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အနည်းဆုံးလုပ်ငန်းများမှာ မွေးမြူရေးလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့ဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က မကြာမီအချိန်တွင် ရင်းနှီးမြှုပ်နှံမှု မူဝါဒကို ထုတ်ပြန်သွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း အမြန်ဆုံးထွက်ရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးသန်းအောင်ကျော်က ပြောဆိုသည်။ ■

# ဒေါ်လာဈေးမြင့်၍ ပြည်တွင်းရွှေဈေး အမြင့်ဆုံးရောက်

**ရန်ကုန်၊ ဩဂုတ် ၂၃**

ဒေါ်လာဈေးမြင့်တက်မှုအရှိန်ကြောင့် ပြည်တွင်းအခေါက်ရွှေဈေးမှာ တစ်ကျပ်သားလျှင် ၈၆၁,၀၀၀ ကျပ်အထိမြင့်တက်ပြီး ဈေးအမြင့်ဆုံးသို့ ရောက်ရှိလာကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

"ကမ္ဘာ့ရွှေဈေး အေးနေပေမယ့် ပြည်တွင်းရွှေဈေးကတော့ အမြင့်ပိုင်းမှာပဲ ရှိနေပါမယ်။ ဒေါ်လာဈေးတက်နေရင်တော့ ရွှေဈေးကလည်း လိုက်တက်နေမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က သုံးသပ်ပြောကြားသည်။

ဩဂုတ်လ ၂၂ ရက်နေ့က ပြည်တွင်းအခေါက်ရွှေအဖွင့်ဈေးမှာ တစ်ကျပ်သားလျှင် ၈၅၇,၀၀၀ ကျပ်ဖြစ်ပြီး ဩဂုတ်လ ၂၃ ရက်နေ့၌ အခေါက်ရွှေတစ်ကျပ်သားလျှင် ၈၆၁,၀၀၀ ကျပ်အထိ မြင့်တက်လာကြောင်း အခေါက်ရွှေလက်ကားဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြင်ပဒေါ်လာဈေးနှုန်းများသည် ဩဂုတ်လ ဒုတိယပတ်အတွင်းမှစတင်၍ မြင့်တက်လာခြင်းဖြစ်ပြီး ဩဂုတ်လ ၁၉ ရက်နေ့က တစ်ဒေါ်လာလျှင် ဝယ်ဈေး/ရောင်းဈေး ရှစ်ကျပ်အထိ မြင့်တက်ခဲ့ရာမှ ယခုအခါ တစ်ဒေါ်လာလျှင် ဝယ်ဈေး/ရောင်းဈေး ၁၅ ကျပ်ခန့်အထိ ထပ်မံမြင့်တက်ကြောင်း၊ ဗဟိုဘဏ် သတ်မှတ်လဲနှုန်းသည်လည်း ဩဂုတ်လ ၁၉ ရက်နေ့က ထက် တစ်ဒေါ်လာလျှင် ခုနစ်ကျပ်ခန့်အထိ ထပ်မံမြင့်တက်ကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။

ဈေးနှုန်းမြင့်တက်နေသော်လည်း အမေရိကန်ဒေါ်လာ ဝယ်လိုအားကောင်းမွန်လျက်ရှိပြီး တစ်ဒေါ်လာလျှင် ၁၂၀၀ ကျော်အောက်သို့ ကျဆင်းရန်မှာ မလွယ်ကူနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက ပြောဆိုသည်။

ပြင်ပဒေါ်လာဈေးကွက်အတွင်း ဩဂုတ်လ ၁၉ ရက်နေ့က တစ်ဒေါ်လာလျှင် ဝယ်ဈေး ၁၁၉၇ ကျပ်၊ ရောင်းဈေး ၁၂၀၀ ကျပ်မှ ဩဂုတ်လ ၂၃ ရက်နေ့၌ တစ်ဒေါ်လာလျှင် ဝယ်ဈေး ၁၂၁၂ ကျပ်၊ ရောင်းဈေး ၁၂၁၄ ကျပ်အထိ မြင့်တက်လာပြီး ဗဟိုဘဏ်လဲနှုန်းသည် ဩဂုတ်လ ၁၉ ရက်နေ့က တစ်ဒေါ်လာလျှင် ၁၁၉၀ ကျပ်မှ ဩဂုတ်လ ၂၃ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၁၉၅ ကျပ်အထိ မြင့်တက်ကြောင်း ပြင်ပငွေလဲကောင်တာများနှင့် ဗဟိုဘဏ်၏ နေ့စဉ်ဒေါ်လာလဲလှယ်နှုန်း ထုတ်ပြန်ချက်များအရ သိရသည်။ ■

# နယ်စပ်ဒေသရှိတရားမဝင်ကုန်သွယ်မှုများကို လုပ်ငန်းစဉ်နှစ်ရပ် ချမှတ်တားဆီးမည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

နယ်စပ်ကုန်သွယ်ရေးဂိတ်များ၌ တရားမဝင် ကုန်ပစ္စည်းတင်သွင်း၊ တင်ပို့ခြင်းများကို လုပ်ငန်းစဉ်နှစ်ရပ်ချမှတ်ကာ တားဆီးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနထံမှ သိရသည်။

မြန်မာနိုင်ငံ၏ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်တွင် တရားမဝင်ကုန်စည်သယ်ဆောင်မှုများ တားဆီးရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနက ရေရှည်နှင့် ကာလတိုလုပ်ငန်းစဉ်နှစ်ရပ် ချမှတ်တားဆီးသွားမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားထားကြောင်း ကုန်သွယ်ရေးဦးစီးဌာနထံမှ သိရသည်။

နယ်စပ်ကုန်သွယ်ရေးစခန်းများ၌ ယခုဘဏ္ဍာနှစ် လေးလကျော်အတွင်း ကုန်သွယ်မှုပမာဏအခြေအနေသည် အမေရိကန်ဒေါ်လာ ၁၉ သန်းခန့် လျော့ကျနေပြီး ယခင်နှစ်ကထက် ပို့ကုန်တန်ဖိုး လျော့ကျနေကာ သွင်းကုန်တန်ဖိုးမှာမူ မြင့်တက်နေကြောင်း၊ အစိုးရသစ်၏ စီးပွားရေးမူဝါဒတွင် ထုတ်ပြန်ရန်ကျန်ရှိနေသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကိုလည်း ဩဂုတ်လအတွင်း ထုတ်ပြန်ပေးသွားမည်ဟု ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်က ပြောကြားထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံမှ သိရသည်။ ■

# ဩဂုတ်လ ၂၃ ရက်နေ့ ရန်ကုန်စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

FMI ကုမ္ပဏီ၏ ရှယ်ယာဈေးနှုန်းမှာ ကျပ်နှစ်သောင်းဖြင့် အပြောင်းအလဲမရှိဘဲ ဆက်လက်တည်ငြိမ်လျက်ရှိသည်။ MTSH ကုမ္ပဏီ၏ ရှယ်ယာဈေးနှုန်းမှာ ကျပ်တစ်ထောင် ထပ်မံမြင့်တက်ခဲ့ပြီး ကျပ် ၄၃,၀၀၀ မှ ကျပ် ၄၄,၀၀၀ သို့ ဈေးပြန်မြင့်တက်လာခဲ့သည်။

| Name | Opening Price | 11(AM)Price | 1(PM)Price | Change | Trading Shares | Trading Value(MMK) |
|---|---|---|---|---|---|---|
| FMI | 20000 | 20000 | 20000 | - | 3216 | 64,320,000 |
| MTSH | 43000 | 44000 | 44000 | +1000 | 1352 | 59,488,000 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** — **Source: KBZ Bank**

| 23.8.2016 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး (ကျပ်) | ၁၂၀၂ | ၁၃၄၃ | ၈၈၂ |
| ရောင်းဈေး (ကျပ်) | ၁၂၀၅ | ၁၃၅၆ | ၈၉၂ |

**Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း**

| 23.8.2016 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ (ကျပ်) | ၈၆၁,၀၀၀ (ဖွင့်) | ၈၆၅,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၃၃၈ (ဖွင့်) | ၁၃၃၈ (ပိတ်) |

# MANDALAY VOICE




ဩဂုတ်လ ၂၃ ရက်နေ့က လေလံလျှောက်ထားသူများနှင့် တင်ဒါရောင်းချရေးကော်မတီတို့ ပေးသွင်းထားသည့်လေလံစပေါ်ကြေးများ ပြန်လည်ထုတ်ပေးနိုင်ရန် ဆွေးနွေးခဲ့ကြစဉ်

## ဖမ်းမိကားများလေလံပွဲ ရက်အကန့်အသတ်မရှိရွှေ့ဆိုင်း

မန္တလေး၊ ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီးအတွင်း ဖမ်းဆီးရမိခဲ့သည့် လိုင်စင်မဲ့မော်တော်ယာဉ်များကို လေလံတင်ရောင်းချမည့် အစီအစဉ်ကို ရက်အကန့်အသတ် မရှိ ရွှေ့ဆိုင်းလိုက်ကြောင်း မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်က ပြောကြားသည်။

ယင်းသို့ရွှေ့ဆိုင်းလိုက်သည့်အကြောင်းအရင်းနှင့်ပတ်သက်၍မူ ပြောဆိုနိုင်ခြင်း မရှိကြောင်း လေလံပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်လည်း ဖြစ်သူ ၎င်းက ပြောဆိုသည်။

"လျှောက်လွှာတင်ထားသူတွေကို အကုန်ပြန်ထုတ်ပေးမယ်၊ မြန်မြန်ဆန်ဆန် ပြန်ထုတ်ပေးမယ် ဒီတစ်ရက် နှစ်ရက်အတွင်း ပြန်ထုတ်နိုင်ရင် အကောင်းဆုံးပဲ။ ဘယ်နေ့နောက်ဆုံးရယ်လို့တော့ သတ်မှတ်မထား" ဟု ဦးဝင်းဇော်နိုင်က ဆက်လက်ပြောကြားသည်။

အဆိုပါလေလံပွဲနှင့် ပတ်သက်၍ ဩဂုတ်လဆန်းပိုင်းကတည်းက နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့်ကြေညာထားခဲ့ခြင်းဖြစ်ရာ နိုင်ငံတစ်ဝန်းမှ စိတ်ဝင်စားသူများ လာရောက်ခဲ့ကြကြောင်း လေလံလျှောက်လွှာ ဝယ်ယူထားသူအချို့ထံမှ သိရသည်။

လေလံပွဲရွှေ့ဆိုင်းလိုက်သည့် အကြောင်းအရင်းကို လေလံပွဲကျင်းပမည့် ဩဂုတ်လ ၂၃ ရက်နေ့မတိုင်မီ ၂၂ ရက်နေ့ ညနေ ၅ နာရီခန့်မှသာ လေလံလျှောက်လွှာ ဝယ်ယူထားသူများကို အသိပေးခဲ့ကြောင်း၊ လေလံပွဲနီးကပ်ချိန်မှ အသိပေးခဲ့သောကြောင့် လေလံပွဲသို့လာရောက်သူများနှင့် လေလံလျှောက်လွှာ ဝယ်ထားသူများ တစ်ဦးလျှင် ကျပ်ဆယ်သိန်းခန့် ဆုံးရှုံးခဲ့ရကြောင်း ၎င်းတို့က ပြောဆိုသည်။

"သူတို့ (လေလံကော်မတီ) က ဆယ်သိန်းလောက် နစ်နာခဲ့တယ်လို့ ပြောတယ်၊ ဒါက သူတို့နစ်နာတာ၊ ကျွန်တော်တို့မှာက တစ်ဦးချင်းစီကို ဆယ်သိန်းစီလောက် နစ်နာခဲ့တာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မှ လေလံလျှောက်ထားခဲ့သူ ဦးကျော်နိုင်ဝင်းက ပြောကြားသည်။

မြန်မာနိုင်ငံအနှံ့အပြားမှ လေလံလျှောက်လွှာတင်ထားသူများ လာရောက်ကြခြင်းဖြစ်ရာ လေလံပွဲပျက်ပြယ်သည့်အကြောင်းကို ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ အချိန်နီးကပ်မှ အသိပေးခြင်းကလည်း လေလံလျှောက်ထားသူများကို ပိုမိုနစ်နာစေကြောင်း ၎င်းကထပ်လောင်းပြောဆိုသည်။

"ကျွန်တော်တို့လို လေလံလျှောက်ထားတဲ့သူတွေ အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်ခဲ့မယ်ဆိုရင် Deposite (အာမခံကြေး) ဆယ်သိန်းကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းမယ်လို့ ပြောထားတယ်။ အခု သူတို့ဘက်က ပျက်ကွက်ခဲ့တာပါ၊ ကြိုတင်အသိမပေးတာရယ်၊ ဘာကြောင့် ပျက်တယ်ဆိုတာ မပြောနိုင်တာကိုတော့ မကျေနပ်ဘူးဗျ။ အထက်အမိန့်ကြောင့်လို့ ပြောတယ်ဆိုကတည်းက တာဝန်ခံမှုမရှိဘူးလို့ မြင်တယ်" ဟု မန္တလေးမြို့ မဟာအောင်မြေမြို့နယ်မှ ဦးစိုးကြီးက ပြောကြားသည်။

ယခုကဲ့သို့ လေလံပွဲပျက်ခြင်းသည် မန္တလေးမြို့၌ ပထမဆုံးအကြိမ်ဖြစ်ပြီး ယခင်က ယခုကဲသို့ပျက်ကွက်ခြင်းမရှိခဲ့ဟု နှစ်ပေါင်း ၂၀ ခန့်အတွင်း လေလံပွဲမျိုးစုံလျှောက်ထားခဲ့ဖူးသူ ၎င်းကဆိုသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဖမ်းဆီးရမိခဲ့သည့် လိုင်စင်မဲ့မော်တော်ယာဉ် ၁၁၉ စီးကို လေလံတင်ရောင်းချရန် လေလံလျှောက်လွှာ ၂၈၇၅ စောင်ရောင်းချထားကြောင်း လေလံပွဲဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

ယင်းလေလံပွဲကို ဩဂုတ်လ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိကျင်းပရန် မူလကစီစဉ်ထားခြင်းဖြစ်သည်။ ■

## လောင်စာဆီနှင့် စားသုံးကုန်အချို့ကို Re-export ပြုလုပ်နိုင်ရန် ဆွေးနွေး

မန္တလေး၊ ဩဂုတ် ၂၃

ကျဆင်းနေသည့် ကုန်သွယ်မှုအခြေအနေကို ထိန်းညှိနိုင်ရန် လောင်စာဆီနှင့် စားသုံးကုန်အချို့ကို Re-export ပြုလုပ်နိုင်ရန် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ပြည်တွင်းကုန်သွယ်မှု ဌာနခွဲထံမှ သိရသည်။

"ကုန်သွယ်မှုအခြေအနေကို Re-export နဲ့ထိန်းဖို့လုပ်တာပါ။ Re-export ဆိုတာက နိုင်ငံခြားကနေ ကုန်ပစ္စည်းတွေ တင်သွင်းလိုက်ပြီးတော့ အဲ့ဒီကုန်ပစ္စည်းတွေကို ပြုပြင်ချင်လည်းပြုပြင်၊ မပြုပြင်ရင်လည်း ဒီအတိုင်းပဲ အခြားနိုင်ငံကိုတင်ပို့တာကို ခေါ်တာပါ" ဟု ပြည်တွင်းကုန်သွယ်မှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးမျိုးသူက ပြောကြားသည်။

လက်ရှိဘဏ္ဍာရေးနှစ်၏ ပထမလေးလတာကာလအတွင်း ကုန်သွယ်မှုပမာဏသည် ယခင်ဘဏ္ဍာနှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၆၉၂ သန်း လျော့နည်းခဲ့ကြောင်း ပြည်တွင်းကုန်သွယ်မှုဌာနခွဲ မှတ်တမ်းများအရ သိရသည်။

လက်ရှိအချိန်၌ မြန်မာနိုင်ငံအနေနှင့် သကြားတစ်မျိုးတည်းကိုသာ Re-export လုပ်နေပြီး၊ ဒီဇယ်၊ ဓာတ်ဆီ၊ ကွမ်းသီးနှင့် ဆီထွက်သီးနှံအချို့ကို တိုးချဲ့လုပ်ဆောင်နိုင်ရန် စီစဉ်နေကြောင်း၊ ယင်းသို့လုပ်ဆောင်ခြင်းဖြင့် တင်သွင်းခွန်နှင့် တင်ပို့ခွန်များ ရှိမည်ဖြစ်ကြောင်း၊ လတ်တလောတွင် အခွန်အခကောက်ယူမည့်ပုံစံကို ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းနေကြောင်း ပြည်တွင်းကုန်သွယ်မှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးမျိုးသူက ထပ်လောင်းပြောဆိုသည်။ ■

# NEWS IN BRIEF

## မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီး သွေးလှူမှုနှုန်း လစဉ်မြင့်တက်

မန္တလေး၊ ဩဂုတ် ၂၃

မီးဖွားလူနာနှင့် ကင်ဆာဝေဒနာရှင်များကို အထူးကုသပေးနေသည့် မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် လစဉ်သွေးလှူမှုနှုန်း မြင့်တက်နေကြောင်း အဆိုပါဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးသက်က ပြောကြားသည်။

ခုတင် ၅၀၀ ဆံ့ရှိသည့် အဆိုပါဆေးရုံကြီး၌ နေ့စဉ်လူနာ ၄၀၀ ကျော် ဆေးကုသမှုခံယူနေပြီး သွေးသွန်လူနာ၊ မီးဖွားလူနာနှင့် ကင်ဆာဝေဒနာရှင်များအတွက် တစ်လလျှင် ကြိုတင်သွေးလိုအပ်မှု သွေးအိတ်ရေ ၆၀ ကျော်ရှိကြောင်း ၎င်းက ဆိုသည်။

မန္တလေးမြို့တော်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး၌ သွေးအစားထိုး ကုသပေးရမှု လစဉ်သွေးအိတ်ရေ ၄၀၀ မှ ၅၀၀ အကြားရှိကြောင်း အဆိုပါ ဆေးရုံကြီး သွေးလှူဘဏ် တာဝန်ခံထံမှ သိရသည်။

## စာကြည့်တိုက်နှင့် ပညာရေးဆိုင်ရာ ဟောပြောပွဲများ ပြုလုပ်လိုပါက ယုံကြည်ရာစာကြည့်တိုက်က ကူညီမည်

မန္တလေး၊ ဩဂုတ် ၂၃

လူငယ်များအကြား အသိဉာဏ်ပညာ တိုးပွားရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စာကြည့်တိုက်နှင့် ပညာရေးဆိုင်ရာ ဟောပြောပွဲများပြုလုပ်လိုပါက မန္တလေးမြို့တော်အခြေစိုက် ယုံကြည်ရာ စာကြည့်တိုက်က ကူညီမည်ဖြစ်ကြောင်း ယင်းစာကြည့်တိုက် တာဝန်ခံ ဒေါက်တာတေဇာစန်းက ပြောကြားသည်။

"စာကြည့်တိုက်ဖွင့်ချင်လို့ပဲ ဖြစ်ဖြစ်၊ ပညာရေးဆိုင်ရာ ဟောပြောပွဲတွေလုပ်ချင်လို့ပဲဖြစ်ဖြစ် ကျွန်တော်တို့ဆီ အကြောင်းကြားနိုင်ပါတယ်။ လူငယ်စာဖတ်ဝိုင်းတွေ ပေါ်ပေါက်လာအောင်လည်း ကျွန်တော်တို့ စဉ်ဆက်မပြတ်လုပ်ပေးနေပါတယ်" ဟု ၎င်းကဆိုသည်။

ယုံကြည်ရာ စာကြည့်တိုက်တွင် မြန်မာဘာသာရပ်ဆိုင်ရာ စာအုပ်ပေါင်း ၅၀၀၀ ကျော်နှင့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ စာအုပ် ၁၅၀၀ ကျော်ရှိပြီး စာအုပ်ငှားခြင်း၊ စာကြည့်တိုက်တည်ထောင်လိုခြင်းနှင့် ပညာရေးဆိုင်ရာ ဟောပြောပွဲများပြုလုပ်လိုပါက ယင်းစာကြည့်တိုက်တည်ရာ ၃၆ လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား၊ မဟာအောင်မြေမြို့နယ် ဖုန်း ၀၉- ၉၇၄ ၈၅၄ ၇၄၄ ထံ ဆက်သွယ်နိုင်သည်။ ■

## Young Dream ကပြုလုပ်မည့် ပြပွဲအတွက် အနုပညာလက်ရာများကို ဩဂုတ် ၂၅ ရက် တစ်ရက်တည်းသာ လက်ခံမည်

မန္တလေး၊ ဩဂုတ် ၂၃

ဖန်တီးမှုအားကောင်းသော မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရေးအတွက် Young Dream အဖွဲ့က ပြုလုပ်မည့် အနုပညာပြပွဲတွင် ပြသလိုသည့်အနုပညာလက်ရာများအား ဩဂုတ်လ ၂၅ ရက်နေ့ တစ်ရက်တည်းသာ လက်ခံမည်ဖြစ်ကြောင်း ယင်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အနုပညာပြပွဲတွင် အနုပညာလက်ရာများပြသလိုပါက ဖုန်း ၀၉ ၄၅၇၃ ၂၅၃၅၃ သို့ အင်္ဂလိပ်ဘာသာဖြင့် SMS ပေးပို့ရမည်ဖြစ်ပြီး ပြသလိုသည့် အနုပညာနှင့် အရေအတွက်ကို ပြပွဲကျင်းပမည့် ဂျက်ဖာစင်တာသို့ ဩဂုတ်လ ၂၅ ရက်နေ့တွင် ပေးပို့ရမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

"ပြပွဲရဲ့ အဓိကရည်ရွယ်ချက်က ဖန်တီးမှုအားကောင်းတဲ့ မျိုးဆက်သစ်လူငယ်တွေ မွေးထုတ်နိုင်ဖို့ပါ။ ရောင်းချရန်ပြုလုပ်တဲ့ပွဲ မဟုတ်ဘူး။ ဒီပွဲမှာပြထားတဲ့ ဖန်တီးမှုလက်ရာနဲ့ပတ်သက်လို့ ဖိတ်ကြားထားတဲ့ပညာရှင်တွေဆီကနေ အကြံဉာဏ် ရယူနိုင်အောင် စီစဉ်ပေးထားမှာပါ" ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

မန္တလေးမြို့တွင် ကိုယ်ပိုင်ဖန်တီးမှုအားကောင်းသည့် လူငယ်များစွာရှိရာ ယင်းလူငယ်များအနေနှင့် ခွန်အားဖြစ်စေမည့် ပြပွဲတစ်ခုဖြစ်ကြောင်း၊ ပညာရှင်များထံမှလည်း အကြံဉာဏ်ရယူနိုင်မည်ဟု သိထားကြောင်း မန္တလေးမြို့ခံ လူငယ်ဂရပ်ဖီတီသမား ဦးဝေယံက ပြောကြားသည်။

အဆိုပါ အနုပညာပြပွဲကို မန္တလေးမြို့ ၂၆ x ၇၁ လမ်းထောင့်ရှိ ဂျက်ဖာစင်တာ၌ ဩဂုတ်လ ၂၇ ရက်နေ့ နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း Young Dream အဖွဲ့ထံမှ သိရသည်။ ■

# မန္တလေးတိုင်းဒေသကြီးလွှတ်တော်တည်ဆောက်မှု ရာနှုန်းပြည့်နီးပါးပြီးစီး

**မန္တလေး၊ ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး လွှတ်တော် အဆောက်အအုံသစ်တည်ဆောက်နေမှု ရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်ကြောင်း ယင်းလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးက ပြောကြားသည်။

ယင်းအဆောက်အအုံကို ပထမအကြိမ် လွှတ်တော်သက်တမ်းတွင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ရာ လက်ရှိအချိန်၌ အသံပိုင်းနှင့် လျှပ်စစ်မီး စသည်တို့သာ လုပ်ဆောင်ရန်လိုတော့ကြောင်း ၎င်းကရှင်းပြသည်။

"အဆောက်အအုံပိုင်းကတော့ ပြီးသလောက်ရှိသွားပြီ။ ကျန်နေတာတွေကိုလည်း တင်ဒါခေါ်ပြီး လုပ်နေပါပြီ" ဟု လွှတ်တော်အဆောက်အအုံသစ် ဆောက်လုပ်ရာတွင် တာဝန်ယူထားသည့် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက ပြောဆိုသည်။

အဆောက်အအုံပြီးစီးပြီဟု ဆိုနိုင်သော်လည်း ဖွင့်လှစ်မည့်နေ့ကိုမူ လတ်တလောတွင် မပြောနိုင်သေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိအစိုးရသစ် လက်ထက်အတွင်း ခြံစည်းရိုး၊ လမ်း၊ လေအေးပေးစက်များတပ်ဆင်ခြင်းနှင့် လျှပ်စစ်မီးသွယ်တန်းခြင်းဆိုင်ရာ ကိစ္စများအတွက် တင်ဒါခေါ်ယူလုပ်ဆောင်ခဲ့ရကြောင်း အဆိုပါလွှတ်တော်ရုံး ဒုတိယဥက္ကဋ္ဌက ထပ်လောင်းပြောဆိုသည်။

ယခင်အစိုးရလက်ထက်အတွင်း အပြီးတည်ဆောက်ရမည်ဖြစ်သော်လည်း သတ်မှတ်ချိန်မီမပြီးစီး၍ တစ်ရက်လျှင် ဒဏ်ကြေး ကျပ်သိန်းငါးဆယ် ဒဏ်ရိုက်ခဲ့ရာ ကုမ္ပဏီဘက်မှ ခွင့်စာတင်ခဲ့၍ ရက်ပေါင်း ၅၀ ကင်းလွတ်ခွင့်ပေးခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်များ အသိုင်းအဝိုင်းထံမှ သိရသည်။ ■




လေးထပ်နှင့်အထက် ကျော်လွန်ဆောက်လုပ်ထား၍ ရပ်ဆိုင်းခံထားရသည့် ကျုံးထောင့်ရှိ အဆောက်အအုံတစ်လုံးကိုတွေ့ရစဉ်

# မန္တလေး စည်ပင်နယ်နိမိတ်အတွင်းရှိ ခွင့်ပြုချက်မဲ့ ဆောက်လုပ်သည့် အဆောက်အအုံ ၁၀ လုံးဖြိုဖျက်

**မန္တလေး၊ ဩဂုတ် ၂၃**

လူနေထူထပ်မှု မြင့်မားလာသည့် မန္တလေးမြို့တော်၏ စည်ပင်သာယာရေး နယ်မိတ်အတွင်း ခွင့်ပြုချက်မဲ့ ဆောက်လုပ်ထားသည့် အထပ်မြင့် (အာရ်စီ) အဆောက်အအုံ ၁၀ လုံးကို ဖြိုဖျက်ခဲ့ရကြောင်း အဆိုပါကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနထံမှ သိရသည်။

မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာ ကိစ္စရပ်များနှင့်အညီ ခေတ်မီစနစ်ကျသော အိမ်ရာများ ဖြစ်ပေါ်လာရေး ဆောင်ရွက်လျက်ရှိရာ ကော်မတီအနေနှင့် ၁၂ ထပ်သာ ခွင့်ပြုထားခြင်းဖြစ်၍ ခွင့်ပြုမိန့်ထက်ကျော်လွန်ဆောက်လုပ်ပါက ဖြိုဖျက်မည်ဖြစ်ကြောင်း ယင်းကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူးဦးဇော်ဝင်းက ပြောကြားသည်။

"ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေမှုရှိရမယ်။ ပြီးတော့ သဘာဝဘေးနဲ့ မီးဘေးအန္တရာယ် ကာကွယ်နိုင်အောင် အမြင့် ၁၂ ထပ်ထက် ပိုပြီး ခွင့်မပြုပါဘူး။ ဒါကြောင့် စည်းကမ်းမလိုက်နာတဲ့ အဆောက်အအုံ ၁၀ လုံးကို ဖြိုဖျက်လိုက်တာ" ဟု ၎င်းကဆိုသည်။

မန္တလေးမြို့တော်၏ နန်းမြို့ရိုး ကျုံးပတ်လည်တွင် လေးထပ်သို့မဟုတ် ၄၆ ပေထက်မမြင့်သော အဆောက်အအုံများကိုသာ ခွင့်ပြုထားပြီး ခွင့်ပြုချက်ထက်ပို၍ ဆောက်လုပ်ခွင့်မရှိကြောင်း ယင်းဌာန၏ စည်းမျဉ်းများတွင် ဖော်ပြထားသည်။

"မန္တလေးမြို့တော်ရဲ့ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းရမယ်။ နန်းမြို့ရိုးနဲ့ ကျုံးရဲ့ပုံရိပ် မပပျောက်စေချင်ဘူး။ ဒါကြောင့် လေးထပ်ထက်ပိုပြီး ဆောက်လုပ်ခွင့် မပေးဘူး" ဟု ဦးဇော်ဝင်းက ထပ်လောင်းရှင်းပြသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ၁၂ ထပ်ထက်ပို၍ တည်ဆောက်လိုပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့် မန္တလေးတိုင်းဒေသကြီး အထပ်မြင့် အဆောက်အအုံများ အရည်အသွေး ကြီးကြပ်ရေးကော်မတီ (CQHP) ၏ ခွင့်ပြုချက်ရရှိမှသာ တည်ဆောက်ခွင့်ပြုကြောင်း အဆိုပါကော်မတီထံမှ သိရသည်။ ■

# မြန်မာနိုင်ငံ၏ကုန်သွယ်မှုကဏ္ဍ ယခင်နှစ်အောက် လျော့ကျ

**မန္တလေး၊ ဩဂုတ် ၂၃**

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍသည် ယခင်ဘဏ္ဍာရေးနှစ်၏ လေးလတာကာလနှင့် နှိုင်းယှဉ်ပါက ယခုနှစ်ကာလတူတွင် လျော့ကျသွားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က ပြောကြားသည်။

မန္တလေးမြို့ရှိ MRCCI Hall ၌ ဩဂုတ်လ ၂၂ ရက်နေ့ကပြုလုပ်သည့် မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ မြန်မာသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်ကဏ္ဍတွင် နိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်း အလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းကအထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် ဧပြီလ ၁ ရက်နေ့မှ ဩဂုတ်လ ၁၂ ရက်နေ့အထိ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၃၀၉ ဘီလီယံသာရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ ကာလတူအတွင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၁၀ ဒသမ ၀၀၁ ဘီလီယံအထိရှိသောကြောင့် ယခုဘဏ္ဍာနှစ်၏ ပထမလေးလအတွင်း အမေရိကန်ဒေါ်လာ ၆၉၂ သန်း လျော့နည်းသွားကြောင်း ဦးဦးဟန်က ရှင်းပြသည်။

၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်၏ ပထမလေးလအတွင်း သစ်သီးဝလံမျိုးစုံ တန်ချိန် ၇၁၀,၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၉၈ သန်းရခဲ့သော်လည်း ယခုဘဏ္ဍာနှစ် လေးလကျော်ကာလအတွင်း တန်ချိန် ၂၃,၀၀၀ ကျော်သာ တင်ပို့နိုင်ခဲ့ကာ အမေရိကန်ဒေါ်လာ ၃၆ ကျော်သာရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ စာရင်းများအရ သိရသည်။

လက်ရှိအချိန်၌ ကုန်သွယ်မှုပမာဏ လျော့ကျနေသော်လည်း လယ်ယာထွက်ကုန်ကဏ္ဍတွင်ပါဝင်သည့် သစ်သီးဝလံများကို ကျန်ရှိစ်လအတွင်း ပိုမိုတင်ပို့နိုင်မည်ဟုခန့်မှန်းထားကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းထံမှ သိရသည်။

"ဘာလို့လျော့သွားလဲဆိုတော့ သဘာဝဘေးအန္တရာယ်တွေကြောင့်လည်းပါတယ်။ ဒေါ်လာဈေးနှုန်း အတက်အကျကြောင့်လည်းပါတယ်။ ထုတ်လုပ်မှုလျော့ကျလာတာတွေနဲ့လည်း ဆိုင်တယ်" ဟု မန္တလေးအခြေစိုက် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်သူတစ်ဦးက ပြောဆိုသည်။

မြန်မာနိုင်ငံအနေနှင့် ပြည်ပသို့ ကုန်သွယ်မှုပြုရာတွင် လယ်ယာထွက်ကုန်ကဏ္ဍ၊ ရေထွက်ကုန်ကဏ္ဍ၊ သတ္တုတွင်းထွက်ကဏ္ဍ၊ စက်မှုကုန်ချောကဏ္ဍ၊ သစ်တောထွက်ကဏ္ဍနှင့် အခြားကဏ္ဍဟူ၍ အုပ်စုကြီးခြောက်ခုရှိကြောင်း၊ ကာလတိုနှိုင်းယှဉ်မည်ဆိုပါက လယ်ယာထွက်ကုန်ကဏ္ဍတွင် တိုးတက်လာသော်လည်း ကျန်ကဏ္ဍများတွင် လျော့နည်းလာကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူက ပြောကြားသည်။ ■

# News In Brief

## ခန္တီး - မုံရွာ အမြန်ရေယာဉ် တိုက်ရိုက်ပြေးဆွဲခွင့်ရရေး စစ်ကိုင်းတိုင်းဝန်ကြီးချုပ်ထံ တင်ပြ

**မန္တလေး၊ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းနေသည့် ချင်းတွင်းမြစ်အတွင်း ခန္တီးမြို့မှ မုံရွာမြို့သို့ အမြန်ရေယာဉ်များ တိုက်ရိုက်ပြေးဆွဲခွင့် ရရှိရေးအတွက် ဒေသခံ ၁၀၀၀ နီးပါး၏ လက်မှတ်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ထံ ဩဂုတ်လ ၂၄ ရက်နေ့က ပေးပို့တင်ပြခဲ့ကြောင်း ဦးဆောင်စီစဉ်သူ ဦးအောင်ဆန်းမြင့်က ပြောကြားသည်။

ယခင်က ခန္တီးမြို့မှ မုံရွာမြို့သို့ တိုက်ရိုက်ပြေးဆွဲခွင့်ရှိသော်လည်း ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် အမြန်ရေယာဉ်လိုင်းများ တိုက်ရိုက်ပြေးဆွဲခြင်း မရှိတော့သဖြင့် ဒေသခံများနှင့် အစိုးရဝန်ထမ်းများသည် ဟုမ္မလင်းမြို့၌ တစ်ညအိပ်ရကြောင်း၊ ယင်းအခြေအနေများကြောင့် အချိန်ကြန့်ကြာခြင်း၊ ခရီးစရိတ် ပိုမိုကုန်ကျခြင်း၊ ကုန်စည်ပို့ဆောင်ရာတွင်လည်း လုပ်သားစရိတ် ပိုမိုကုန်ကျခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ ကုန်စိမ်းများ ပျက်စီးဆုံးရှုံးခြင်းများကြုံနေရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ထံ တင်ပြသည့်စာတွင် ဖော်ပြထားသည်။

မိုးဇင်ယော်၊ ရွှေနဒီ၊ အေးငြိမ်းချမ်းသာ၊ MGRG အမည်ရှိ ရေယာဉ်လိုင်းများသည် ချင်းတွင်းမြစ်ကြောင်း ခရီးစဉ်အဖြစ် ၂၀၁၆ ခုနှစ် ဧပြီလအတွင်းက တိုက်ရိုက်ပြေးဆွဲရန် စီစဉ်ခဲ့ဖူးသည်။ ■

# မော်လိုက်မြို့အနီးဗဟိုပြု၍ အင်အား ၅ ဒသမ ၃ အဆင့်ရှိ မြေငလျင်လှုပ်

**ရန်ကုန်၊ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့အနီးဗဟိုပြု၍ ဩဂုတ်လ ၂၃ ရက်နေ့ နံနက် ၈ နာရီ ၄၂ မိနစ်ဝန်းကျင်က အင်အားရစ်ချ်စတာစကေး ၅ ဒသမ ၃ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ကြောင်း မြေငလျင်ဌာနခွဲထံမှ သိရသည်။

အဆိုပါမြေငလျင်သည် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၅၈ မိုင်ခန့်အကွာ မော်လိုက်မြို့၏အရှေ့မြောက်ဘက် ၂၄ မိုင်ခန့်အကွာကို ဗဟိုပြု၍လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး အင်အားအသင့်အတင့်ရှိကြောင်း၊ မြေငလျင်လှုပ်ခတ်မှုကို ဟုမ္မလင်း၊ မော်လိုက်နှင့် ကလေးမြို့တို့တွင် ခံစားသိရှိရသော်လည်း ပျက်စီးဆုံးရှုံးမှုမရှိကြောင်း အဆိုပါဌာန တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

"Depth က နက်နေတဲ့အတွက် India- Myanmar Plate တို့ရဲ့ Subduction ဇုန်မှာဖြစ်တယ်လို့ ယူဆရတယ်" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ပြောကြားသည်။

မြန်မာနိုင်ငံအနောက်ဘက်ခြမ်းဒေသများဖြစ်သည့် ချင်းတောင်တန်းနှင့် နာဂတောင်တန်းဒေသသည် သုတေသနပြုလေ့လာချက်များအရ India Plate (အိန္ဒိယမြေထုချပ်)နှင့် Burma Plate (မြန်မာမြေထုချပ်) နှစ်ခုသည် ထိပ်တိုက်တွေ့ဆုံနေပြီး India Plate မှာ တွန်းကန်မှုတန့်သွားကာ အရွေ့အင်အားစုစည်းနေသည်မှာ နှစ်ပေါင်း ၄၀၀ ကြာမြင့်ခဲ့သည့်အတွက် အင်အားရစ်ခ်ျစတာစကေး ၉ အဆင့်ရှိသည့် အင်အားပြင်းမြေငလျင်ကြီးများ လှုပ်ခတ်နိုင်ခြေရှိကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီမှ Senior Researcher ဒေါ်လှလှအောင်က ဩဂုတ်လ ပထမပတ်အတွင်းက ပြောကြားထားသည်။

ဩဂုတ်လ ၁၉ ရက်နေ့ကလည်း မန္တလေးမြို့အရှေ့မြောက်ဘက်ကိုဗဟိုပြု၍ အင်အားရစ်ချ်စတာစကေး ၄ ဒသမ ၃ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့သည်။ ■

# ရောဝတီမြစ်ဝှမ်းနှင့် မာရီဒါလင်းမြစ်ဝှမ်းဒေသတို့ မိတ်ဖက်မြစ်ဝှမ်းအဖြစ် ပူးပေါင်း

**ရန်ကုန်၊ ဩဂုတ် ၂၃**

ရေလမ်းကြောင်းယိုယွင်းမှုနှင့် ပတ်ဝန်းကျင်ဂေဟစနစ် ပျက်စီးမှုကိုရင်ဆိုင်နေရသည့် ရောဝတီမြစ်ဝှမ်းနှင့် ဩစတြေးလျနိုင်ငံရှိ မာရီဒါလင်းမြစ်ဝှမ်းဒေသတို့ မိတ်ဖက်မြစ်ဝှမ်းအဖြစ် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနထံမှ သိရသည်။

အဆိုပါမြစ်ဝှမ်းနှစ်ခု မိတ်ဖက်အဖွဲ့အစည်းအဖြစ် ပူးပေါင်းခြင်းဖြင့် ရောဝတီမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်၏ချေးငွေဖြင့် လက်ရှိဆောင်ရွက်နေသည့် ရောဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (AIRBM) တွင် ဩစတြေးလျနိုင်ငံက နည်းပညာနှင့် ရန်ပုံငွေ အထောက်အကူပေးမည်ဖြစ်ကြောင်း AIRBM Component 1 ၏ ဒါရိုက်တာဖြစ်သူ ပါမောက္ခ ဒေါက်တာခင်နီနီသိန်းက ပြောကြားသည်။

"မိတ်ဖက်ဖွဲ့လိုက်တဲ့အတွက် ဒီရောဝတီမြစ်ဝှမ်း အကြောင်းပြုပြီး ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ချင်တယ်ဆိုရင် သူတို့ဖြတ်သန်းခဲ့တဲ့အမှားတွေကို ရှောင်နိုင်သွားမယ်" ဟု ၎င်းကဆိုသည်။

ရောဝတီမြစ်ဝှမ်းနှင့် မာရီဒါလင်းမြစ်ဝှမ်းနှစ်ခု ပူးပေါင်းခြင်းဆိုင်ရာ သဘောတူညီမှုစာချွန်လွှာကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း လက်မှတ်ရေးထိုးခဲ့ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနထံမှ သိရသည်။

ဖွံ့ဖြိုးရေးစီမံကိန်းများ အလွန်အကျွံဆောင်ရွက်ခြင်းကြောင့် မာရီဒါလင်းမြစ်ဝှမ်းဒေသ မြစ်၊ ချောင်းအစိတ်အပိုင်းအများစုတွင် မြစ်ရေခန်းခြောက်ခြင်း၊ ငါးသယံဇာတများ လျော့နည်းလာခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်း ဖြစ်ပေါ်လာသည့်အတွက် သုတေသနပြုလေ့လာခဲ့ရာ မြစ် ဝှမ်းဒေသတွင် ရေအသုံးချနိုင်သည့်ပမာဏ အကန့်အသတ်ရှိသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ယင်းကြောင့် ပြန်လည်တွက်ချက်၍ ထိန်းသိမ်းရေးလုပ်ဆောင်ခဲ့ရသည့်အပေါ် သင်ခန်းစာယူ၍ ရောဝတီမြစ်ထိန်းသိမ်းရေးကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါက်တာခင်နီနီသိန်းက ရှင်းပြပြောဆိုသည်။ ■

The VOICE Daily

CARTOON



## ကုသိုလ်လမ်းညွှန်

တတ်အားသရွေ့ကုသိုလ်ပြုနိုင်ဖို့ The Voice စာဖတ်ပရိသတ်တွေကိုလမ်းညွှန်ပေးချင်တာကတော့ ကျန်းမာရေးအလှူပြုနိုင်ဖို့ပါ။ အသက် ၁၄ နှစ် အရွယ်ကိုကျော်ထွန်းအောင်က အောင်မြေသာစံ မင်းတဲအီကင်းရပ်မှာ နေထိုင်ပြီး မွေးရာပါအကြောပျော့ရောဂါဝေဒနာ ခံစားနေရတာပါ။ အရိုးတွေလည်း ပွနေတယ်လို့သိရပြီး ဉာဏ်ရည်လည်း သိပ်မပြည့်ရှာဘူးလို့သိရပါတယ်။ စတီးချောင်း ထည့်ဖို့ လိုအပ်နေပြီး လမ်းမလျှောက်တာမို့ ဖင်တရွတ်တွန်းသွားနေရတာဖြစ်ပါတယ်။ ဖခင်ဖြစ်သူက လက်သမားဖြစ်ပြီး မိခင်ဖြစ်သူက အဝတ်လျှော်တဲ့အလုပ် လုပ်ကိုင်နေတာမို့ ကုသစရိတ်အတွက် အခက်အခဲဖြစ်နေတယ်လို့ သိရပါတယ်။ ဆက်သွယ်လှူဒါန်း လိုတယ်ဆိုရင် One To One ပြည်သူ့ ကူညီရေးအဖွဲ့ ဖုန်း- ၀၉ ၄၄၂၀၂၄၂၄၄ ၊ ၀၉ ၄၀၂၅၇၇၁၄၃ ကို ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### မန်ယူနဲ့ပတ်သက်တာတွေ တစ်နေရာတည်းမှာ စုစည်းရောင်းပေးနေတဲ့ MU-69 Gift & Wear

ဘောလုံးပွဲတွေကိုသဲကြီးမဲကြီး အားပေးနေပြီး ကိုယ်နှစ်သက်တဲ့အသင်း ကလည်း Manchester United ဖြစ်နေတယ်ဆိုရင်တော့ ဆိုင်သစ်ဖွင့်လှစ် လိုက်တာမကြာသေးတဲ့ MU–69 Gift & Wear ဆိုတဲ့ဆိုင်ကို သွားကြည့်ဖို့ ညွှန်ပေးချင်တယ်။ ဒီဆိုင်လေးက မန်ယူနဲ့ပတ်သက်တဲ့ Accessories တွေနဲ့ ဂျာစီအမျိုးမျိုးကို စုစည်းရောင်းပေးနေတာဖြစ်ပြီး ထိုင်းနိုင်ငံထုတ် A Grade မန်ယူ Sport Shirt/ T Shirt တွေကို ရောင်းပေးနေတာပါ။ လက်လီတစ်ထည် ချင်းဝယ်ယူနိုင်သလို လက်ကားဝယ်လိုသူတွေလည်း ဆက်သွယ်နိုင်တယ်လို့ သိရပါတယ်။ နေပြည်တော်၊ မန္တလေးနဲ့ တခြားမြို့တွေက မှာယူသူတွေကို ကားဂိတ်အရောက် ပို့ဆောင်ပေးတယ်လို့ သိရပြီး ကိုယ်တိုင်ကိုယ်ကျ စိတ်တိုင်းကျ ရွေးဝယ်လိုတယ်ဆိုရင်တော့ United Living Mall Center (တတိယထပ်)၊ L4-06 (ကျိုက္ကဆံလမ်းမ အလုပ်သမားဆေးရုံရှေ့) မှာ သွားဝယ်နိုင်ပြီး အသေးစိတ် သိလိုတယ်ဆိုရင် ဖုန်း-၀၉ ၇၃၀၉၆၉၉၆ ၊ ၀၉ ၄၂၀၀၆၀၆၉၉ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■




ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

**နိုင်ငံ**တော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ တရုတ်ပြည်ခရီးစဉ်အပေါ် မြန်မာပြည်သူလူထုက အတော်လေး အားထားခဲ့ကြပါတယ်။ အားခဲထားသလောက်လည်း ရသင့်သလောက်ရခဲ့မယ်လို့ မြန်မာပြည်သူလူထုက မျှော်လင့်နေကြပါတယ်။ ၂၀၁၆ ဩဂုတ်လ ၂၂ ရက်နေ့ ညနေ ၄း၂၁ နာရီမှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက အချက် (၁၀) ချက်ပါတဲ့ ပူးတွဲသတင်းထုတ်ပြန်လိုက်ပါတယ်။ ထုတ်ပြန်ချက်ကတော့ ယခင်ယခင့် နောင်တော်အစိုးရအကြီးအကဲများရဲ့ တရုတ်ခရီးစဉ်တိုင်းမှာ ကြေညာခဲ့ကြသလိုပါပဲ။ ထိုနည်းၑင်းအတိုင်းဖြစ်ပါတယ်။ အဲဒီထုတ်ပြန်ချက်က အွန်လိုင်းဖေ့စ်ဘွတ်ပေါ်မှာ ချက်ချင်းဆိုသလိုတက်လာလို့ နောက်တစ်နေ့ ဩဂုတ် ၂၃ ရက်နေ့ထုတ် NLD အစိုးရသတင်းစာများမှာ ဖော်ပြတော့မှပဲ အသေအချာဖတ်တော့မယ်ဆိုပြီး သဘောလောက်ပဲ ဖတ်လိုက်ရပါတယ်။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ NLD အစိုးရသတင်းစာများမှာ ဖော်ပြတာ မတွေ့ခဲ့ရပါဘူး။

## နိုင်ငံအတွက်

'ဖေ့စ်ဘွတ်ခ်' မှာ ဖော်ပြတဲ့ သတင်းထုတ်ပြန်ချက်ကိုတော့ 'ကွန်မင့်' တွေပေးကြတာ အများကြီးပဲ။ သတိထားမိတာက ခံစားချက်ကွန်မင့်တွေများပါတယ်။ အန်တီစုကိုချစ်ကြတဲ့ပရိသတ်ကလည်း ချီးကျူးလို့ မဆုံးပါပဲ။ မုန်းကြတဲ့သူတွေကလည်း အကောင်းမမြင် ဆဲဆိုချင်ကြတာ သတိထားမိပါတယ်။ 'ကွန်မင့်' တွေဟာ နိုင်ငံအတွက် အကျိုးဖြစ်စေဖို့ စိတ်စေတနာတွေထားပြီး ဦးနှောက်နဲ့စဉ်းစားပေးတဲ့ ကွန်မင့်တွေ (Positive Comment) ဖြစ်ပါစေလို့ တောင့်တမိပါတယ်။

## မေးပါရစေ

တရားဝင်သတင်းထုတ်ပြန်ရာမှာ ခေါင်းစဉ်ကို 'မြန်မာ-တရုတ် ပူးတွဲသတင်းထုတ်ပြန်' လို့ ဖော်ပြထားတဲ့အတွက် နှစ်နိုင်ငံ သဘောတူညီချက် (Agreement) မဟုတ်သေးဘူးလို့ နားလည်လိုက်ပါတယ်။ ဘယ်လိုအကြောင်းအချက်တွေ ဆွေးနွေးခဲ့ကြတယ်ဆိုတဲ့ သတင်းပေးချက်အဖြစ် သတိထားမိပါတယ်။ အပိုဒ် (၁)မှာ နှစ်နိုင်ငံ ဦးတည်ထားတာက 'အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှုကို အနာဂတ်ကာလတွင် ဆက်လက်ဖော်ဆောင်ရေး' လို့ဆိုပါတယ်။ အပိုဒ် (၂)မှာ 'ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး၊ အိမ်နီးချင်းကောင်း ချစ်ကြည်ရေးမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်၊ နှစ်နိုင်ငံလုံးအတွက် ပိုမိုကောင်းမွန်သော တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးသည့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်သွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့ကြသည်' လို့ ဖော်ပြထားတယ်။ ဖိုးသောကြာတစ်ယောက်တည်းအနေနဲ့ တရုတ်ကိုမေးပါရစေ။ 'တကယ်ယုံရမှာလားလို့၊ မြန်မာနိုင်ငံမှာ အစိုးရတစ်ရပ် အပြောင်းအလဲဖြစ်တိုင်း ပေါက်ဖော်ကြီးပြောတဲ့ ပြောနေကျစကားတွေပဲလား' လို့ သတင်းထောက်တစ်ယောက်အနေနဲ့ ကွမ်းလုံရက် (၄၀) နဲ့ ဟိုက်ကမ်းပါးတိုက်ပွဲတွေက မြန်မာ့တပ်မတော်သားတွေရဲ့ 'သွေး'တွေ သံလွင်မြစ်ထဲမှာ ရဲရဲနီခဲ့တာ မေ့မရသေးလို့ ဖြစ်ပါတယ်။ 'အိမ်နီးချင်းကောင်းချစ်ကြည်ရေးမူဝါဒကို ဆက်လက်ကျင့်သုံးသွားမယ်။ နှစ်ဖက်ပြည်သူများရဲ့အကျိုးစီးပွားနဲ့ နှစ်နိုင်ငံလုံးအတွက် ပိုမိုကောင်းမွန်သော တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးတဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်သွားမယ်' လို့ အပိုဒ် (၂) မှာ ဖော်ပြတာတွေ့ရပါတယ်။ 'အိမ်နီးချင်းကောင်း ချစ်ကြည်ရေး' ကို မြန်မာထက် အဆမတန် အင်အားသာလွန်တဲ့ အိမ်နီးချင်း တရုတ်က ပိုမိုလိုက်နာဆောင်ရွက်သင့်တယ် မဟုတ်ပါလား။

## သက်သေ

မြန်မာနိုင်ငံဟာ 'အမေရိကန်မုန်းတီးရေး' ကို ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရလက်ထက်ကတည်းက စတင်ခဲ့ပေမယ့် တရုတ်နဲ့လည်း ဆက်ဆံရေးမချောခဲ့ပါဘူး။ တရုတ်အစိုးရက နှစ်နိုင်ငံဆက်ဆံရေးကို ပုံမှန်အဆင့်မှာပဲထားပြီး တရုတ်ကွန်မြူနစ်ပါတီကတော့ ဗမာပြည်ကွန်မြူနစ်ပါတီ (BCP)နဲ့ အဆင်ချောခဲ့ပါတယ်။ သက်သေကတော့ သံလွင်အရှေ့ခြမ်းမှာ၊ 'ဝ' တိုင်းရင်းသားတွေနဲ့ စည်းရုံးပြီး 'ဝ'အယောင်ဆောင် အသွင်ယူထားတဲ့ တရုတ်ကွန်မြူနစ်ပါတီဝင်တွေ ကေဒါတွေကိုယ်တိုင် ဗကပ အမည်ခံပြီး လက်နက်အစုံအညီနဲ့ ကျူးကျော်ခဲ့ကြလို့ပါပဲ။ သတင်းထောက် ဖိုးသောကြာကိုယ်တိုင် တရုတ်-မြန်မာ နယ်ခြား ပန်ဝိုင် (ဟိုပန်မြို့နယ်) (တပ်မတော်မဆုတ်တမ်းခံတပ်)အထိ ရောက်ခဲ့ပြီး တရုတ်တပ်တွေနဲ့ ဗကပ အမည်ခံ 'ဝ' နဲ့ တရုတ်တပ်တွေနဲ့ စစ်ကစားနေရတာကို မျက်မြင်တွေ့ခဲ့ရလို့ပါပဲ။ ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး လှမြင့် (နောင်အရှေ့ပိုင်းတိုင်းမှူး)နဲ့ အမြောက်နဲ့သံချပ်ကာ ယန္တရားတပ်မှူး ဒုတိယဗိုလ်မှူးကြီးဟန်ရင်တို့ တာဝန်ထမ်းဆောင်နေချိန်မှာဖြစ်ပါတယ်။ ဒုဗိုလ်မှူးကြီးဟန်ရင် အိမ်မှာဆိုရင် ဧည့်ခန်းထဲမှာ 'တရုတ်စစ်သူကြီး




ဂါမဏိ' နဲ့ မြန်မာ-မွန်တိုင်းရင်းသား သူရဲကောင်းသမိန်ဗရမ်းတို့ စီးချင်းထိုးတိုက်ပွဲဝင်နေတဲ့ ပန်းချီကားကြီးကို ချိတ်ထားပြီး 'ကျွန်တော်တို့တစ်သက်တိုက်ရမယ့်ရန်သူ' လို့တောင် ဖိုးသောကြာကို ပြောခဲ့ပါတယ်။ အဲဒီတရုတ်မွေးထားတဲ့ ဗကပတွေဟာ တော်လှန်ရေးကောင်စီနဲ့ သူမွေးဖွားလိုက်တဲ့လမ်းစဉ်ပါတီအစိုးရကို ၁၉၈၈ ခုနှစ်ထိ ဒုက္ခအကြီးအကျယ်ပေးခဲ့ပါတယ်။ တရုတ်တို့ရဲ့ 'အိမ်နီးချင်းကောင်း ချစ်ကြည်ရေးမူဝါဒနဲ့ ပိုမိုကောင်းမွန်သော တည်ငြိမ်ရေး' ဆိုတာကို မြန်မာပြည်သူတွေ ယုံကြည်လက်ခံလာအောင် လက်တွေ့လုပ်ပြဖို့တော့ တောင်းဆိုလိုပါတယ်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာပြည်သူအများစုက ယုံကြည်အားထားလက်ခံထားတဲ့ နိုင်ငံရေးခေါင်းဆောင်ဖြစ်တယ်ဆိုတာကို တရုတ်တို့က အသိအမှတ်ပြုရင်ပေါ့လေ။

## စဉ်းစား

စာပိုဒ်အချက် (၃) မှာ နှစ်နိုင်ငံအကြား အဆင့်အသီးသီးတွင် အထူးသဖြင့် 'နိုင်ငံရေးပါတီများနဲ့ ပြည်သူများအကြား' လို့ ဖော်ပြထားပုံအရ 'နိုင်ငံရေးပါတီများ' လို့ သုံးနှုန်းထားတဲ့အတွက် ဗကပအပါအဝင် မတရားအသင်းကြေညာထားတဲ့ နိုင်ငံရေးပါတီတွေ မပါဝင်ပါစေနဲ့လို့ မျှော်လင့်မိပါတယ်။ စာပိုဒ်အချက် (၄)မှာလည်း 'အသွင်အမျိုးမျိုးဖြင့်' ချစ်ကြည်ရင်းနှီးမှု ဖလှယ်ရေးဆိုတဲ့အချက်ဟာလည်း သိပ်ကိုယေဘုယျဆန်လွန်းတဲ့အတွက် တကယ်တမ်း အကောင်အထည်ဖော်တော့မယ်ဆိုရင် အလေးအနက်စဉ်းစားသင့်ပါတယ်။

## တရုတ်ကဖိ ရှမ်းကအိ

စာပိုဒ်အချက်(၆) မှာ 'ခေတ်သစ်ပိုးလမ်းမကြီး (Belt and Road Initiative) ဆိုတဲ့ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယနဲ့ မြန်မာ (BCIM) စီးပွားရေးစင်္ကြံကနဦးဆောင်ရွက်ချက်များကိုစ္စကိုတော့ ယခင်အစိုးရက ကြိုဆိုတာက စတာ' လို့ ဖော်ပြထားပါတယ်။ လက်ရှိ NLD အစိုးရကတော့ ယခင်အစိုးရဆောင်ရွက်ချက်ကို သံတမန်အစဉ်အလာအရ ဆက်လက်အသိအမှတ်ပြုတာဖြစ်ပေမယ့် ပြည်သူလူထုမျက်နှာနဲ့ အလေးအနက်ထပ်မံ စဉ်းစားရမယ့်ကိစ္စဖြစ်ပါတယ်။ အလားတူ တရုတ်-မြန်မာ ချစ်ကြည်ရေးလမ်းမကြီးကို ၁၉၆၁-၆၂ ဦးနု ပထစအစိုးရလက်ထက်မှာ တစ်ကြိမ် ကြိုးပမ်းခဲ့တဲ့ သမိုင်းရှိပါတယ်။ 'တရုတ်ကဖိ-ရှမ်းကအိ' အမြင်နဲ့ အတိုက်အခံ ဖဆပလ (တည်မြဲ) က အပြင်းအထန် ကန့်ကွက်ခဲ့တာကို ပြန်သုံးသပ်စေချင်ပါတယ်။

## အစာမကြေ

ယခင်အစိုးရလက်ထက်ကဖွဲ့စည်းခဲ့တဲ့ '(စီးပွားရေးနဲ့ ကုန်သွယ်ရေး ပူးတွဲကော်မတီ) (စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု ကော်မတီ)နဲ့ (လျှပ်စစ်ပူးပေါင်း ဆောင်ရွက်မှုကော်မတီ) အပါအဝင် ပူးပေါင်းဆောင်ရွက်မှု ယန္တရားများကို ကောင်းမွန်စွာ ဆက်အသုံးပြုသွားကြမည်' ဆိုတာလည်း ပါနေပြန်တယ်။ ယခင်အစိုးရလက်ထက်က ဖွဲ့စည်းခဲ့တဲ့ အဲဒီကော်မတီ (၃) ရပ်ဟာ မြန်မာပြည်သူတွေ လုံးဝအစာမကြေတဲ့ မြစ်ဆုံစီမံကိန်း၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနဲ့ ကျောက်ဖြူစီမံကိန်းတွေရဲ့ လက်သည်ဖြစ်တယ်လို့ သံသယတွေ များနေကြပါတယ်။ အထင်ရှားဆုံး သာဓကတစ်ခုက 'မြစ်ဆုံ' ဖြစ်ပါတယ်။ မြစ်ဆုံစီမံကိန်းကို NLD အစိုးရ က ပြန်လည်သုံးသပ်နေရတဲ့အထိဖြစ်လာတာ သာဓကပါ၊ (ဒီနေရာမှာ မြန်မာဆည်မြောင်း အင်ဂျင်နီယာပညာရှင်နဲ့ ဦးခင်မောင်ချစ်ရဲ့သုံးသပ်ချက် မော်ကွန်းမဂ္ဂဇင်း အမှတ်/၃၄ (၂၀၁၆ ဧပြီ)ကို လေ့လာဖို့လည်း တိုက်တွန်းလိုပါတယ်)။ အလားတူ လက်ပံတောင်းတောင်စီမံကိန်းနဲ့ပတ်သက်လို့ ယခင်အစိုးရလက်ထက်က ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ခေါင်းဆောင်တဲ့ စုံစမ်းရေးကော်မရှင်ဖွဲ့ခံရတာကိုလည်း မမေ့ကြစေလိုပါဘူး။ ဒါတွေအားလုံးဟာ တရုတ်တို့ရဲ့မြန်မာအပေါ် မရိုးသားသေးတဲ့ သဘောထားတွေလို့ ယူဆမိပါတယ်။

## မီးစတစ်ဖက် ရေမှုတ်တစ်ဖက်

စာပိုဒ်အချက် (၇)မှာ ပါတဲ့ 'ထိုင်ဝမ်၊ တိဘက်' နဲ့ ရှင်းကျန်းဒေသအရေးကိစ္စတို့နဲ့ပတ်သက်လို့ တရုတ်ရပ်တည်ချက်ကို နားလည်ထောက်ခံတယ်ဆိုတာတွေက မရှင်းလှပေမယ့် 'တောင်တရုတ်ပင်လယ်' အရေးကိစ္စကိုတော့ မြန်မာတို့က နားလည်ပေးဖို့ဆိုရင် တရုတ်တို့က မြန်မာအပေါ် မရိုးသားခဲ့ဖူးတဲ့ပြဿနာတွေနဲ့ နှိုင်းယှဉ်ကိုယ်ချင်းစာဖို့ လိုအပ်တာပေါ့။ စာပိုဒ်အချက် (၈)မှာ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တရုတ်က ထောက်ခံအားပေးတယ်လို့ ဖော်ပြ

> **ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တရုတ်က ထောက်ခံအားပေးတယ်လို့ ဖော်ပြထားခဲ့ပါတယ်။ ဒီစကားကို ယခင်အစိုးရများ လက်ထက်ကတည်းကပြောခဲ့တာမို့ ရိုးအီနေပါတယ်။ လက်တွေ့မှာတော့ 'မီးစတစ်ဖက် ရေမှုတ်တစ်ဖက်' ပါပဲ။ သက်သေကတော့ ရှင်းပါတယ်။ ကိုးကန့်ဖုန်ကြားရှင်တို့ MNDAA ဘာလို့ လှုပ်ရှားနိုင်တာလဲ။**

ထားခဲ့ပါတယ်။ ဒီစကားကို ယခင်အစိုးရများလက်ထက်ကတည်းက ပြောခဲ့တာမို့ ရိုးအီနေပါတယ်။ လက်တွေ့မှာတော့ 'မီးစတစ်ဖက် ရေမှုတ်တစ်ဖက်' ပါပဲ။ သက်သေကတော့ ရှင်းပါတယ်။ ကိုးကန့်ဖုန်ကြားရှင်တို့ MNDAA ဘာလို့ လှုပ်ရှားနိုင်တာလဲ။ 'ဝ' ဒေသမှာ အင်အားအကြီးအကျယ်တည်ဆောက်နေတာကို တပ်မတော်က သိသိကြီးနဲ့ ဘာလို့ 'မတို့မထိ' ဖြစ်နေရတာလဲ။ တရုတ်ကြီးတို့ လက်တွေ့ကူညီပြစေချင်တာက မြန်မာပြည်သူတို့ရဲ့ ရင်ထဲဆန္ဒဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ တရုတ်ခရီးစဉ်အပေါ် မေးခွန်းတွေ အများကြီးကျန်နေသလို အဖြေတွေလည်း ကျန်နေဆဲပါပဲ၊ တရုတ်ကြီးကို အသိပေးချင်တာက 'ဒေါ်အောင်ဆန်းစုကြည်' ဟာ 'လူထုအာဏာရှင်' ဖြစ်တယ်။ မြန်မာပြည်သူလူထုက ဒေါ်အောင်ဆန်းစုကြည်ကို ယုံတယ်။ ဒါကို တရုတ်ကြီးက အခွင့်အရေးမယူမိဖို့တော့ လိုပါမယ်။ ဒေါ်အောင်ဆန်းစုကြည်အပေါ် တရုတ်ကြီးက ယခင့်ယခင်အစိုးရများကဲ့သို့ 'မီးစတစ်ဖက် ရေမှုတ်တစ်ဖက်' ပေါ်လစီကို ဒီတစ်ခါကျင့်သုံးရင်တော့ မြန်မာပြည်သူတွေက တရုတ်ကြီးကို 'ဆွေမျိုးပေါက်ဖော်'အဆင့်က လျှော့ချတော့မှာသေချာတာမို့ တရုတ်ကြီးက ဒီတစ်ချီမှာတော့ ပေါက်ဖော်အိမ်နီးချင်းဆွေမျိုးကောင်းဖြစ်ကြောင်း လက်တွေ့ 'ပြ' ပေးပါတော့လို့ တောင်းဆိုပါတယ်။

**ဖိုးသောကြာ (ခေတ်+မိုး)**

ဒီနှစ် နှစ်ဆန်းပိုင်းလောက်က တရုတ်ပြည်ကို တာဝန်နဲ့ ရောက်ခဲ့ပါတယ်။ မြန်မာပြည် ရန်ကုန်ကနေ ကူမင်းကို လေယာဉ်နဲ့သွားတော့ ရန်ကုန်- မန္တလေး အမြန်လမ်းကို ကောင်းကင်ကနေ (Aerial View) နဲ့မြင်လိုက် ရမှဖြောင့်မလိုလိုနဲ့ကွေ့ကောက်နေတာ သတိထားလိုက်မိပါတယ်။ ကူမင်းရောက်တော့ လေဆိပ်မှာ မစ္စတာလီက လာကြိုနေပြီး လေဆိပ်ကနေ မစ္စတာလီရဲ့ကားနဲ့ ချူချုံး (Chuxiong) ကို ဆက်ထွက်ခဲ့ကြပါတယ်။

လေဆိပ်ကနေ ကူမင်းမြို့ကိုဖြတ်ပြီး ဟိုင်းဝေးလမ်းမကြီးအတိုင်း သွားရတာပါ။ လမ်းကြီးက တော်တော်ကောင်းပြီး နိမ့်လိုက် မြင့်လိုက်မရှိသလို အကွေ့အကောက်လည်း တော်တော်နည်းပါတယ်။ ကီလိုမီတာ ၁၅၀ လောက်ထိ မောင်းတာတောင် ငြိမ်နေတာပါပဲ။ ကားပေါ်မှာ ထိုင်လိုက်လာရင်း မြန်မာပြည်က ဟိုင်းဝေးလမ်းမကြီးနဲ့ နှိုင်းယှဉ်စဉ်းစားနေမိပါတယ်။ မစ္စတာလီကလည်း မြန်မာလိုကောင်းကောင်းတတ်တော့ ကျွန်တော်သိချင်တာတွေ ကားစီးလာရင်း မေးမိပါတယ်။

"လမ်းကြီးက ကောင်းလိုက်တာဗျာ။ ဖောက်ထားတာ ကြာပြီလား မစ္စတာလီ"

"မကြာသေးဘူးဗျ။ လွန်ခဲ့တဲ့ ၅ နှစ် ၆ နှစ်လောက်ကမှ ဖောက်တာ။ ဒီလမ်းက ရွှေလီထိပေါက်တယ်လေ။ ဟိုးမှာ မြင်ရလား... ကွေ့ကွေ့ကောက်ကောက်နဲ့ တောင်ကိုပတ်ပြီးဖောက်ထားတာ အဲဒါက လမ်းဟောင်းလေ။ အရင်တုန်းက ကူမင်းကနေ ရွှေလီသွားရင် ၆ ရက်လောက်ကြာတယ်။ ခုတော့ နေ့ချင်းပေါက်ရောက်တယ်"

အင်း... ဒါဆို မြန်မာပြည်က ရန်ကုန်-မန္တလေး အမြန်လမ်းဖောက်ချိန်နဲ့ သိပ်မကွာဘူးလို့ သိလိုက်ရပါတယ်။

**မြန်မာပြည် ခြံစည်းရိုးလေးကျော်ပြီး ငုံ့ကြည့်လိုက်ရင် အိန္ဒိယ၊ တရုတ်၊ ထိုင်း နီးနီးလေးပဲ။ နည်းနည်းလေးတော့ အတုယူပြီး လေ့လာလုပ်ကိုင်သင့်တယ်လို့ ထင်မိပါတယ်။**

"ဒီလမ်းဖောက်တာ အစိုးရက ပိုက်ဆံတော်တော်ကုန်မှာပဲနော် မစ္စတာလီ"

"အစိုးရက ဘာမှ မကုန်ဘူးလေ... ပိုက်ဆံတောင် ရသေးတယ်"

"ဗျာ... ဘာလို့လဲ"

"ဒီလမ်းကို ဗဟိုအစိုးရက ကိုင်တယ်။ ယူနန်အစိုးရက လုပ်လို့မရဘူး... တင်ဒါခေါ်တုန်းက ပီကင်းထိလိုက်ပြိုင်ရတာ... သူတို့လိုချင်တဲ့ ပုံစံအတိုင်း လုပ်ပေးနိုင်တဲ့ကုမ္ပဏီတွေက တင်ဒါရတယ်လေ...တင်ဒါအောင်ရင် စာချုပ်ပြုပြီး ဗဟိုဘဏ်မှာ ကုမ္ပဏီတွေက ငွေချေးလို့ရတယ်... အတိုးတော့ ပေးရတာပေါ့... အစိုးရက တစ်ပြားမှ မပေးဘူး"

"လမ်းညွှန်ဆိုင်းဘုတ်အောက်မှာ CCTV ကင်မရာတွေ တွေ့တာယ်ဗျ"

"ဟုတ်တယ်... ရဲက ရုံးကနေ စောင့်ကြည့်နေတာ...သတ်မှတ်မိုင်နှုန်းကျော်ရင် လှမ်းသတိပေးတယ်... စည်းကမ်းဖောက်ရင် ကားလိုင်စင်သက်တမ်းတိုးချိန်မှာ ဒဏ်ကြေးဆောင်ရတယ်"

"Toll Gate တွေမှာ အစပိုင်းတုန်းက ကတ်ပြားပေးပြီး နောက်ဂိတ်တွေကျတော့ ဘာလို့ ပိုက်ဆံပေးရတာလဲ မစ္စတာလီ"

"အမြန်လမ်း စတက်တာနဲ့ ပထမဆုံး Toll Gate မှာ ကတ်ပြားထည့်လိုက်တုန်းက စက်က စမှတ်ထားတာ... လမ်းမှာတွေ့တဲ့ ဂိတ်တွေမှာ ကတ်ပြားထည့်လိုက်ရင် လမ်းကြေးကျသလောက် ဖြတ်လိုက်တယ်... အစွန်းထွက်လည်း အတိအကျပဲ... ကျွန်တော့်ကတ်က ငွေဖြည့်ထားတာကုန်သွားလို့ နောက်ဂိတ်တွေမှာ ပိုက်ဆံထုတ်ပေးလိုက်တာ...ခဏနေပြမယ်... လမ်းမှာ ဖိုင်ဘာကြိုးဆွဲနေတာကို ဟိုမယ်တွေ့လား...အဲဒါ ဆက်သွယ်ရေးကုမ္ပဏီက ဖိုင်ဘာလိုင်းဆွဲနေတာ။ အဲဒီဖိုင်ဘာနဲ့ ဖုန်းလိုင်းလည်းရတယ်။ ရဲကလည်း CCTV ကို ဖိုင်ဘာလိုင်းနဲ့ သုံးတယ်။ Toll Gate က ကတ်ထည့်တဲ့စက်တွေ၊ ငွေကောက်တဲ့စက်တွေကို Network



ချိတ်ပြီး ကူမင်းက Server နဲ့ ဆက်ထားတယ်။ လမ်းဖြတ်သန်းခ ဘယ်လောက်ရတယ်ဆိုတာ ရုံးကနေ စစ်လို့ရတယ်...လိမ်လို့မရဘူး"

" Toll Gate က ငွေကောက်တဲ့သူတွေက ယူနီဖောင်းနဲ့ ပိကက်နဲ့ဆိုတော့ ရဲတွေလားဗျ"

"ဟားဟားဟား... ရဲ မဟုတ်ပါဘူးဗျ... ကုမ္ပဏီဝန်ထမ်းတွေပဲ။ သူတို့က အဲလို သပ်သပ်ရပ်ရပ်ဝတ်ရတယ်။ ဖြတ်သွားတဲ့ ကားတွေကိုလည်း ကောင်းကောင်းမွန်မွန် ဆက်ဆံရတယ်... မလုပ်ရင် အစိုးရက ဒဏ်ရိုက်တယ်လေ"

"တောင်တွေတိုင်း လိုဏ်ဂူဖောက်ထားတယ်နော်။ လိုဏ်ခေါင်းထဲမမှောင်အောင် မီးတွေထွန်းထားသေးတယ်... မီး ဘယ်လိုသွယ်လဲဗျ"

"ဟိုင်းဝေးလမ်းတစ်လျှောက် ခွဲရုံတွေရှိတယ်... အဲဒီက ယူထားတာ"

"ကျောက်ဖြူကနေ ကူမင်းအထိ Gas ပိုက်လိုင်း ရှိတယ်လေ... ကျွန်တော်တို့ဆီမှာ လမ်းဘေးတစ်လျှောက် ထင်းနေတာပဲ... အခု ကျွန်တော်ကြည့်နေတာ ပိုက်လိုင်းမတွေ့ဘူးဗျ"

"သေချာတော့ မသိဘူး... ပြောတာတော့ ပိုက်လိုင်းက ကားလမ်းအောက်မှာတဲ့"

အင်း ... တရုတ်ကြီးကတော့ Well Plan နဲ့ ဟိုင်းဝေးလမ်းရော၊ Gas Pipe Line ရော၊ ဖိုင်ဘာလိုင်းရော၊ ဓာတ်အားလိုင်းရော စုပေါင်းပြီး Infrastructure ကို အကုန်အကျနည်းပြီး Multi Purpose Road ဖောက်တာဖြစ်မယ်။ တော်တော်လေးကို ကောင်းတဲ့လမ်းကြီးပါဗျာ။ တရုတ်ပြည်တစ်ဝန်း ဒီလိုလမ်းတွေ အများကြီး ဖောက်ထားကြောင်း၊ ဆက်လည်းဖောက်နေကြောင်း သိလိုက်ရပါတယ်။ လမ်းတွေကို အတိုဆုံး၊ ကုန်ကျစရိတ်အနည်းဆုံး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံး ဖြစ်တဲ့ Design ကို တက္ကသိုလ်ကကျောင်းသားတွေက သုတေသန (Research) လုပ်ကြ၊ စာတမ်းတင်ကြပါတယ်။ ကုမ္ပဏီတွေက ကျောင်းတွေနဲ့ ချိတ်ဆက်ထားပြီး အစိုးရက တင်ဒါခေါ်ချိန်မှာ လမ်း Design နဲ့ ရင်းနှီးမြှုပ်နှံမှု တင်ပြပြီး တင်ဒါပြိုင်ကြပါတယ်။ တင်ဒါနိုင်တဲ့ကုမ္ပဏီတွေကို အစိုးရက လုပ်ကိုင်ခွင့်သာချပေးပြီး ငွေတိုက်ရိုက် မထုတ်ပေးပါဘူး။ ကုမ္ပဏီတွေက မိမိငွေနဲ့ စိုက်လုပ်ပြီး လမ်းပြီးရင် ရလာမယ့် ယာဉ်ဖြတ်သန်းခတွေနဲ့ ငွေပြန်ဖော်ကြပါတယ်။ နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ကြတာပါ။ ငွေလိုရင် အစိုးရ ဘဏ်ကနေချေးကြပါတယ်။ ဒီတော့ အစိုးရက စီမံကိန်းတစ်ခုချပေးလိုက်တိုင်း -

(၁) လုပ်ကိုင်ခွင့်/လိုင်စင်ကြေး/တင်ဒါကြေး/မှတ်ပုံတင်ကြေး/ဝင်ငွေခွန်/ကုန်သွယ်ခွန် စတဲ့ အခွန်အခတွေ ရပါတယ်။

(၂) ဘဏ်တွေကနေတစ်ဆင့် အစိုးရက အတိုးရပါတယ်။

(၃) ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းတွေ များစွာပေါ်လာပြီး အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းပြီးသား ဖြစ်သွားပါတယ်။

(၄) ငွေတွေ လှည့်ပတ်စီးဆင်းရင်း နိုင်ငံအတွက်လိုအပ်တဲ့ Basic Infrastructure တွေ ပေါ်ထွက်လာပါတယ်။

(၅) ကုန်စည်စီးဆင်းမှု မြန်ဆန်လာပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေပါတယ်။

(၆) လမ်းဖောက်ဖို့ အမြင့်ပေ (Elevation) တစ်ခုသတ်မှတ်လမ်းဖောက်ထားပြီး တောင်တွေ့ရင် လိုဏ်ခေါင်းဖောက်ထားတော့ စီမံကိန်းကြောင့် တောင်လည်းမဖြိုရ၊ သစ်ပင်လည်း မခုတ်ရ၊ စမ်းချောင်းနဲ့ချောင်းငယ်တွေလည်း မပိတ်တော့ သဘာဝပတ်ဝန်းကျင်လည်း ထိခိုက်မှုမရှိသလောက်နည်းပါတယ်။

(၇) မိုးရွာလို့ တောင်ပြိုတာ၊ ရေကြီးရေကျော်လို့ လမ်းပိတ်တာတွေ မရှိတော့ လမ်းလည်းမပျက်စီးလို့ အပိုငွေလည်း ထပ်မကုန်တော့ပါဘူး။

(၈) ဥယျာဉ်ခြံမြေ၊ လယ်၊ ယာတွေမဖြတ်ရလို့ စီမံကိန်းတစ်လျှောက် ကျေးရွာတွေမှာ စိုက်ပျိုးမြေဆုံးရှုံးနစ်နာမှုမရှိလို့ ပြဿနာလည်း မရှိသလောက်ရှားပါတယ်။

လမ်းပြီးရင် သူတို့ကုန်စည်တွေတောင် မြန်မြန်သယ်နိုင်လို့ အစိုးရကိုတောင် ကျေးဇူးတင်နေကြပါတယ်။

အစိုးရအနေနဲ့ အရင်းမစိုက်ဘဲ Authority သာ ကိုင်ထားပြီး အကျိုးအမြတ်များစွာရတဲ့အပြင် ဘာမှလဲ ရှုံးစရာမရှိတာ တွေ့ရပါတယ်။ ကျွန်တော်တို့ဆီမှာတော့ ရန်ကုန်-မန္တလေး အမြန်လမ်းလေး ဖောက်လိုက်တာ -

(၁) အစိုးရဘဏ္ဍာလည်း သောက်သောက်လဲကုန်
(၂) လမ်းလည်း ကောင်းကောင်းကန်းကန်းမရ
(၃) လယ်မြေတွေဆုံးရှုံး
(၄) သဘာဝပတ်ဝန်းကျင်လည်းထိခိုက်
(၅) ပြဿနာတွေကလည်း ရှင်းလို့မပြီးနိုင်
(၆) လူတွေလည်း သေကြတာ မနည်း
(၇) လမ်းကြေးဆောင်ရင်လည်း အစွန်းထွက်က ပိုယူ
(၈) CCTV အစား လမ်းမှာ ရဲကင်းတွေဆောက် ရဲတွေနေရာဖြန့်ချ၊ ဆိုင်ကယ်နဲ့ ကင်းလှည့်နေလို့ ကုန်ကျစရိတ်တွေ ထပ်တက်တဲ့အပြင် ဝန်ကပိ
(၉) ကျန်တဲ့ ဆိုးကျိုးတွေကလည်း ပြောမကုန် စသဖြင့်။

မြန်မာပြည် ခြံစည်းရိုးလေးကျော်ပြီး ငုံ့ကြည့်လိုက်ရင် အိန္ဒိယ၊ တရုတ်၊ ထိုင်း နီးနီးလေးပဲ။ နည်းနည်းလေးတော့ အတုယူပြီး လေ့လာလုပ်ကိုင်သင့်တယ်လို့ ထင်မိပါတယ်။ ကျွန်တော်လည်းပဲ ခရီးသွားဟန်လွှဲမေးရတာဖြစ်လို့ အချက်အလက်တွေ လွဲကောင်းလွဲနိုင်ပါတယ်။ ဒါပေမဲ့ မြန်မာပြည်က လမ်းဖောက်တဲ့စီမံကိန်းတွေမှာ စီမံခန့်ခွဲမှု လွဲနေတာတော့ မြင်မိပါတယ်။

"မစ္စတာလီ ခင်ဗျားလည်း မြန်မာပြည် ရောက်ဖူးတာပဲ... ကျွန်တော်တို့နိုင်ငံက လမ်းတွေအကြောင်း သိမှာပေါ့" လို့ သွေးတိုးစမ်းရင်း သူ့အမြင် သိချင်လို့ မေးလိုက်တော့...

"သိတယ်...သိတယ်။ လမ်းတွေ ဆိုးနေသေးတယ်...စိတ်မဆိုးနဲ့နော်... မင်းတို့အစိုးရက ပိုက်ဆံ မရှာတတ်ဘူး"တဲ့။

ကဲ ကျွန်တော်တို့တစ်တွေတော့ လွဲနေကြပြီ။ ဘယ်လိုပြင်မှာလဲ၊ ဘယ်တော့ပြင်မှာလဲ၊ ဘယ်သူပြင်မှာလဲ၊ ဘာတွေပြင်သင့်လဲ၊ ဘာတွေကွာသွားလဲ၊ ဘာတွေလွဲနေလဲ မြင်သွားမယ် ထင်ပ။

ခုချိန်ထိတော့ မြန်မာပြည်ဟာ ညမှောင်မှောင် မျက်လုံးပိတ်ပြီး လမ်းလျှောက်နေသူလို ဝါးတားတားနဲ့ ခရီးက မပေါက်သေးပါဘူး။

ကျွန်တော် ချူချုံးကနေ အပြန် ကူမင်းကို ထပ်ရောက်တော့ မိုးမျှော်တိုက်ကြီးတွေ အပြိုင်အဆိုင်ဆောက်နေတာ မြင်ရလို့ စပ်စုထားတာလေးတွေ ရှိသေးတယ်ဗျ။ အခု ရန်ကုန်မှာ ဆောက်လုပ်ရေး ဂယက်ထနေတော့ မရေးသေးတာ ကောင်းမယ်ထင်တယ်နော်။

**ထွန်းဝဏ္ဏ**
**(၂၃.၇.၂၀၁၆)**

(ခရီးသွားရင်း တွေ့ကြုံခဲ့မှုအပေါ် ကျွန်တော့်ရဲ့ပုဂ္ဂလိက အမြင်လေးပါ။ ပုတ်ခတ်အပြစ်ပြောလိုစိတ် လုံးဝမရှိပါ။ ကျွန်တော် အဓိက Comparison လုပ်ပြီး တင်ပြလိုတာက လုပ်နည်းလုပ်ဟန်နဲ့ စနစ်ပါ။)

ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒက လူ့ဘဝတွင် အကျိုးရှိရှိမည်သို့နေထိုင်ရမည်ကို သိရှိနိုင်စေရန်အတွက် ဟောကြားလျက်ရှိသော 'ဘဝဖြောင့်ကြောင်း တစေ့တစောင်း' တရားတော်ကို The Voice Weekly တွင် အပိုင်း ၃၃ အထိ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ The Voice Weekly တွင် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက် ဖော်ပြနိုင်ခြင်းမရှိသဖြင့် ရပ်နားထားခဲ့သော အဆိုပါ 'ဘဝဖြောင့်ကြောင်း တစေ့တစောင်း' တရားတော်ကို The Voice Daily နေ့စဉ်သတင်းစာတွင် အပိုင်း ၃၄ မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့၌ ပုံမှန်ပြန်လည်ဖော်ပြသွားမည်ဖြစ်ပါကြောင်း စာဖတ်သူများကို လေးစားစွာအသိပေးအပ်ပါသည်။

အယ်ဒီတာ

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၁၈)

**ဓမ္မဒူတအရှင်ဆေကိန္ဒ**

ဘဝ ဖြောင့်ကြောင်း တစေ့တစောင်းလို့ အမည်ပေးပြီးတော့ ပြောခဲ့တာ ဟောခဲ့တာတွေ များခဲ့ပါပြီ။ ဘဝဖြောင့်ကြောင်းဆိုတာ အသီးအခြားတော့ မဟုတ်ပါဘူး။ ကိုယ်တွေ့ခဲ့ ကြုံခဲ့တာလေးတွေပေါ်မှာ ကိုယ့်အမြင်လေးတွေနဲ့ ဒီဟာကတော့ကောင်းတယ်၊ ဒီဟာကတော့ မကောင်းဘူးလို့ အဲ့ဒီလို ဆင်ခြင်ကြည့်တဲ့အသိဉာဏ်လေးနဲ့ ဒီလိုလုပ်မိရင်တော့ ကောင်းသား၊ ဒီလိုလုပ်မိတော့ မကောင်းဘူးပေါ့။ ဒီလိုပြောမိရင်တော့ကောင်းသား၊ ဒီလိုပြောမိတော့ မကောင်းဘူးပေါ့။ ဒီလိုစိတ်ကူးမိရင်တော့ ကောင်းသား၊ ဒီလိုစိတ်ကူးမိရင်တော့ မကောင်းဘူးပေါ့လို့ အဲ့ဒီလိုလေးတွေလည်း စိတ်ထဲမှာ ဖြစ်လာရတာပေါ့။ နောက်တစ်ခုကလည်း လူတိုင်းလူတိုင်းမှာ အကုန်တတ်တယ်၊ အကုန်သိတယ်၊ အကုန်ကောင်းတယ်၊ အကုန်တော်တယ်ဆိုတာမရှိဘူးလို့ ပြောရမှာပေါ့လေ ကိုယ့်အတွေ့အကြုံအရ။ သူဒီဟာကောင်းရင် ဟိုကလည်း ဟိုဟာကောင်းရင် ကောင်းမှာပဲ။ တစ်ယောက်နဲ့တစ်ယောက် အကုန်ကောင်းတယ်ဆိုတဲ့လူ မရှိသလို အကုန်မကောင်းဘူး ဆိုတဲ့လူလည်း တော်တော်ရှားပါတယ်။ အဲ့ဒါအပြင် ကောင်းတဲ့လူတွေလည်းရှိနေတာပဲ၊ ဆိုးတဲ့လူတွေ လည်း ရှိနေတာပဲ။ အဲ့ဒီတော့ ကောင်းတဲ့လူလည်းရှိတယ်၊ ဆိုးတဲ့လူလည်းရှိတယ်။ ကိုယ်က ကောင်းတဲ့လူဘက်နေမလား၊ ဆိုးတဲ့လူဘက်နေမလား ဆိုတော့ လွယ်လွယ်ပြောရင်တော့ ကောင်းတဲ့လူဘက်ပဲ နေမယ် လို့ ဒီလိုပြောကြမှာပဲ။

ဒါပေမဲ့ ဘုန်းဘုန်းက အဲ့ဒီလို ကောင်းတဲ့လူဘက် မနေချင်ဘူး။ ဟင် အဲ့ဒီလိုဆိုရင် ဘုန်းဘုန်းက မကောင်းချင်လို့ပေါ့လို့ အဲ့ဒီလိုတော့ဖြစ်မှာ။ အဲ့ဒီလို မဟုတ်ဘူး။ ကောင်းတဲ့လူလည်းတွေ့တယ်၊ ဆိုးတဲ့လူလည်းတွေ့တယ်။ ဆိုးတဲ့သူမျိုးမလုပ်ဘူး ကောင်းတဲ့သူမျိုး လုပ်မယ်ဆိုတာကတော့ ဒီစိတ်ကတော့ရှိပြီးသား ဒီအတိုင်းနေခဲ့တာပါပဲ။ ဒါပေမဲ့ အဲ့ဒါထက်တစ်ဆင့်လေး နည်းနည်းလေးလို့ ပြောရမှာပေါ့။ ကောင်းတဲ့သူလည်းရှိတယ်၊ ဆိုးတဲ့သူလည်းရှိတယ် ကောင်းတာဆိုးတာကို ခွဲသိတဲ့သူဘက်က နေချင်တာ။ မဟုတ်ရင် ဆိုးတဲ့သူဘက်ကလွတ်ပြီး ကောင်းတဲ့သူဘက်က နေရုံလေးဆို စိတ်ထဲအားမရဘူး။ နောက်တစ်မျိုးပြောပြန်ရင် ဘယ်လိုပြောမလဲ ဒါလေးထည့်ပြောလိုက်တာ ကောင်းပါတယ်။ ဘုန်းဘုန်းတို့အိမ်မှာ မိသားစုအကြောင်း ပြောရင်တော့ အဖေညီအစ်ကိုဝမ်းကွဲ အမေညီမအရင်း မိသားစုနှစ်စုနဲ့ နေလာကြတာ။ တစ်အိုးစီ ခွဲချက်စားကြတဲ့အခါရှိတယ်။ အတူတူစားကြတဲ့အခါရှိတယ်။ အဲ့ဒီမှာ အဘွားဆိုတဲ့ အမေ့အစ်မရှိတယ်။ အကြည်ခေါ်တာပေါ့လေ ဒေါ်အုန်းကြည်ပေါ့။ မယ်တော်ကြီးအမေက ဒေါ်စိန်ကြည်။ အမေရှိတယ်။ ဘုန်းဘုန်းကတော့ ဘယ်သူဘာပြောပြော ဟိုဘက်အိမ်လည်း ချစ်အောင်နေတယ်၊ ဒီဘက်အိမ်လည်း ချစ်အောင်နေတယ်။ မိဘတွေကတော့ အဖေကဆိုရင် အေးမင်းကိုချစ်တယ်၊ အမေကဆိုရင် သိန်းမင်းကို၊ ဖိုးတုတ်ကိုချစ်တယ်လို့ ဒီလိုပြောခဲ့ဖူးတာ။ ပိုချစ်တာကို ပြောတာပါ။ ဘာလို့လဲဆို အဘွားက ဘယ်သူ့ပိုချစ်တယ်၊ အကြည်က ဘယ်သူ့ပိုချစ်တယ်၊ ကိုမျိုးသန့် ပိုချစ်တယ်။ ဟာ အဘက ဘယ်သူ့ပိုချစ်တယ် နန်းနွယ်ပိုချစ်တယ် စသည်အားဖြင့် အဲ့ဒီလိုတွေ ပိုချစ်ခံရတဲ့အထဲတော့ ကိုယ်မပါ



ဓာတ်ပုံ - မြင့်မိုးညို

ဘူး။ ဒါပေမဲ့လို့ ချစ်တဲ့အထဲတော့ ဟိုဘက်ကလည်း ချစ်တယ်၊ ဒီဘက်ကလည်းချစ်တယ် အဲ့ဒီလိုလည်းနေတာပေါ့လေ။

ပြောချင်တာတော့ ထမင်းဟင်းစားရင် အိမ်မှာလည်း ချဉ်ပေါင်ဟင်းချက်တယ်၊ အဘွားတို့အိမ်မှာလည်း ချဉ်ပေါင်ဟင်းချက်တယ်ဆိုရင် အဘွားတို့အိမ်သွားစားတာပဲ ချဉ်ပေါင်ဟင်း။ အိမ်မှာလည်း အမဲသားချက်တယ်၊ အဘွားတို့အိမ်ကလည်း အမဲသားချက်တယ်ဆိုရင် အိမ်ကအမဲသားဟင်း စားတာ။ ဘာကွာသလဲပေါ့။ အဘွားချဉ်ပေါင်ဟင်းချက်တာက တကယ် ပုစွန်ခြောက်နဲ့ ပုစွန်ငါးပိနဲ့ ချဉ်ပေါင်ရွက်ကလေးကို ဒယ်အိုးထဲထည့် ခရမ်းချဉ်သီးလေးနဲ့ ငရုတ်သီးလေးနည်းနည်းနဲ့မွှေ ချဉ်ပေါင်ရွက်တွေ ကြေအိနေအောင်မွှေတာ ရေမထည့်ဘဲနဲ့။ နောက်ကျမှာ ဒီဟင်းချက်တာတွေ ပြောပြပါမယ်။ အဘွားက ချဉ်ပေါင်ဟင်းချက်တာကောင်းတယ်။ အမေက အမဲသားဟင်းချက်တာကောင်းတယ်။ ကိုယ့်ပါးစပ်နဲ့ တွေ့တာပေါ့။ ကိုယ်စားလို့ ကြိုက်တာပေါ့။ ပြောချင်တာက အဲ့ဒါပဲ။ ဒီအဘွား ဒီလောက်ဟင်းချက်ကောင်းတာပဲ အမဲသားပါ အမေ့ထက် သာလိုက်ပါလားဆို မသာဘူး။ အမေဒီလောက် ဟင်းချက်ကောင်းတာပဲ ချဉ်ပေါင်ဟင်းပါ အဘွားထက်သာလိုက်ပါလားဆို မသာဘူး။ ဒါလေးကို တွေ့ခဲ့တာ ဒါလေးကို တွေ့ခဲ့တာ။

အဲ့ဒီလိုဆိုတော့ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် သူစွမ်းရာ သူစွမ်းရာ စွမ်းကြတာပဲ။ သူတော်ရာတော်ရာ တော်ကြတာပဲ။ ကောင်းတဲ့သူတွေချည်းပဲ။ ခုခေတ်လိုပြောရင် စပယ်ရှယ်လစ် ခေါ်မလား ဘာခေါ်မလဲမသိဘူး။ သူကောင်းရာ ကောင်းကြတာပဲ။ အဲ့ဒါလေးကို ဘုန်းဘုန်းက သိတဲ့မြင်တဲ့ဘက်က နေချင်တာ။ ဆိုးတဲ့ဘက်က မနေချင်ဘူး၊ ကောင်းတဲ့ဘက်က နေချင်တယ်။ ကောင်းတဲ့ဘက်ကချည်းပဲ တစ်သက်လုံးနေမယ်။ အဲ့ဒီလိုမျိုးကြီးတော့ စိတ်ကဖြစ်တော့ဖြစ်ပေမယ့် အဲ့ဒီလိုကြီးကို အားမရဘူး။ ဘယ်သူတွေ ဘာကောင်းသလဲ။ အဘွား ချဉ်ပေါင်ဟင်းချက်တာ ကောင်းတယ်ဆို သူဟင်းချက်တဲ့အချိန် ကိုယ်သွားစားမှာပဲ။ ငယ်ကတည်းက အကျင့်။ အမေ အမဲသားဟင်းချက်တာကောင်းတယ် အမေ အမဲသားဟင်းချက်တဲ့အချိန် ဒီဘက်စားမှာ။ အဘွား ဝက်သားချက်တာကောင်းတယ်။ အမေက ငါးပိချက် ချက်တာကောင်းတယ်။ လူတစ်ယောက်ကို ကြည့်တဲ့အခါမှာ သူဘာစွမ်းဆောင်နိုင်သလဲ အဲ့ဒါကို အများကြီးကြည့်တယ်။ ဒါဖြင့် ဘာကျေးဇူးများလာလဲ။ နှစ်ပိုင်းရှိတာပေါ့။ စောစောက ပြောပြီးသား။ ဆိုးတဲ့ဘက် ကိုယ်မနေဘူး၊ ကောင်းတဲ့ဘက် ကိုယ်နေမယ်။ ကောင်းတဲ့ဘက် ကိုယ်နေတယ်ဆိုတဲ့ အဆင့်ထက်ကျော်ပြီးတော့ ဒီလူဟာဆိုးတယ် ဒီလူဟာကောင်းတယ် ဆိုတာကို ခွဲခြားသိတဲ့ဘက်က နေမယ်။ အဲ့ဒါထက် တစ်ဆင့်တက်ပြီးတော့ ကောင်းတာချင်းအတူတူ ဒီလူ့မှာ ဘာပိုကောင်းသလဲ။ ဒီလူ့မှာ ဘာပိုကောင်းသလဲ အဲ့ဒါကို သိအောင်ကြိုးစားတယ်။ သိလာတယ်ဆိုပါစို့၊ ဒါဟာ ဘယ်လောက်ကျေးဇူးများတုံးဆို ဘုန်းဘုန်း အင်ဂျင်နီယာဖြစ်တဲ့အခါကျတော့ ကောင်းတဲ့ တော်တဲ့ အလုပ်သမားတွေနဲ့ပဲ တွေ့တယ်။ အဲ့ဒီအထဲမှာကိုက ဘယ်သူက ဘာပိုသာသလဲ။ လုပ်ငန်းစီမံတဲ့အခါကျတော့ တအားအရေးကြီးသွားတယ်။

ဒါ ဘုန်းဘုန်းအနေနဲ့ ပြောတာ။ မိဘအနေနဲ့ပြောရင် မိဘ ကိုယ်မွေးထားတဲ့သားသမီး အားလုံးကိုယ်ချစ်တာပဲ။ မိဘတွေကိုယ်စား ပြောပေးတာပေါ့။ သားသမီးတွေ လိမ္မာကြတာပဲ ကောင်းကြတာပဲ။ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် ကောင်းတာချင်းက မတူဘူး။ ဒီဟာ သူကျွမ်းကျင်တယ်၊ သူကောင်းအောင်လုပ်နိုင်တယ်ဆို သူ့ခိုင်းပေါ့ သူ့တာဝန်ပေးလိုက်ပေါ့။ ဟိုဟာ သူကောင်းအောင်လုပ်နိုင်တယ် သူကျွမ်းကျင်တယ်ဆို သူ့ခိုင်းပေါ့ သူ့တာဝန်ပေးလိုက်ပေါ့။ ဘုန်းဘုန်းကတော့ အဲ့ဒီလို မြင်ခဲ့တာပေါ့။ လုပ်ငန်းကိုင်ငန်း လုပ်တဲ့အခါကျတော့ အလုပ်ကိုဖြောင့်လို့ အဆင်ကိုပြေလို့ အသက် ၁၉ နှစ်နဲ့ အင်ဂျင်နီယာစလုပ်တယ်။ အသက် ၂၀၊ ၂၁ မှာ ကိုယ့်နောက်မှာ လက်သမား၊ ပန်းရန်တွေ တစ်ထောင်ကျော်ရှိတယ်။ ဒါ နောက်ကြုံရင် အသေးစိတ်ပြောပြဦးမှာပါ။ အဲ့ဒါဟာ ဘာအတွက်ကြောင့်လဲ ဒီလိုလေး စီမံတတ်တာတုံးဆိုတော့ ကြည့်တဲ့အခါမှာ လူတစ်ယောက်ကို ဆက်ဆံကြည့်တယ် လူတစ်ယောက်နဲ့ တွေ့ကြည့်တဲ့ အခါမှာ ဒီလူရဲ့ဆိုးတာကောင်းတာကို မြင်တဲ့အပြင် ကောင်းတာဆိုရင်လည်း ဒီလူ ဘာအားသာသလဲဆိုတာကို ပိုသိလာတာ ပိုမြင်လာတာ။ ဒါကတော့ လုပ်ငန်းတစ်ခုကို ဦးဆောင်တဲ့သူတွေအနေနဲ့ ဒီအရည်အချင်းကတော့ ရှိမှကောင်းမှာ။ ရှိလည်း ရှိကြတဲ့သူတွေ များပါတယ်။ အဲ့ဒီအရည်အချင်းမှ မရှိဘူးဆိုရင်တော့ မကျွမ်းကျင်တာသွားခိုင်း။ ဆိုပါစို့ အဘွားကို အမဲသားဟင်းချက်ခိုင်းပြီး အမေ့ကို ချဉ်ပေါင်ဟင်းချက်ခိုင်း။ ဟင်းတော့ဖြစ်မှာပေါ့ ဘယ်လိုလုပ် စားကောင်းတော့မှာတုံး။ သူကျွမ်းကျင်ရာ သူကျွမ်းကျင်ရာကို ခိုင်းတတ်ရင် သူကျွမ်းကျင်ရာ သူကျွမ်းကျင်ရာကို အားကိုးရင် ဒါအဆင်ပြေတာပဲ၊ အဲ့ဒါလေးတော့ ဘုန်းဘုန်းက ငယ်က သတိထားမိခဲ့တယ်။ ဘာအကြောင်းပြုပြီး သတိထားမိတာတုံးဆိုတော့ ဒီဟင်းလေးစားတာကိုက သတိထားမိတယ်။

ကိုယ့်ကိုယ်ကိုယ် ဝါကြွားပြောတယ်ပဲ ပြောပြော၊ ကိုယ့်ဟာကို မြှောက်ပြောတယ်ပဲ ပြောပြော စားတဲ့သောက်တဲ့နေတဲ့ထိုင်တဲ့အခါမှာ ပစ်စလက်ခတ်တော့ ပြီးပြီးရောတော့ သတိလက်လွတ်ကြီးတော့ အဲ့ဒီလို မနေတတ်ပါဘူး။ အဲ့ဒီလို မနေတတ်ဘူးဆိုတော့ တပည့်တော်တို့လည်း သိတာပါပဲဘုရား။ ဒီညီမချက်လို့ရှိရင် ဒီဟင်းကောင်းတယ်၊ ဟိုအစ်မချက်ရင် ဟိုဟင်းကောင်းတယ်။ ဒီအစ်မချက်ရင် ဒီဟင်းကောင်းတယ်၊ ဟိုညီမချက်ရင် ဟိုဟင်းကောင်းတယ်လို့ သိတာပါပဲ။ ဒါပေမဲ့လို့ ဒီအသိတရားကို လက်ကိုင်ပြုပြီးတော့ ကိုယ့်ဘဝဖြောင့်အောင် လုပ်ဖို့ကျတော့ လုပ်တဲ့သူ တော်တော်ရှားမှာ။ ရှိတော့ ရှိမှာပါပဲ။ နှစ်ပိုင်းရှိသွားတာပေါ့။ ကိုယ်တစ်ယောက်တည်းအတွက် ကျင့်ဖို့ကတစ်ပိုင်း၊ လောကနဲ့ဆက်ဆံလို့ ကျင့်ရတာကတစ်ပိုင်း။ မိသားစုဆိုတဲ့ အများနဲ့ဆက်ဆံတဲ့အခါကျတော့ သူ ဘာအားသာ။ ဒီညီက ဘုရားဝတ်တက်ဖော့ ဒီညီက ဘုရားသောက်တော်ရေကပ်တာ အားသန်ရင် သူ့ ဒါလေး စီမံပေးလိုက်ရုံပဲ။ ဒီညီကတော့ တံမြက်စည်းလှည်းတာ အားသန်တယ်ဆို တံမြက်စည်း ပေးလှည်းလိုက်ရုံပဲ။ ဒီညီတွေ ညီမတွေကတော့ ထမင်းဟင်းချက်တာ အားသန်တယ်ဆို သူ့မီးဖိုချောင် ဝင်ခိုင်းလိုက်ရုံပဲ။

အဲ့ဒါဟာ အဲ့ဒီချဉ်ပေါင်ဟင်း၊ အဲ့ဒီအမဲသားဟင်း ချက်တာကို ကြည့်ပြီးတော့ အဲ့ဒီအသိလေးတွေပေါ်လာတာ။ ဒါ ကိုယ့်မိသားစု ပြောတာပါ။ တကယ့်ကိုယ့်လုပ်ငန်းခွင်မှာလည်း အုပ်ချုပ်စီမံ ပြောတဲ့အခါကြရင် ဒီလိုပဲ သူဘာအားသန်သလဲ သူအားသန်တာလေး သူ့တာဝန်ပေးလိုက်။ သေချာစဉ်းစားကြည့်ရင် ငယ်တုန်းကတော့ ပြောခဲ့တယ်။ အဘွား အဘွား ချဉ်ပေါင်ဟင်းကကောင်းတာ၊ အဘွားချက်တဲ့ ချဉ်ပေါင်ဟင်းပဲ စားချင်တယ်ဆိုတော့ သူချက်တဲ့ချဉ်ပေါင်ဟင်းကောင်းတယ်ပြော သူလည်း ကျေနပ်တယ် တကယ်လည်း ကောင်းတာကိုး။ ကိုယ့်ကို ရှောရှောရှူရှူ ကျွေးသပေါ့။ အမေ အမေချက်တဲ့ အမဲသားဟင်းက ကောင်းတယ်၊ အမလေး ဘာလေးအုပ်လို့ အရွက်ကလေးက ဘာအုပ်လို့ ရှမ်းနံနံလေးအုပ်လို့ ဘာညာနဲ့ ပြော။ ဟုတ်လည်း ဟုတ်တာပဲ။ အမဲသားကြိုက်တယ်ဆိုတာ နှစ်မျိုးပေါ့လေ။ အဘွားကျတော့ နူးနေ နပ်နေအောင်ချက်တာ အမေကျတော့ ခပ်လတ်လတ်ချက်တာ။ အဲ့ဒီလိုမျိုးတော့ ကွာတာပေါ့။ ကိုယ်ကြိုက်တာ ကိုယ်ပြောတာပေါ့။

■ **ဓမ္မဒူတအရှင်ဆေကိန္ဒ**

**(ဆက်လက်ဖော်ပြပါမည်။)**

# HEALTH


ဓာတ်ပုံ −အောင်ဖေကြည်စိုး

## စိတ်ကျန်းမာရေးဆေးရုံကြီးသို့ နေ့စဉ်လာရောက်သည့်လူနာ ၁၆၀၀ နီးပါးရှိ

**ရန်ကုန်၊ ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်ရှိ ရွာသာကြီး ခုတင် ၁၂၀၀ ဆံ့ စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်)သို့ နေ့စဉ်လာရောက်ပြသသည့်လူနာများမှာ လက်ရှိ ၁၆၀၀ ဦးနီးပါးရှိပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း ယင်းဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအေးက The Voice သို့ ပြောကြားသည်။

"အခုဆိုရင် လမ်းပေါ်ကလူတွေကို လူမှုကူညီရေးအသင်းတွေက လာပို့တာတွေ၊ ရဲတပ်ဖွဲ့က လာပို့တာတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေက လာပို့တာတွေနဲ့ ဆိုတော့ လူနာဦးရေက များပြားလာပါတယ်"ဟု ၎င်းကပြောဆိုသည်။

လက်ရှိလာရောက်ပြသနေသည့် လူနာ ၁၆၀၀ နီးပါးရှိသည့်အနက် ဆေးရုံတွင်နှစ်ရှည်နေထိုင်၍ ကုသမှုခံယူလျက်ရှိသည့်လူနာဦးရေ ၅၀၀ ကျော်၊ နေ့စဉ်ဆေးရုံတက်ရောက်ကုသနေသည့် လူနာသစ် ၅၀ ဦးနီးပါးနှင့် ပြင်ပလူနာကုဌာနတွင် ရက်ချိန်းဖြင့် ဆေးဝါးယူ၍ ကုသနေသည့်လူနာ ၆၀ ဦးနီးပါးရှိနေကြောင်း ယင်းဆေးရုံကြီးထံမှ သိရသည်။

စိတ်ရောဂါ ခံစားနေရသည့်လူနာများ၏ ဆေးဝါးအသုံးစရိတ်အတွက် အစိုးရက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၃၀၄ သိန်းကျော် ထောက်ပံ့ပေးခဲ့ပြီး နေ့စဉ်လာရောက်ပြသသည့် လူနာများအား တစ်ကြိမ်ကုသမှုခံယူလျှင် ဆေးဝါးတစ်လစာအထိ ပံ့ပိုးပေးလျက်ရှိကြောင်း စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်) ထံမှ သိရသည်။ ■


ဓာတ်ပုံ −အောင်ဖေကြည်စိုး

## ရန်ကုန်ဆေးရုံကြီးတွင် Reception Counter နှစ်ခု ထပ်မံတိုးချဲ့မည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသည့်လူနာများ ထိရောက်လျင်မြန်စွာ လမ်းညွှန်မှုပေးနိုင်ရန်အတွက် ဆေးရုံရှိဌာနအသီးသီးသို့ ညွှန်ပြထားသော လမ်းညွှန်ဆိုင်းဘုတ်များ ထင်ရှားစွာ တပ်ဆင်ခြင်းနှင့် လူနာလက်ခံကြိုဆိုရေးဌာန (Recption Counter) နှစ်ခုကို ထပ်မံတိုးချဲ့မည်ဖြစ်ကြောင်း ယင်းဆေးရုံ၏ ဆေးရုံအုပ်ကြီးရုံးထံမှ သိရသည်။

"ဒီနှစ်ထဲမှာ အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုက ပြောကြားသည်။

ထပ်မံတိုးချဲ့ရန် လျာထားသည့်နေရာနှစ်ခုမှာ အဏုမြူရောင်ခြည်ကုသဌာန (PET/CT)၊ ဆေးဝါးစတိုး၊ အမျိုးသား သွေးဌာနတို့အား လမ်းညွှန်ပေးနိုင်ရန် ဆေးကုသဆောင်(၄)နှင့် ဆေးရုံကြီး၏ ပင်မအဆောက်အအုံ ရုံးကြားတွင် တစ်နေရာနှင့် မျက်နှာ၊ မေးရိုးခွဲစိတ်မှုများ၊ အရေပြားကုသပေးမှုများနှင့် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ကုသပေးသည့်ဌာနများကို လမ်းညွှန်ပေးနိုင်ရန် ဦးနှောက်နှင့်အာရုံကြောဆေးကုဌာနတွင် တစ်နေရာဖွင့်လှစ်မည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီးရုံးထံမှ သိရသည်။

လက်ရှိဖွင့်လှစ်ထားရှိသည့် လူနာလက်ခံကြိုဆိုရေးဌာနသုံးခုမှာ အရေးပေါ်နှင့် ပြင်ပလူနာကုဌာနတွင် တစ်နေရာ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ငါးထပ်ဆောင်ဆေးရုံသစ်ကြီးတွင် တစ်နေရာနှင့် ပင်မဆေးရုံအဆောက်အအုံ၏အဝင်တွင် တစ်နေရာတွင်ထားရှိပြီး ၎င်းတို့အနက် အရေးပေါ်နှင့် ပြင်ပလူနာကုသဌာနရှိ လူနာလက်ခံကြိုဆိုရေးဌာနကို ၂၄ နာရီတာဝန်ချထားကြောင်း ယင်းဆေးရုံကြီးထံမှ သိရသည်။

လက်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ လူနာလက်ခံကြိုဆိုရေးဌာန (Reception Counter) သုံးခုတွင် တာဝန်ချထားသည့် ဝန်ထမ်းဦးရေမှာ လူမှုဆက်ဆံရေးမှူး ၁၀ ဦး၊ လူမှုဆက်ဆံရေးအရာရှိ သုံးဦးနှင့် အခြားဝန်ထမ်း ခုနစ်ဦးဖြင့် စုစုပေါင်း ၂၀ ဦးခန့်ရှိကြောင်း ယင်းဆေးရုံ၏ဆေးရုံအုပ်ကြီးရုံးထံမှ သိရသည်။ ■

## NEWS IN BRIEF

### မိသားစုပြန်လည်ဆက်သွယ်ပေးရေးလုပ်ငန်း ကြက်ခြေနီအသင်း လုပ်ဆောင်

**ရန်ကုန်၊ ဩဂုတ် ၂၃**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက မိသားစုနှင့်အဆက်အသွယ်ပြတ် နေသူများကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့်ပူးပေါင်း၍ မိသားစု ပြန်လည်ဆက်သွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျောက်တန်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးအောင်ကျော်ဦးက ပြောကြားသည်။

အကြောင်းကြောင်းကြောင့် မိသားစုနှင့် အဆက်အသွယ် ပြတ်တောက် နေသူများအနေနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း မိသားစုပြန်လည်ဆက်သွယ် ပေးရေးဌာန ဖုန်း ၀၉ ၄၂၀၁၀ ၉၀၉၅၊ ၀၉ ၄၂၀၁၀ ၉၀၉၃ သို့ ဆက်သွယ်ကာ ဝန်ဆောင်မှုများကို ရယူနိုင်ကြောင်း ယင်းအသင်းထံမှ သိရသည်။ ■

### အလှကုန်ပစ္စည်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ အလှကုန်ပစ္စည်းအသင်းတို့ပူးပေါင်း၍ အလှကုန်ပစ္စည်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ပြပွဲနှင့်ဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ကြောင်း ယင်းဦးစီးဌာနထံမှ သိရသည်။

အဆိုပါပွဲကို ဩဂုတ်လ ၂၇ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ဂန္ဓမာ Whole Sale (အပေါ်ထပ်)၌ ကျင်းပမည်ဖြစ်ပြီး အလှကုန်ပစ္စည်းအသင်းဝင်များ၊ ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချသူများနှင့် စိတ်ပါဝင်စားသူများ တက် ရောက်နိုင်သည်။ ■

### ကြက်ခြေနီအသင်း ညီလာခံကျင်းပမည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

၁၂ ကြိမ်မြောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ညီလာခံကို ဩဂုတ်လ ၂၆ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း အဆိုပါအသင်းဥက္ကဋ္ဌ ဒေါက်တာ သာလှရွှေက ပြောကြားသည်။

ယင်းညီလာခံအပြင် ၇၇ ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကိုလည်း ပြုလုပ်မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် အသစ်ထွက်ရှိခဲ့သည့် ကြက်ခြေနီဥပဒေတွင်ပါရှိသည့် လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း လုပ်ဆောင်မည် ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။ ■

### SCG က မျက်စိအတွင်းတိမ် ခွဲစိတ်ကုသရေးစက် မော်လမြိုင်ဆေးရုံကြီးကို လှူဒါန်း

**ရန်ကုန်၊ ဩဂုတ် ၂၃**

ထိုင်းနိုင်ငံအခြေစိုက် ဘိလပ်မြေကုမ္ပဏီ ဆင်တံဆိပ်ဘိလပ်မြေ Siam Cement Group (SCG ) က မွန်ပြည်နယ် မော်လမြိုင်အထွေထွေရောဂါကုဆေးရုံကြီးသို့ မျက်စိအတွင်းတိမ်ရောဂါ ခွဲစိတ်ကုသရေးစက်ကို လှူဒါန်းခဲ့ကြောင်း SCG ထံမှ သိရသည်။

အဆိုပါစက်ကိုလှူဒါန်းရခြင်းမှာ မွန်ပြည်နယ်အတွင်းရှိ လူဦးရေ ၂၀၀ ကို အမြင်အာရုံပြန်လည်ရရှိအောင် အခမဲ့ဆောင်ရွက်ပေးခဲ့သည့် မျက်စိတိမ်ခွဲစိတ်ကုသမှုရွေ့လျားအစီအစဉ်ဖြစ်သည့် ၂၀၁၅ စီမံကိန်း Sharing a Brighter Vision ၏ တိုးချဲ့အစီအစဉ်လည်းဖြစ်ကြောင်း၊ ယင်းစက်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ

## မိခင်နို့ပြည့်စုံစွာရသည့် ကလေးများတွင် ဓာတ်မတည့်သည့်ရောဂါဖြစ်ပွားမှုနည်းဟုဆို

**ရန်ကုန်၊ ဩဂုတ် ၂၃**

မွေးကင်းစမှ အသက်ခြောက်လအရွယ်အထိ မိခင်နို့ကိုပြည့်စုံစွာရရှိသည့် ကလေးများသည် မိခင်နို့မရရှိသည့်ကလေးများထက် ဓာတ်မတည့်ခြင်းကြောင့်ဖြစ်ပွားသည့်ရောဂါဖြစ်ပွားမှု နည်းပါးကြောင်း ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မွေးကင်းစကလေးအထူးကြပ်မတ်ကုသဌာန၊ တာဝန်ခံဆရာဝန်ကြီး ပါမောက္ခ ဒေါ်နန့်စမ်းစမ်းအေးက ပြောကြားသည်။

"နို့မှုန့်သောက်တဲ့ကလေးတွေမှာ ဓာတ်မတည့်တဲ့ရောဂါဖြစ်တယ်။ ပန်းနာရင်ကျပ်ရောဂါတွေဖြစ်တယ်။ နောက်ဆိုးတာကတော့ ဆီးချိုရောဂါတွေ ဖြစ်နိုင်တယ်" ဟု ၎င်းကရှင်းပြသည်။

ကလေးမွေးကင်းစမှ အရွယ်မရွေး မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါက လုံလောက်သည့်အာဟာရဓာတ်နှင့် ကိုယ်ခံအားကိုကောင်းမွန်စေပြီး ကျန်းမာသန်စွမ်းသည့် ကလေးများဖြစ်လာနိုင်ကြောင်း၊ ထိုသို့တိုက်ကျွေးခြင်းကြောင့် မိခင်များအနေနှင့်လည်း ဆိုးရွားသည့် သားအိမ်ကင်ဆာ၊ ရင်သားကင်ဆာ စသည့်ရောဂါဖြစ်ပွားမှုလည်း လျော့နည်းနိုင်ကြောင်း မွေးကင်းစကလေး အထူးကြပ်မတ်ကုသဌာနထံမှ သိရသည်။ ■

# “ထင်ရှားတဲ့အချက်က ဒီရောဂါက လူကနေလူကို မကူးပါဘူး။ အဲဒီအခါကျတော့ အကြောက်မလွန်ဘဲနဲ့ ကိုယ့်ကိုယ်ကိုယ်စောင့်ရှောက်ပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေမှာလည်း ပူးပေါင်းဆောင်ရွက်ကြပါ”

## ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊

## စီမံချက်မန်နေဂျာ (သွေးလွန်တုပ်ကွေး၊ ဆင်ခြေထောက်၊ ဂျပန်ဦးနှောက်ရောင်ရောဂါ) ဒေါက်တာဇော်လင်းနှင့် တွေ့ဆုံခြင်း

သီတာဆွေ

**ဂျပန်ဦးနှောက်ရောင်ရောဂါကြောင့် ရှမ်းပြည် နယ်မြောက်ပိုင်းတွင် ကလေးငယ်လေးဦး သေဆုံးခဲ့ပြီး အဆိုပါဒေသတွင် ယင်းရောဂါနှင့်စပ်လျဉ်း၍ ကာကွယ်ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရောဂါအခြေအနေများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊ စီမံချက်မန်နေဂျာ (သွေးလွန်တုပ်ကွေး၊ ဆင်ခြေထောက်၊ ဂျပန်ဦးနှောက်ရောင်ရောဂါ) ဒေါက်တာဇော်လင်းနှင့် The Voice က မေးမြန်းထားသည်များကို ဖော်ပြအပ်ပါသည်။**


ဓာတ်ပုံ – သီတာဆွေ

**Voice ။ လက်ရှိ ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားနေတဲ့အခြေအနေလေး ပြောပြပေးပါဦး။**

**Dr.ZL ။** ဂျပန်ဦးနှောက်ရောင်ရောဂါက ဂျပန်ဦးနှောက်ရောင်ပိုင်းရပ်စ်ပိုးသယ်ဆောင်တဲ့ ကျူးလက်စ် (Culex Tritaeniorhynchus) အမျိုးအစားခြင် ကိုက်တာကြောင့်ပါ။ အခု ရှမ်းပြည်နယ်မြောက်ပိုင်း မြို့နယ် ၁၀ မြို့နယ်မှာ ဖြစ်ပွားမှုရှိတယ်။ ရှိတဲ့အခါမှာ ဓာတ်ခွဲစစ်ဆေးအတည်ပြုပြီးတဲ့သူ ၁၉ ဦးရှိပါတယ်။ ၁၉ ဦးထဲမှာ လောလောဆယ်သေဆုံးမှုက လေးဦးရှိပါတယ်။ ဒါက လုံးဝဓာတ်ခွဲစစ်ဆေး အတည်ပြုပြီးတဲ့သူကို ပြောတာပေါ့။ ဓာတ်ခွဲစစ်ဆေး အတည်ပြုပြီးတဲ့သူ အပါအဝင် သံသယရှိသူက ဒီနေ့အထိ ၄၃ ဦးရှိတယ်။ ကျန်တဲ့သူတွေကလည်း ဓာတ်ခွဲစစ်ဆေးဖို့ ပို့ထားတယ်။ ဓာတ်ခွဲစစ်ဆေးမှုမှာ Positive ဆိုပြီးထွက်လာတာ ၁၉ ယောက်ရှိပါတယ်။

**Voice ။ ဆရာတို့ ဦးစီးဌာနအနေနဲ့ရော ဘယ်လိုဆောင်ရွက်မှုတွေ လုပ်ဆောင်ပေးနေပါသလဲ။**

**Dr.ZL ။** ဆရာတို့က စကတည်းကိုက အချိန်နဲ့တစ်ပြေးညီ ကာကွယ်နှိမ်နင်းရေးနဲ့ ကုသရေးလုပ်ငန်းတွေကို ဆောင်ရွက်ထားတယ်။ ဒီရောဂါက ယေဘုယျအားဖြင့် ပြောရရင် နည်းနည်းလေး ရောဂါဖြစ်ပွားလာရင် လူနာအနေနဲ့ ဆုံးရှုံးမှုရှိနိုင်တယ်။ ရှိနိုင်တဲ့ကြားက ကြိုးစားပြီးကုသတာ ဖြစ်နေပါတယ်။ နေ့စဉ် ရောဂါကို စုံစမ်းထောက်လှမ်း ရှာဖွေတယ်။ နောက်သက်ဆိုင်ရာ မြန်မာဘာသာနဲ့ရော၊ တိုင်းရင်းသားဘာသာတွေနဲ့ပါ ကျန်းမာရေးပညာပေးဖို့ ဆရာတို့က လုပ်နေတယ်။ နောက် တစ်ယောက်ချင်းစီအတွက် ခြင်ကိုက်မခံရအောင် ဘယ်လိုနေထိုင်ပြုမူမလဲ ဆိုတဲ့ဟာကို ဆရာတို့က လူထုကိုပြောပြပေးတဲ့အပြင် ဆေးစိမ်ခြင်ထောင် အလုံး ၂၀၀၀ ကို ရောဂါဖြစ်ပွားမှုရှိတဲ့နေရာနဲ့ အနီးပတ်ဝန်းကျင် သတ်မှတ်နေရာတွေကို ဖြန့်ဝေပေးဖို့အတွက် မြို့နယ်တွေကို ပို့လိုက်ပြီ။

**Voice ။ ဒီရောဂါရဲ့ကူးစက်ပျံ့နှံ့ပုံလေး ပြောပြပေးပါဦး။**

**Dr.ZL ။** ဒီရောဂါက လယ်ကွင်းတွေမှာပေါက်တဲ့ခြင်ကနေ ဝက်ကိုရောဂါကူးတယ်။ ဝက်ကနေမှတစ်ဆင့် လူကို ခြင်ကနေပြန်ကူးတာပေါ့။ အဲဒီလိုဖြစ်တဲ့အတွက် အဓိကတော့ ဝက်ပေါ့။ ဝက်နဲ့ပတ်သက်တာကို တိရစ္ဆာန်မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနက ပြည်နယ်အဆင့်တာဝန်ရှိတဲ့သူတွေနဲ့ ဆွေးနွေးတိုင်ပင်ညှိနှိုင်းပြီးတော့မှ ဆောင်ရွက်နေပါတယ်။ နောက် ခြင်ခိုအောင်းနိုင်တဲ့နေရာတွေကိုလည်း သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းပြီးတော့ ရှင်းလင်းသုတ်သင်တာတွေလည်း လုပ်နေတယ်။ ဒါ့အပြင် သက်ကြီးခြင်တွေကို သေဖို့အတွက် ခြင်ဆေးမှိုင်းမှုတ်ခြင်းကိုလည်း ဆောင်ရွက်နေတယ်။

**Voice ။ ရောဂါဖြစ်ပွားရင် ဘယ်လိုလက္ခဏာတွေဖြစ်နိုင်ပါသလဲ။**

**Dr.ZL ။** ဖျားတယ်။ အန်တယ်။ ခေါင်းကိုက်တယ်။ အချိန်နဲ့နေရာကို မဝေခွဲနိုင်အောင် စိတ်ကယောင်ချောက်ချားဖြစ်တဲ့ဟာမျိုးတွေ ဖြစ်တတ်သလို၊ သတိလစ်မေ့မြောတာတွေ ဖြစ်တတ်တယ်။ အသက်သေဆုံးတဲ့အထိ ဖြစ်တတ်တယ်။ လူထုကိုလည်း အကြောက်မလွန်စေချင်ဘူး။ ဆရာတို့ကတော့ လိုအပ်တဲ့အတိုင်းအတာအထိ ထိန်းချုပ်နိုင်တဲ့အထိ လုပ်ကိုင်မှာပဲဖြစ်တယ်။ လူထုကလည်း မကြောက်ဘဲနဲ့ ကိုယ့်ရဲ့တစ်ကိုယ်ရေအနေနဲ့ ခြင်ကိုက်မခံရအောင်ကာကွယ်ဖို့ခြင်ဆေးလိမ်းတာတွေရှိတယ်။ နောက် အင်္ကျီရှည်၊ ဘောင်းဘီရှည်ဝတ်ပြီး ကာကွယ်လို့ရတယ်။ နောက်ပြီး ဘယ်နေရာအိပ်အိပ်၊ ဘယ်အချိန်အိပ်အိပ် ခြင်ထောင်နဲ့အိပ်ပါ။ အထူးသဖြင့် ညနေစောင်းနဲ့ ညဘက်မှာ ကိုက်လေ့ရှိတဲ့ခြင်မျိုးဆိုတော့ ညဘက်တောက်လျှောက်အိပ်တဲ့အခါမှာ လုံလုံခြုံခြုံနဲ့ ခြင်ကိုက်မခံရအောင် အိပ်သင့်တယ်။ ကိုယ်ရဲ့အိမ်နား ဒါမှမဟုတ် အိမ်ထဲမှာ ဝက်လိုမျိုး ကျွဲ၊ နွားတိရစ္ဆာန်တွေ မွေးမြူထားခဲ့ရင် လူနဲ့တတ်နိုင်သမျှအဝေးဆုံးမှာထားပြီး မွေးမြူခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်တယ်။ ဒီခြင်က တိရစ္ဆာန်သွေးကို ကြိုက်တာဖြစ်တယ်။ လူကိုမတော်တဆ ကိုက်တာဖြစ်တယ်။ လူကိုရည်ရွယ်ချက်ရှိရှိ မကိုက်ဘူး။ သူတကယ်ကိုက်ဖို့လာတာက တိရစ္ဆာန်ကို ကိုက်ဖို့လာတာ။ အဲဒီအခါကျတော့ တိရစ္ဆာန်တွေကို လူတွေနဲ့ တတ်နိုင်သမျှဝေးရာမှာ မွေးမယ်။ မွေးမြူရေးခြံတွေကို ရှင်းရှင်းလင်းလင်းထားမယ်။ ကိုယ့်ရဲ့အိမ်ပတ်ဝန်းကျင်မှာ ခြင်ခိုအောင်းနိုင်တဲ့ ချုံပုတ်လိုမျိုးကို ရှင်းလင်းမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် တစ်ကိုယ်ရေကာကွယ်နိုင်တဲ့ အနေအထားမှာရှိပါတယ်။

**Voice ။ ဆရာတို့အနေနဲ့ ရောဂါဖြစ်ပွားနေတဲ့နေရာတွေမှာ တခြားဘယ်လိုဆောင်ရွက်မှုတွေ လုပ်ဆောင်ဖို့ ရှိပါသေးလဲ။**

**Dr.ZL ။** ဆရာတို့ အခုမကြာခင်မှာပဲ အသက် ကိုးလအထက်၁၅နှစ်အောက်ကလေးတွေအတိအကျသတ်မှတ်ပြီး ဆရာတို့က ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ရေးနဲ့ တုံ့ပြန်ကာကွယ်ဆေးထိုးနိုင်ရေးလုပ်ငန်း ပြည်နယ်ကြီးကြပ်ရေးကော်မတီဆိုပြီး ကော်မတီဖွဲ့စည်းထားတယ်။ လာမယ့်အပတ် ၂၈ ရက်နေ့လောက်မှာ ကာကွယ်ဆေးထိုးနှံဖို့အတွက် ဒီကရောဂါဖြစ်ပွားမှုရှိတဲ့နေရာနဲ့ သတ်မှတ်နေရာတွေ အတိအကျသတ်မှတ်ပြီး ကာကွယ်ဆေးထိုးနှံဖို့ရှိပါတယ်။

**Voice ။ ဆရာ့အနေနဲ့ ဒီရောဂါနဲ့ပတ်သက်ပြီး ပြည်သူလူထုကို ဘာများဖြည့်စွက်ပြောချင်ပါသလဲ။**

**Dr.ZL ။** အဓိကတော့ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေနဲ့ရော ဌာနပေါင်းစုံနဲ့ ပူးပေါင်းပြီးတော့ ကာကွယ်ဆေးထိုးလုပ်ငန်း ကျွမ်းကျင်တဲ့သူရော၊ ရောဂါနှိမ်နင်းရေးကျွမ်းကျင်တဲ့သူရော အားလုံးပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ လူထုအနေနဲ့ကိုယ့်ကိုယ်ကိုယ် ခြင်ကိုက်မခံရအောင် ကာကွယ်ရေး၊ မွေးမြူထားတဲ့ တိရစ္ဆာန်တွေနဲ့ နေထိုင်မှုသီးသန့်ဖြစ်စေရေး ဒါတွေကို စနစ်တကျဆောင်ရွက်ပြီး ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့ လိုပါတယ်။ အင်မတန်ထင်ရှားတဲ့အချက်က ဒီရောဂါက လူကနေလူကို မကူးပါဘူး။ အဲဒီအခါကျတော့ အကြောက်မလွန်ဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေမှာလည်း ပူးပေါင်းဆောင်ရွက်ကြပါ။ အခုလိုအချိန်မှာ ကလေးဖျားတာပဲဖြစ်ဖြစ်၊ လူကြီးဖျားတာပဲဖြစ်ဖြစ် အထူးသဖြင့် ၁၅ နှစ်အောက် ကလေးတွေဖျားရင် သက်ဆိုင်ရာနားလည်တတ်ကျွမ်းတဲ့ဆရာဝန်တွေ၊ ကျေးလက်ဒေသ ဆေးပေးခန်းတွေ၊ ဆေးရုံတွေမှာ အစရှိသဖြင့် အလျင်အမြန်ပြဖို့ လိုပါတယ်။ ဒီရောဂါက စောစောကုသမယ်ဆိုရင် ရောဂါရဲ့အန္တရာယ်ပေးနိုင်တဲ့ အခြေအနေတွေ အများကြီးလျော့ချနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုပြသခြင်းဖြင့် မိမိတို့ရင်သွေး၊ မိမိတို့ကိုယ်တိုင် ကျန်းမာရေးကို စောင့်ရှောက်နိုင်ပါတယ်လို့ ပြောချင်ပါတယ်။

**Voice ။ အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

■ သီတာဆွေ

# မရမ်းချောင်းအနာကြီးဂေဟာသို့ ယခုလအတွင်း အနာကြီးရောဂါလူနာအသစ် လေးဦးထပ်ရောက်

ရန်ကုန်၊ ဩဂုတ် ၂၃


ဓာတ်ပုံ –အောင်ဖေကြည်စိုး

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူး မြို့နယ်ရှိ မရမ်းချောင်းကျေးရွာ အနာကြီးရောဂါသည်များ ပြုစုစောင့်ရှောက်ရေး မေတ္တာပရဟိတဂေဟာသို့ ယခုလအတွင်း အသစ်ထပ်မံရောက်ရှိသည့်အနာကြီးရောဂါလူနာ လေးဦးရှိကြောင်း ယင်းပရဟိတဂေဟာထံမှ သိရသည်။

“ဒီကိုရောက်လာတဲ့လူတွေက နေဖို့၊ စားဖို့၊ ဆေးကုဖို့နဲ့ အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိလို့ မိသားစုနဲ့နေလို့ မရတဲ့လူနာတွေဖြစ်သလို တချို့ဆို ရွာပြင်ထုတ်ထားတဲ့ လူနာတွေတောင် ရှိပါတယ်” ဟု မေတ္တာပရဟိတဂေဟာ၏ဥက္ကဋ္ဌ ဦးလှဋ္ဌေးက ပြောကြားသည်။

ပရဟိတဂေဟာအတွင်းနေထိုင်သည့် အနာကြီးရောဂါလူနာများကို လစဉ်လာရောက်လှူဒါန်းသည့် အလှူငွေများမှ ထက်ဝက်ခန့်အား လှူဒါန်းသူ၏ဆန္ဒဖြင့် အချိုးကျ စား၍ တစ်ဦးချင်းစီပြန်လည်ခွဲဝေပေးပြီး ကျန်အလှူငွေ၏ထက်ဝက်ခန့်ကို လူနာများ၏ နေ့စဉ်ကျွေးမွေးစရိတ်၊ ဂေဟာအတွင်း အသုံးပြုသည့် လျှပ်စစ်မီး၊ ရေ အသုံးပြုမှု စရိတ်များနှင့် အခြားသော အထွေထွေ အသုံးစရိတ်များ ကုန်ကျရာတွင် အသုံးပြု ပြီး ရောဂါသည်များ၏ ကျန်းမာရေးဆိုင်ရာ ကုန်ကျစရိတ်များတွင် ကျခံသုံးစွဲကြောင်း ယင်း ပရဟိတဂေဟာထံမှ သိရသည်။

မရမ်းချောင်းကျေးရွာ မေတ္တာပရဟိတ ဂေဟာတွင် လက်ရှိစောင့်ရှောက်ထားသည့် အနာကြီးရောဂါသည်လူနာများမှာ အသစ်ထပ်မံရောက်ရှိလာသည့် အနာကြီး ရောဂါလူနာ လေးဦးအပါအဝင် စုစုပေါင်း ၁၃၂ ဦးကို ကျွေးမွေးစောင့်ရှောက်ထားရကြောင်း ယင်းဂေဟာထံမှ သိရသည်။ ■



ဓာတ်ပုံ- သန့်ဝင်းဦး

# ရုပ်ကွက်ဘုရင်မ ( ၂ ) ရုပ်ရှင်မှာ အလှအပတွေ ပိုပြခွင့်ရတယ်ဆိုတဲ့ ဘေဘီမောင်

**ရန်ကုန်၊ ဩဂုတ် ၂၃**

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ရိုက်ကူးပြီး အောက်တိုဘာလအတွင်း ရုံတင်ပြသတော့မယ့် ရုပ်ကွက်ဘုရင်မ (၂) ရုပ်ရှင်ဇာတ်ကားမှာ ကိုယ့်အလှအပတွေ ပိုပြခွင့်ရပါတယ်လို့ သရုပ်ဆောင် ဘေဘီမောင်က The Voice ကို ပြောကြားပါတယ်။

“ရုပ်ကွက်ဘုရင်မ (၁) တုန်းက သီလရှင်ဝတ်ပြီး ထွက်ခါစ ဆိုတော့ ဆံပင်တုစွပ်ပြီး ရိုက်ရတယ်။ သရုပ်ဆောင်ရတာ သိပ်ပြီးတော့ အဆင်မပြေဘူး။ ရုပ်ကွက်ဘုရင်မ ( ၂) မှာတော့ ဆံပင်လည်း ရှည်လာပြီ။ ဖက်ရှင်ဆိုလည်း ကိုယ့်စိတ်ကြိုက်လေးတွေ ဝတ်ခွင့်ရတော့ ပိုပြီးတော့ ကျေနပ်တယ်” လို့ ယင်းရုပ်ရှင်ဇာတ်ကားနဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ရုပ်ကွက်ဘုရင်မ ( ၁) ထက်စာရင် အပိုင်း (၂) က ဇာတ်လမ်း၊ ဇာတ်အိမ်ပိုမို ကောင်းမွန်သလို ပရိသတ်တွေ ရယ်ရမယ့် ဟာသ Plot တွေလည်း ပိုများတဲ့အတွက် အောင်မြင်မှုရမယ်လို့ ယုံကြည်ထားပြီး၊ ကိုယ့်ရဲ့ သရုပ်ဆောင်မှုအပိုင်းမှာလည်း သေချာကြိုးစားထားကြောင်း ဘေဘီမောင်က ဆိုပါတယ်။

“ဒီကားမှာ ရုပ်ကွက်ဘုရင်မတွေက ရတနာမြေပုံ ရှာကြတာပေါ့။ ညီမနဲ့ မကြီး အေးမြတ်သူမှာကလည်း မြေပုံ တစ်ပိုင်းရှိတယ်။ အဲ့ ဒီမြေပုံ တစ်ပိုင်းကို ဦးခင်လှိုင်နဲ့ ဦးဒိန်းဒေါင်တို့က လိုက်လုကြတယ်။ ညီမတို့ကလည်း မပေးချင်တဲ့အတွက် ရှောင်ပြေးရတာပေါ့” လို့ ၎င်းက ဆိုပါတယ်။

ဒါရိုက်တာ ခင်စောမျိုး (အဖေ့ပညာ) ရိုက်ကူးတဲ့ ရုပ်ကွက်ဘုရင်မ (၂) ရုပ်ရှင်မှာတော့ သရုပ်ဆောင် မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ အေးမြတ်သူ၊ ဘေဘီမောင်နဲ့ ဟာသသရုပ်ဆောင်များစွာ ပါဝင်ထားကြပါတယ်။



# On Air အစီအစဉ်မှာ ပရိသတ်တွေကို သီချင်းတွေဆိုပြမယ့် အောင်လ

**ရန်ကုန်၊ ဩဂုတ် ၂၃**

ပြည်တွင်းရှိ အခမဲ့ ဖျော်ဖြေရေး ရုပ်သံလိုင်းဖြစ်တဲ့ Channel 7 မှာ ထုတ်လွှင့်မယ့် On Air ဂီတဖျော်ဖြေရေးအစီအစဉ်မှာ ပရိသတ်တွေကို သီချင်းတွေနဲ့ သီဆိုဖျော်ဖြေသွားမယ်လို့ Reason Band ရဲ့ ပင်တိုင်တေးသံရှင်ဖြစ်တဲ့ အောင်လက The Voice ကို ပြောကြားပါတယ်။

“On Air အစီအစဉ်အတွက် ဩဂုတ်လ ၂၅ ရက်နေ့ ညနေ ၃ နာရီမှာ မြန်မာ့အသံဝင်းထဲမှာ ရိုက်ကူးရေး လုပ်ပါမယ်။ ကျွန်တော်တို့ Reason Band ကို အားပေးတဲ့ ပရိသတ်တွေလည်း လာကြည့်ကြမယ်။ ဒီအစီအစဉ်ကို လက်ခံဖြစ်တာကတော့ ကျွန်တော့်ရှေ့မှာ ကိုကျားပေါက်တို့ ရေမွန်တို့ ရိုက်တုန်းက လိုက်သွားဖူးတယ်။ ကျွန်တော်လည်း သဘောကျတာနဲ့ လက်ခံရိုက်ကူးဖြစ်တာပါ” လို့ ယင်းအစီအစဉ်နဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ယင်းအစီအစဉ်မှာတော့ ရှိုးပွဲမှာလိုပဲ ပရိသတ်တွေနဲ့ တိုက်ရိုက်ထိတွေ့ပြီး ဖျော်ဖြေရတာဖြစ်တဲ့အတွက် ပျော်ရွှင်ရမယ်လို့ ယုံကြည်ပြီး၊ ပရိသတ်တွေ တောင်းထားတဲ့ သီချင်းတွေကို အဓိက ရွေးချယ်ပြီး သီဆိုဖျော်ဖြေပေးဖို့အတွက်လည်း စီစဉ်ထားပါတယ်လို့ တေးသံရှင် အောင်လက ပြောကြားပါတယ်။

“ကျွန်တော်တို့ အစီအစဉ်မှာတော့ Sarah Band လည်း ပူးပေါင်း ပါဝင်ပေးပါမယ်။ ကျွန်တော်တို့ Reason Band က သီချင်း နှစ်ပုဒ်ဆိုမယ်။ Sarah Band နဲ့ ပေါင်းပြီး ပင်လယ်ထဲက မြစ်များသီချင်းကို အတူဆိုကြမယ်။ Sarah Band က သီချင်းတစ်ပုဒ်ဆိုပါမယ်။ Channel 7 မှာ လွှင့်မယ့်ရက်ကိုတော့ အတိအကျ မသိရသေးပါဘူး” လို့ ၎င်းကဆိုပါတယ်။



soompi.com

# ပရိသတ်ကြည့်ရှုမှုနှုန်း မြင့်မားနေတဲ့ ကိုရီးယားရုပ်ရှင် Tunnel

**ဆိုးလ်၊ ဩဂုတ် ၂၃**

ဒါရိုက်တာ ကင်ဆန်ဟွန်းရိုက်ကူးတဲ့ Tunnel ရုပ်ရှင်ဇာတ်ကားဟာ တောင်ကိုရီးယားနိုင်ငံမှာ ပရိသတ် ကြည့်ရှုမှုနှုန်း မြင့်မားနေကြောင်း soompi.com မှာ ဖော်ပြထားပါတယ်။

ဒီဇာတ်ကားကို ကိုရီးယားနိုင်ငံမှာစတင်ရုံတင်ပြသတဲ့ ဩဂုတ်လ ၁၀ ရက်နေ့ကနေ ဩဂုတ်လ ၂၁ ရက်နေ့အထိ ဆယ့်နှစ်ရက်တာ ကာလအတွင်းမှာပဲ ပရိသတ် ငါးသန်းကျော် ကြည့်ရှုခဲ့ပြီးပါပြီ။

နာမည်ကျော် သရုပ်ဆောင် ဟဂျောင်ဝူးနဲ့ ဘေဒူနာတို့က အဓိက ပါဝင်သရုပ်ဆောင်ထားတဲ့ Tunnel ရုပ်ရှင်ကတော့ ပြိုကျနေတဲ့ လိုဏ်ခေါင်းတစ်ခုအတွင်းမှာ ပိတ်မိနေတဲ့ လူတစ်ယောက်အကြောင်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားတာဖြစ်ပါတယ်။

ဒီသီတင်းပတ်အတွင်း တောင်ကိုရီးယားနိုင်ငံရဲ့ ရုံတင်ဝင်ငွေ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားစာရင်းမှာ Tunnel ရုပ်ရှင်က နံပါတ်တစ်ချိတ်ခဲ့ပြီး၊ Star Trek: Beyond ရုပ်ရှင်က နံပါတ်နှစ်၊ The Last Princess ရုပ်ရှင်က နံပါတ်သုံး၊ Secret Life of Pets ရုပ်ရှင်က နံပါတ်လေးနဲ့ Operation Chromite ရုပ်ရှင်က နံပါတ်ငါး ချိတ်ခဲ့ပါတယ်။

# ဟာသသရုပ်ဆောင် Rapper နစ်ခ်ကန်နွန် တက္ကသိုလ်ပြန်တက်ပြီ



contactmusic.com

အနုပညာလောကမှာ ဘယ်လိုပဲ အောင်မြင်လို့ လက်ဖျားငွေသီးနေပါစေ ပညာရေးကို မျက်ကွယ်မပြုတဲ့ ဥပမာကောင်းတစ်ခုကို ဟာသသရုပ်ဆောင် Rapper နစ်ခ်ကန်နွန်က လုပ်ဆောင်ပြလိုက်ပါတယ်။

မြို့တော်ဝါရှင်တန်ဒီစီက ဟောင်းဝပ်တက္ကသိုလ်မှာ ကျောင်းပြန်တက်ဖို့ နစ်ခ်ကန်နွန်တစ်ယောက် ကျောင်းပြန်အပ်ခဲ့ပါပြီ။

သမိုင်းဝင် လူမည်းတက္ကသိုလ်ဖြစ်တဲ့ ဟောင်းဝပ်တက္ကသိုလ်ရဲ့ဆိုင်းဘုတ်ဘေးမှာ ရှိနေတဲ့ ဓာတ်ပုံကို Instagram မှာတင်ပြီး ပရိသတ်တွေကို အသိပေးလိုက်တဲ့ နစ်ခ်ကန်နွန်ဟာ သရုပ်ဆောင်၊ ရုပ်ပ်တေးသံရှင်နဲ့ ရုပ်သံအစီအစဉ်တင်ဆက်သူတစ်ဦးအဖြစ် အောင်မြင်နေသူပါ။

ကျွန်တော်ဟာ မောင်မယ်သစ်လွင်တစ်ဦးပါလို့လည်း ဓာတ်ပုံမှာ ပုံစာရေးထိုးထားပါသေးတယ်။

မာရီယာကာရေးနဲ့ အိမ်ထောင်ရေးအဆင်မပြေဖြစ်နေတဲ့ ခင်ပွန်းသည်လည်းဖြစ်သူ နစ်ခ်ကန်နွန်ဟာ လေယာဉ်စီးပြီး အဝေးက လာရောက်ခဲ့ရတယ်ဆိုတာကိုလည်း ဓာတ်ပုံတင်ထားပါသေးတယ်။

“လေယာဉ်စီးနေရတဲ့ ဘဝမှသည် ကျောင်းကားဆီသို့” ဆိုပြီးတော့လည်း ၎င်းက ပြောကြားပါသေးတယ်။

“ငွေဘယ်လောက်ပဲရှိရှိ ပညာသည်သာ လေးစားစရာအကောင်းဆုံးဖြစ်ပါတယ်။ ပိုက်ဆံတွေရခဲ့ပြီးပြီယခုအခါကတော့ ဉာဏ်ပညာဖြစ်ပါတယ်” လို့ သူက ပြောပါသေးတယ်။

# "ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့ရင်ကို ကိုစိုင်းနဲ့ ရိုက်ဖြစ်တာက ပရိသတ်တွေလည်း ထူးထူးခြားခြားလေး ကြည့်ချင်မယ်ထင်လို့ပါ"


ဓာတ်ပုံ- သန့်ဇင်ဦး

## ဝတ်မှုန်ရွှေရည်နဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး

**နာမည်ကျော် သရုပ်ဆောင် ဝတ်မှုန်ရွှေရည်နဲ့ တွေ့ဆုံပြီး လက်ရှိရိုက်ကူးနေတဲ့ Reflection ရုပ်ရှင်အကြောင်း၊ စိုင်းစိုင်းခမ်းလှိုင်နဲ့ တွဲဖက်သရုပ်ဆောင်ရမယ့် ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့ရင် ရုပ်ရှင်အကြောင်းနဲ့ စက်တင်ဘာလထဲ ရုံတင်ပြသတော့မယ့် အနုဘစ်ရုပ်ရှင်အကြောင်းတို့ကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: မအုပဲတို့ရဲ့ သုဒြာရုပ်ရှင်ထုတ်လုပ်ရေးကနေ ရိုက်ကူးတဲ့ Reflection ရုပ်ရှင်က မင်းသမီးတွေရဲ့ ဖက်ရှင်နဲ့ အက်ရှင်ကို တွဲပြီးပြမယ့် ရုပ်ရှင်ဆိုတော့ ကစ်တို့အတွက်လည်း ရိုက်ရတာ အသစ်ဖြစ်မယ်ထင်တယ်နော်။**

**WHSY:** အဲ့ဒီကားမှာ အက်ရှင်ဇာတ်ဝင်ခန်းတွေတော့ ပါမယ်ရှင့်။ ဒါပေမဲ့ အရမ်းအများကြီးတော့ မဟုတ်ပါဘူး။ ဒီလိုကားမျိုးက ကစ်တို့ သရုပ်ဆောင်တွေအတွက်ရော၊ ကြည့်ရတဲ့ ပရိသတ်တွေအတွက်ပါ နည်းနည်းလေး ကွဲထွက်မယ်လို့ထင်တယ်။ ဒီကားကို ပရိသတ်က ကြိုက်မလား၊ မကြိုက်ဘူးလား ဆိုတာကိုတော့ နည်းနည်း ခန့်မှန်းရခက်တာပေါ့။ မြန်မာကားအနေနဲ့ဆိုရင်လည်း ဒီလိုကားမျိုးက ပရိသတ် မကြည့်ဖူးသေးတော့ နည်းနည်းခန့်မှန်းရခက်တာပေါ့။ ကစ်တို့ သရုပ်ဆောင်တွေအနေနဲ့ကတော့ ဒီလိုမျိုး ကွဲထွက်နေတဲ့ ဇာတ်လမ်းမျိုးကို ရိုက်လည်း ရိုက်ကြည့်ချင်တယ်။ ပရိသတ်တွေကိုလည်း ကြည့်စေချင်ပါတယ်။

**Voice: ဒီကားမှာ မင်းသမီးလေးယောက်ရဲ့ ဖက်ရှင်ပိုင်းကိုလည်း သေချာပြင်ဆင်ထားတာ တွေ့ရတယ်လေ။ ကစ်ကိုရော ဘယ်လိုဖက်ရှင်အလန်းတွေနဲ့ တွေ့ရမလဲ။**

**WHSY:** ဒီကားမှာဆို မင်းသမီးတွေရဲ့ ဖက်ရှင်အလန်းတွေလည်း တွေ့ရမယ်။ အက်ရှင်လေးတွေလည်း ပါပါမယ်။ ပရိသတ်တွေအတွက် ကြည့်ရတာတန်တဲ့ ဇာတ်ကားတစ်ကား ဖြစ်မယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ ကစ်တို့အတွက်လည်း ဒီလို ဇာတ်လမ်းမျိုးက ပထမဆုံး ရိုက်ဖူးတာဆိုတော့ ဘယ်လိုဖြစ်လာမလဲတော့ မသိဘူးပေ့ါ။ အကုန်လုံးကတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး ရိုက်နေကြပါတယ်။ ပရိသတ်တွေရဲ့အားပေးမှုကိုလည်း မျှော်လင့်ပါတယ်။ ဒီကားမှာဆို ကစ်ရဲ့ ဖက်ရှင်ပိုင်းအတွက် Stylist အနေနဲ့က အငယ်လေးနဲ့ ကိုစောကိုက တာဝန်ယူပေးထားပါတယ်။

**Voice: ကားရိုက်မဆုံတာကြာပြီဖြစ်တဲ့ စိုင်းစိုင်းနဲ့လည်း ရုပ်ရှင်ကားကြီးတစ်ကား ပြန်ရိုက်ဖို့လက်ခံထားတယ်လို့ သိရပါတယ်။ အဲ့ဒီအကြောင်းလည်း ပြောပြပေးပါဦး။**

**WHSY:** အဲ့ဒီကားကတော့ ဆရာမ ပုညခင်ရဲ့ ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့ရင် ဝတ္ထုကို ဒါရိုက်တာ ကိုကောင်းဇံက ရုပ်ရှင်ကားကြီးအနေနဲ့ရိုက်မှာပါ။ ကစ်တို့ အင်းလေးမှာ စက်တင်ဘာလထဲ သွားရိုက်ပါမယ်။ အဲ့ဒီကားမှာတော့ ကစ်ရဲ့ကာရိုက်တာက အင်းသူမလေး လုပ်ရမှာပါ။ ဇာတ်လမ်းကတော့ လူငယ်အချစ်ဇာတ်ကားလေးပါ။ ကစ်အနေနဲ့ ချစ်သူသာ ပန်းတစ်ပွင့် ဖြစ်ခဲ့ရင်ကို ကိုစိုင်းနဲ့ ရိုက်ဖြစ်တာက ပရိသတ်တွေလည်း ထူးထူးခြားခြားလေး ကြည့်ချင်မယ်ထင်လို့ပါ။ ဒီကားပြီးရင်တော့ အောက်တိုဘာလထဲမှာ အင်းလေးမှာပဲ ကိုနေတိုးနဲ့ လရောင်ဖြာတဲ့အင်းလေးမှာ ရုပ်ရှင်ဇာတ်ကား သွားရိုက်ဖို့ရှိပါတယ်။ ဒီကားကတော့ Suspense ပုံစံလေး ရိုက်မှာပါ။

**Voice: စက်တင်ဘာလထဲ ရုံတင်တော့မယ့် အနုဘစ် ရုပ်ရှင်ဇာတ်ကားကလည်း ထူးခြားမှုရှိမယ် ထင်တယ်နော်။ ကစ်ကို ဘယ်လိုကာရိုက်တာနဲ့ မြင်ရမလဲ။**

**WHSY:** ဒီကားရဲ့ဇာတ်လမ်းကတော့ သမားရိုးကျ၊ မြင်နေကျဇာတ်လမ်းမျိုးတော့ မဟုတ်ဘူး။ ဇာတ်လမ်းတင်ပြပုံကလည်း ကွဲထွက်နေတယ်။ ကစ်လုပ်ရတဲ့ ဆယ်လင်းဆိုတဲ့ ဇာတ်ကောင်ကလည်း ကစ်ကို မြင်နေကျ ဇာတ်ရုပ်မျိုးတော့ မဟုတ်ဘူး။ နည်းနည်း ဂျစ်ပစီဆန်တဲ့ ကောင်မလေးပေ့ါ။ အဲ့ဒီအတွက် ပရိသတ်တွေလည်း ကြည့်ရတာ အမြင်ဆန်းမယ်ထင်ပါတယ်။

**Voice: ဒီကားမှာဆို မင်းသမီးအပြိုင်အနေနဲ့ ရွှေမှုံရတီလည်း ပါတယ်လေ။ ကစ်က ဆယ်လင်းဆိုတဲ့ ဇာတ်ကောင်နေရာကို ဘယ်လိုကြောင့် ရွေးဖြစ်တာလဲ။**

**WHSY:** ကစ်သရုပ်ဆောင်ရတဲ့နေရာက ပရိသတ်တွေ ခန့်မှန်းလို့မရတဲ့ နေရာလေးပေ့ါ။ အစပိုင်းမှာ မြုပ်ကွက်လေးတွေ လုပ်ထားတယ်။ သူက ဘာလိုက်လုပ်နေတာလဲ၊ သူက ဘာလဲဆိုပြီး ပရိသတ်အနေနဲ့ စဉ်းစားစရာဖြစ်မယ့် ဇာတ်ကောင်ပေ့ါ။ အစပိုင်းမှာဆို ကစ်ရဲ့အခန်းကလည်း သိပ်မပါဘူးလေ။ နောက်ပိုင်းကျတော့ ဇာတ်ရှိန်မြင့်လာတဲ့ အချိန်မှာမှ ရှေ့မှာထားခဲ့တဲ့ မြုပ်ကွက်လေးတွေပေါ်လာပြီး ကစ်ရဲ့ ကာရိုက်တာကို ပရိသတ်တွေလည်း နားလည်သွားမှာပါ။ အဲ့ဒါလေးကို သဘောကျလို့ ဆယ်လင်းနေရာကို ကစ်ရွေးဖြစ်တာပါ။

**Voice: ဆယ်လင်းနေရာက ကိုယ့်အတွက်ရော ဘယ်လောက်အထိ လုပ်ကွက်ရထားလဲ။**

**WHSY:** ဒီကားမှာ ကစ်သရုပ်ဆောင်ရတဲ့ ဆယ်လင်းလို ခပ်မာမာ၊ ခပ်ကြမ်းကြမ်း ကာရိုက်တာမျိုးက ကစ်အတွက် ရိုက်ရတာ ရှားတယ်လေ။ နင်စေရင်မှာ ကြမ်းတယ်ဆိုတာနဲ့၊ အနုဘစ်မှာ ကြမ်းရတာက ပုံစံ မတူဘူး။ ဒီကားမှာကျတော့ နည်းနည်း ကြမ်းလည်းကြမ်းတယ်၊ ရိုင်းလည်း ရိုင်းတယ်။ နည်းနည်း ပျက်စီးနေတဲ့ ကောင်မလေးပေ့ါ။

**Voice: ဒီကားမှာဆို တစ်ကားလုံး အနက်ရောင် ဖက်ရှင်တွေပဲ ဝတ်ဖြစ်တာက ဇာတ်ကောင်စရိုက်ကြောင့်လား။**

**WHSY:** ဒီကားမှာ ဆို ကစ်ကိုပရိသတ်တွေ မြင်နေကျပုံစံကနေ ကွဲထွက်အောင် လုပ်ချင်လို့ပါ။ ကိုယ့်ကို ပရိသတ်တွေ မြင်နေကျ ရုပ်ကနေ ကွဲထွက်ချင်တယ်။ အဲ့ဒါကြောင့် ဆယ်လင်းဆိုတဲ့ ဇာတ်ရုပ်ရဲ့ အပြင်အဆင်တွေကို သိသိသာသာကို ပြောင်းလဲထားတယ်။ အနက်ရောင် ဖက်ရှင်ကိုပဲ တစ်ကားလုံး ဝတ်ဖြစ်တာကတော့ ဇာတ်ကောင်ကြောင့်လည်းပါသလို၊ ထူးထူးခြားခြားလေးလည်း ဖြစ်စေချင်လို့ Theme လေးတစ်ခုထားပြီး ဝတ်ဖြစ်တာပါ။

**Voice: ကစ်ရဲ့ မွေးနေ့မှာ စပြီးထုတ်ဖြစ်ခဲ့တဲ့ Shopping Bag လေးတွေ အကြောင်းလည်း ပြောပြပေးပါဦး။**

**WHSY:** အဲ့ဒီ Shopping Bag လေးတွေကတော့ ချည်သားနဲ့ ပိုးသား အိတ်ကလေးတွေပါ။ အသားနှစ်မျိုးနဲ့ ကစ်ပုံလေးတွေနဲ့ ထုတ်ခဲ့တာပါ။ ဒီအိတ်လေးတွေကို ကစ်ရဲ့ မွေးနေ့ဖြစ်တဲ့ ဩဂုတ်လ ၁၀ ရက်နေ့က စပြီး မှာလို့ရပါပြီ။ ဒီလကုန်လောက်မှာ တရားဝင် စပြီးဖြန့်မှာပါ။ ကစ် အမြဲတမ်းပြောခဲ့တဲ့အတိုင်း ဒီပစ္စည်းလေးတွေကို စီးပွားဖြစ်လည်း ထုတ်တာမဟုတ်ပါဘူး။ ကစ်ကို အားပေးတဲ့ ပရိသတ်တွေကို ပျော်စေချင်လို့၊ အမှတ်တရ ဖြစ်စေချင်လို့ လုပ်ဖြစ်တာပါ။ ■

## Recap

❍ နာမည်ကျော် တေးသံရှင် ဝေလနဲ့ နီနီခင်ဇော်တို့ ပါဝင်သီဆိုထားတဲ့ Mini Album ကို မကြာမီ ဖြန့်ချိပေးသွားဖို့ရှိပါတယ်လို့ ယင်းအယ်လ်ဘမ်ကို စီစဉ်တဲ့ Myanmar Media 7 မှ ဥက္ကဋ္ဌ ဦးဝေမင်းမောင်က The Voice ကို ပြောကြားပါတယ်။

"အဲဒီအယ်လ်ဘမ်ကိုတော့ ရောဝတီဘဏ်အတွက် ဘဏ်ကြော်ငြာပုံစံမျိုး မဟုတ်ဘဲ ရောဝတီကို တန်ဖိုးထားနိုင်မယ့် သီချင်းမျိုးတွေကို ထည့်သွင်းပြီး ဘဏ်ဥက္ကဋ္ဌဖြစ်တဲ့ ဦးဇော်ဇော်က လုပ်ချင်တာပါ။ ရောဝတီကို တန်ဖိုးထားစေချင်တဲ့ လေးစားစေချင်တဲ့ သီချင်းလေးတွေကို စုစည်းပြီးတော့ လုပ်ထားပါတယ်။ အယ်လ်ဘမ်နာမည်ကိုတော့ ချစ်သောရောဝတီလို့ ပေးထားတယ်။ သီချင်းတွေကိုတော့ ကိုဝေလနဲ့ ကိုထက်က ရေးထားတာပါ" လို့ ၎င်းကဆိုပါတယ်။

❍ ပရိသတ်အားပေးမှုရလာတဲ့ သရုပ်ဆောင် ပက်ထရစ်ရှာက ဟာသကားတွေ ရိုက်ကူးတဲ့အခါမှာ အနုပညာသက်တမ်း နုနယ်သေးတဲ့အတွက် ပုံမှန်ထက်ပိုပြီး ကြိုးစားရပါတယ်လို့ The Voice ကို ပြောကြားပါတယ်။

"လူတွေကို ငိုအောင်လုပ်ရတာခက်သလို၊ ရယ်အောင် လုပ်ရတာကလည်း ခက်ပါတယ်။ ဟာသကားတွေမှာ ဆို ကိုယ့်ရဲ့ အမူအရာကောင်းမှ ပရိသတ်တွေက ရယ်ကြမှာလေ။ တချို့ကားတွေမှာ ဇာတ်လမ်း၊ ဇာတ်ကွက်ကို က ရယ်စရာ ဖြစ်နေပေမယ့် ကိုယ့်ရဲ့ကိုယ်အမူအရာကလည်း ရယ်စရာဖြစ်အောင် လုပ်တတ်ဖို့ လိုတယ်။ အဲ့ဒါကြောင့် ဟာသကားတွေ ရိုက်ရင် ပုံမှန်ထက် ပိုပြီးကြိုးစားရပါတယ်" လို့ ၎င်းကဆိုပါတယ်။

## သူရိယ၊ အလင်းရောင်၊ အေးမြတ်သူတို့ ခေါင်းဆောင်ပါဝင်တဲ့ မနေ့ကဖြစ်သည် ဇာတ်လမ်းတွဲ ရိုက်ကူး

ရန်ကုန်၊ ဩဂုတ် ၂၃


ဓာတ်ပုံ- သူရိယ Facebook Page

လူငယ်သရုပ်ဆောင် သူရိယ၊ အလင်းရောင်၊ အေးမြတ်သူတို့ ခေါင်းဆောင် ပါဝင်တဲ့ မနေ့ကဖြစ်သည်လို့ အမည်ရတဲ့ ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ်လ ၂၃ ရက်နေ့မှာ စတင်ရိုက်ကူးနေပြီ ဖြစ်ကြောင်း ယင်းဇာတ်ကားကို ရိုက်ကူးမယ့် ဒါရိုက်တာ အောင်မြတ် က The Voice ကို ပြောကြားပါတယ်။

"ဇာတ်လမ်း ပုံစံလေးကတော့ Suspense ပုံစံလေးပါ။ သည်းထိတ်ရင်ဖို အမှုဖော်တဲ့ပုံစံလေးပေ့ါ။ ကျွန်တော် ရိုက်နေကျ ပုံစံလေးလည်း မဟုတ်ပါဘူး။ ပရိသတ်တွေအတွက်လည်း ကြည့်ရတာ ထူးခြားမှုရှိမယ်လို့လည်း ထင်ပါတယ်။ ကျွန်တော် ကိုယ်တိုင်လည်း ရိုက်ဖို့ ရင်ခုန်ရတဲ့ ဇာတ်လမ်းတွဲပါ" လို့ ယင်းဇာတ်လမ်းတွဲနဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

စာရေးဆရာ သိုးဆောင်းနဲ့ စာရေးဆရာမ မယ်ခိုင်တို့ ပူးပေါင်းရေးသားထားတဲ့ မနေ့ကဖြစ်သည် ဇာတ်လမ်းတွဲမှာတော့ သူရိယ၊ အလင်းရောင်၊ အေးမြတ်သူတို့အပြင် ဘုန်းရှိန်ထက်၊ ခိုင်နှင်းဝေ၊ ယွန်းယွန်း၊ သီရိစိုးမိုးနဲ့ ခင်မို့မို့အေးတို့လည်း ပါဝင်သရုပ်ဆောင်ကြမှာ ဖြစ်ပါတယ်။

"ကျွန်တော်က ဂီတဗီဒီယိုတွေမှာ ဒရာမာနဲ့ အချစ်ဇာတ်လမ်းပုံစံလေးတွေ ရိုက်ဖြစ်တာများပါတယ်။ ကျွန်တော် ရိုက်ခဲ့တဲ့ အနမ်းဝိုင် ရုပ်ရှင်ကလည်း အချစ်ဇာတ်လမ်းပါပဲ။ ကျွန်တော့်ရဲ့ ပထမဆုံး ဇာတ်လမ်းတွဲကို ရိုက်ကူးရာမှာတော့ မတူညီတဲ့ ပုံစံကွဲလေးတစ်ခုကို ရိုက်ချင်တယ်။ အဲ့ဒါကြောင့်ပဲ သည်းထိတ်ရင်ဖို့ ဇာတ်လမ်းပုံစံလေး ရိုက်ဖို့ ရွေးချယ်ဖြစ်တာပါ" လို့ ၎င်းကဆိုပါတယ်။

# ဒေါ်လာ ခြောက်သိန်းတန် မိုးပျံကားတီထွင်

ဝါရှင်တန်၊ ဩဂုတ် ၂၃


Pal-V

လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ခန့်ကတည်းက မိုးပျံကားပေါ်ထွက်လာမည်ဆိုသည့် စိတ်ကူးယဉ်ဇာတ်လမ်းများကို အကောင်အထည်ဖော်ရာရောက်သည့်တစ်ကိုယ်တော်စီးမိုးပျံကားတစ်စီးကို ၁၀ မိနစ်ကြာ သရုပ်ပြပျံသန်းခြင်းဖြင့် အတည်ပြုနိုင်ခဲ့ကြောင်း AFP သတင်းတွင်ဖော်ပြထားသည်။

လူနှစ်ယောက်အထိ စီးနင်းလိုက်ပါနိုင်သော ထိုင်ခုံနှစ်ခုံပါ Pal-V One Heli cycle ဆိုသည့် မိုးပျံရဟတ်ယာဉ် သည် မော်တော်ဆိုင်ကယ်တစ်စီးအသွင်ဖန်တီးထားပြီး လေထဲတွင် ပျံသန်းနိုင်သည့်အနေအထားကို ပြောင်းလဲ နိုင်ကြောင်း ယင်းသတင်းကဆိုသည်။

Maxim မဂ္ဂဇင်းတွင်လည်း မိုးပျံကားတီထွင်မည့်အကြောင်းများကို PAL-V ကုမ္ပဏီမှ စီအီးအိုဖြစ်သူ ရောဘတ် ကထုတ်ဖော်ပြောကြားထားသည်။

မိုးပျံကားများကို တီထွင်ရခြင်းအကြောင်းများ လမ်းကြောများ ပိတ်ဆို့နေမှုများကို ဖြေရှင်းနိုင်ရေးအတွက် သာမက ကန်ရေပြင်များကို ဖြတ်သန်းခြင်း အရေးပေါ်ပျံသန်းပို့ဆောင်မှုများအတွက်ပါ ရည်ရွယ်ကာ ထုတ်လုပ်မည်ဖြစ်ကြောင်း ယင်းကဆိုသည်။

တစ်နာရီလျှင် ၁၁၂ မိုင်နှုန်းပျံသန်းနိုင်သည့် ယင်းယာဉ်ငယ်တွင် ဘီးသုံးဘီးသာပါပြီး ကုန်းလေ နှစ်မျိုးသွားနိုင်ကြောင်း၊ ဆလင်ဒါလေးလုံးတပ် အင်ဂျင်ကိုတပ်ဆင်ထားပြီး မြင်းကောင်ရေ ၂၃၀ အားဖြင့် မောင်းနှင်နိုင်ကြောင်း Maxim မဂ္ဂဇင်းတွင် ရေးသားထားသည်။

Pal-V ယာဉ်လေးအတွက် ပြေးလမ်းမှာ ပေ ၅၄၀ ခန့်လိုမည်ဖြစ်ပြီး ဆင်းသက်ပါက ပေ ၁၀၀ ဝန်းကျင် ကွက်လပ်တွင် ဆင်းသက်နိုင်သည်။

ဓာတ်ဆီ ၂၇ ဂါလန်အထိဖြည့်သွင်းနိုင်သည့် ယာဉ်ငယ်သည် ကုန်းပေါ်တွင် မောင်းနှင်ပါက မိုင် ၇၅၀ အထိ မောင်းနှင်နိုင်ပြီး၊ လေထဲတွင် မောင်းနှင်မည်ဆိုပါက မိုင် ၂၂၀ အထိ မောင်းနှင်နိုင်သည်။

ယာဉ်ကိုယ်ထည်တစ်ခုလုံးကို ကာဗွန်ဖိုင်ဘာ၊ တိုင်တေနီယမ်၊ အလျူမီနီယမ်များဖြင့် တည်ဆောက်ထားပြီး အလေးချိန်မှာ စုစုပေါင်း ၁၄၉၉ ပေါင်ခန့်သာရှိသည်။

ယင်းယာဉ်ကိုမောင်းနှင်မည့်သူများသည် Sports Pilot လက်မှတ်ရသူများဖြစ်ရန်လိုကြောင်း၊ မိမိတို့ ကုမ္ပဏီအနေနှင့် အကြိမ်ကြိမ်စမ်းသပ်ပြီးဖြစ်၍ စိတ်ချရကြောင်း လာမည့် ၂၀၁၈ ခုနှစ်တွင် ဈေးကွက်တင်မည်ဖြစ် ကြောင်း၊ တန်ဖိုးအားဖြင့် ဒေါ်လာ ခြောက်သိန်းဟု ခန့်မှန်းထားကြောင်း ကုမ္ပဏီဒုတိယဥက္ကဋ္ဌ မာ့ခ် ဂျန်းနင်းဘိတ်စ်ကပြောကြားသည်။ ■

---

# အလေးချိန် ၃၄ ကီလိုဂရမ်ရှိသည့် ဒေါ်လာ သန်း ၁၀၀ တန် ပုလဲကြီးတွေ့ရှိ

မနီလာ၊ ဩဂုတ် ၂၃


Aileen Cynthia Amurao

ကမ္ဘာပေါ်တွင် အကြီးဆုံးဟု သတ်မှတ်ထားသည့် ပုလဲကြီးထက် ငါးဆပိုကြီးသည့် ကမ္ဘာ့အကြီးဆုံး စံချိန်ဝင်မည့် အလေးချိန် ၃၄ ကီလိုဂရမ်ရှိသော ပုလဲကြီးကို လွန်ခဲ့သော ၁၀ နှစ်ခန့်ကတည်းက တွေ့ရှိခဲ့သည့် ရေလုပ်သားတစ်ဦးသည် ယခုမှ ပွဲထုတ်ပြသခဲ့ကြောင်း Daily Mail သတင်းတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ၊ ပလာဝမ်ကျွန်းတွင် နေထိုင်သည့် ယင်းရေလုပ်သားသည် ဤပုလဲကြီးကို မည်မျှတန်ကြေးရှိကြောင်း မသိဘဲ ကံကောင်းခြင်း အထိမ်းအမှတ်အနေနှင့် မိမိတဲလေးထဲတွင် နှစ်ပေါင်းများစွာ သိမ်းထားခဲ့ခြင်း ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ယခုနှစ်တွင် ရေလုပ်သားသည် အိမ်ပြောင်းရွှေ့ရန် ကိစ္စပေါ်လာသောကြောင့် ဒေသခံ ခရီးသွားလုပ်ငန်းရုံးသို့ လာရောက်ပြီး မိမိတွင် ပုလဲကြီးရှိကြောင်း ပြောဆိုခဲ့ရာမှ ဒေါ်လာ သန်း ၁၀၀ ခန့်တန်ကြေးရှိနေသည့် ပုလဲကြီး ဖြစ်နေကြောင်း ဒေသခံအာဏာပိုင်များက ထုတ်ဖော်ပြောကြားသည်။

ရေလုပ်သား လာအပ်သည့် ပုလဲကြီးသည် အရှည် ၂ ဒသမ ၂ ပေ၊ အကျယ် ၁ ပေရှိပြီး လက်ရှိ ကမ္ဘာ့အကြီးဆုံး ပုလဲဟု စံချိန်တင် ထားသော Allah ဆိုသည့် ပုလဲကြီးမှာ ယင်းနှင့်ယှဉ်လိုက်ပါက သေးသေးလေး ဖြစ်သွားကြောင်း၊ Allah ပုလဲသည် အလေးချိန် ၆ ဒသမ ၄ ကီလိုဂရမ်သာရှိပြီး တန်ကြေး ၃၅ သန်းခန့်ရှိကြောင်း Daily Mail သတင်း တွင် ရေးသားထားသည်။

ငါးဖမ်းသမားသည် လှေကို ကျောက်ချလိုက်ပြီးနောက် ဆွဲတင်၍မရသဖြင့် ရေငုပ်ပြီး ကျောက်ဆူးကိုယူစဉ် ယင်းပုလဲကြီးကို ငုံထားသည့် ကမာကောင်ကြီးကို တွေ့ရှိပြီး အိမ်သို့ယူလာကာ တိတ်တဆိတ်သိမ်းဆည်း ထားခဲ့ ခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံအနေနှင့် ယင်းပုလဲကြီးကို ကမ္ဘာလှည့် ခရီးသည်များအား ဆွဲဆောင်ရန် ပြသသိမ်းဆည်းထား မည်ဖြစ်ကြောင်း၊ လက်ရှိ ကမ္ဘာ့အကြီးဆုံး စံချိန်တင်ထားသည့် Allah ပုလဲကြီးကိုလည်း ပလာဝမ်ကျွန်းတွင် ၁၉၃၄ ခုနှစ်က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း Daily Mail တွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် နှစ်ပေါင်းများစွာ ဖြစ်တည်နေသည့် အလွန်ကြီးမားသော ကမာကောင်ကြီးများနှင့် ပုလဲများ ရှိနေကြောင်း Gemologist Institute မှ ပညာရှင်များကဆိုသည်။ ■

## NEWS IN BRIEF

### အလွန်ဈေးသက်သာသည့် ခေါက်ကွေးနိုင်သော မှန်တစ်မျိုးတီထွင်

တက္ကဆက်တက္ကသိုလ်၊ အော်စတင်ကော့ရဲလ်ကျောင်းမှ အင်ဂျင်နီယာများသည် ဈေးအလွန်သက်သာသည့် ခေါက်ကွေးနိုင်သော အပူရှိန်နှင့်နေရောင်ခြည်ရရှိမှုအလိုက် အရောင်ပြောင်းနိုင်သည့် မှန်တစ်မျိုးကို တီထွင်နိုင်ခဲ့ကြောင်း CNN သတင်းတွင်ဖော်ပြထားသည်။

ပညာရှင်များက ကားမှန်နှင့် အိမ်သုံး ပြတင်းတံခါးမှန်များကို အလွန်ပေ့ါပါးစွာနှင့် ပလတ်စတစ်ကဲ့သို့ ခိုင်ခံ့စေရန် Niobium Oxide ဖြင့်ပြုပြင်ဖန်တီးပြီး တန်ဖိုးနည်း ပျော့ပျောင်းသည့် မှန်ချပ်များကို ထုတ်လုပ် နိုင်ခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

အသစ်တီထွင်ထားသော မှန်ချပ်များသည် ရာသီဥတုဒဏ်ကို ခံနိုင်ရုံမက တန်ဖိုးလည်း မှန်ထက်သက်သာနေသော ကြောင့် မကြာသောကာလတွင် လူသုံးမျက်မှန်များမှာပင် အသုံးပြုလာလိမ့်မည်ဟု CNN တွင် ရေးသားထားသည်။■

### ရေညှိမှုပရိုတိန်းဖြင့် လေဆာရောင်ခြည်ကို ဖန်တီး

အလင်းဓာတ်တစ်မျိုး ထုတ်လုပ်နိုင်သည့် ပင်လယ်ရေညှိတစ်မျိုး၏ အသားစများကို ဗက်တီးရီးယားများထဲတွင် ကျွေးမွေးထားပြီး လေဆာရောင်ခြည်ကို ထုတ်လုပ်နိုင်သည့်နည်းလမ်းအား စကော့တလန်နိုင်ငံ၊ စိန့်အင်ဒရူး တက္ကသိုလ်မှ ပါမောက္ခ မော်လ်တီ ဂါသာဦးဆောင်သည့်အဖွဲ့ကတီထွင်နိုင်ခဲ့ကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။

အလင်းထွက်နေသည့်ပရိုတိန်းအသားစများသည် အခန်းအတွင်း အပူချိန်အလိုက် အလင်းရောင်များကိုထုတ်လွှတ်ပေးနိုင်စွမ်းရှိနေသဖြင့်အနာဂတ် အလင်းရောင်နှင့် စွမ်းအင်ရရှိနိုင်မှုများကို အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ပညာရှင်များသည် ဂျာမနီနိုင်ငံ ဒရက်စ်ဒန်းတက္ကသိုလ်မှ ပညာရှင်များ တီထွင်ဖော်ထုတ်ထားသည့် E coli ဗက်တီးရီးယားများကို ပရိုတိန်းကျွေးပြီး အလင်းဖော်ထုတ်နိုင်မှုကို လက်တွေ့ပြသခဲ့ကြသည်။ ■

### မိုင် ၈၀ ခန့်ရှည်သော အန္တာတိကရေခဲပြင် အက်ကြောင်းကြီးပေါ်ထွက်

အန္တာတိကတိုက်ကျွန်းဆွယ်တစ်ခုတွင် အရှည် မိုင် ၈၀ ခန့်ရှိသော အက်ကြောင်းကြီးတစ်ခုပေါ်လာပြီး ရေခဲပြင်ကြီး ပြတ်ရွေ့မျောပါမည့် အနေအထားဖြစ်နေကြောင်း ဗြိတိသျှ အန္တာတိကလေ့လာရေးအဖွဲ့ (BAS) ၏ ထုတ်ပြန်ချက်ကို AFP သတင်းတွင်ဖော်ပြထားသည်။

ယင်းပြတ်ရွေ့ကြောင်းကြီးဖြစ်ပေါ်လာပြီးနောက်ကွဲထွက်သွားမည့် ရေခဲပြင်ကြီးသည် စကော့တ်လန်ထက် အနည်းငယ်မျှသာသေးပြီး အထူထု ၃၅၀ မီတာခန့်ရှိကြောင်း ယင်းသတင်းကဆိုသည်။

အန္တာတိကပြတ်ရွေ့ကြောင်းများကို ဂြိုဟ်တုကတစ်ဆင့် လေ့လာစောင့်ကြည့်နေသည့် Larsen C အဖွဲ့ကလည်း ၂၀၁၅ ခုနှစ်ကတည်းက ပြတ်ရွေ့အက်ကြောင်းကြီးများပေါ်လာကာ တဖြည်းဖြည်းကြီးလာပြီး ၁၈ မိုင်ခန့်မှ ယခုနှစ်တွင် မိုင် ၈၀ ခန့်အထိဖြစ်လာရကြောင်း ထုတ်ပြန်ထားသည်။ ■

### ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပြန်လည်တည်ဆောက်ပေးနိုင်မည့် မော်လီကျူးများတွေ့ရှိ

တရုတ်သိပ္ပံပညာရှင်များသည် လူတို့၏ ကိုယ်ခန္ဓာတွင် ပျက်စီးသွားသော တစ်သျှူးများကို ပြန်လည်တည် ဆောက်ပေးနိုင်မည့် မော်လီကျူးပွားဆေးများကို ရှာဖွေဖော်ထုတ်တွေ့ရှိခဲ့ကြောင်း Xinhua သတင်းတွင်ဖော်ပြထားသည်။

ရှာမန်းတက္ကသိုလ်နှင့် ပီကင်းတက္ကသိုလ်မှ ပညာရှင်များသည် XMU-MP-1 ဆိုသည့် ဆေးတစ်မျိုးကို တီထွင် နိုင်ခဲ့ပြီး ယင်းဆေးသည် လူတို့၏ အသည်း၊ အူနှင့် အရေပြားများကို ပြန်လည်ပေါက်ပွားစေနိုင်ခဲ့ကြောင်း ယင်းသတင်းကဆိုသည်။

ပညာရှင်များသည် ရှေးဦးစွာ ကြွက်များတွင် စမ်းသပ်ခဲ့ပြီး ပျက်စီးဆုံးရှုံးသွားသည့် အသည်းအစိတ်အပိုင်းများကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ကြောင်း လက်တွေ့ဖော်ထုတ်နိုင်ခဲ့သဖြင့် ဆေးဝါးကို မူပိုင်ခွင့်အတွက် လုပ်ဆောင်နေကြောင်း Xinhua သတင်းတွင် ရေးသားထားသည်။ ■

### အကျဉ်းထောင်များတွင် ဒရုန်းယာဉ်များကိုအသုံးပြု မူးယစ်ဆေးဖြန့်ချိဟုဆို

ဗြိတိန်အကျဉ်းထောင်အချို့တွင် မောင်းသူမဲ့ဒရုန်းယာဉ်လေးများကို အသုံးပြုပြီး မူးယစ်ဆေးဝါးများ ဖြန့်ချိ တင်ပို့မှုများရှိနေကြောင်းကို Reuters သတင်းတွင် ဖော်ပြထားသည်။

လန်ဒန်ရှိ ပင်တန်ဗီးလ်အကျဉ်းထောင်အနီးတွင် မိုဘိုင်းလ်ဖုန်းနှင့် မူးယစ်ဆေးဝါးများကို သယ်ဆောင်လာသည့် ဒရုန်းယာဉ်နှစ်စင်းကို အထူးတပ်ဖွဲ့တစ်ဖွဲ့က ဖမ်းဆီးရရှိခဲ့ကြောင်း ယင်းသတင်းကဆိုသည်။

အကျဉ်းထောင်အနီးတွင် မသင်္ကာဖွယ်လူတစ်ယောက်ကိုတွေ့ရှိသဖြင့် လိုက်ဖမ်းရာ ထွက်ပြေးသွားပြီး အိတ်နှစ်လုံးကျန်ခဲ့ကြောင်း၊ ယင်းအိတ်ထဲမှ မိုဘိုင်းလ်ဖုန်းနှင့် မူးယစ်ဆေးများထည့်သွင်းထားသည့် ဒရုန်းများကို တွေ့ရှိရကြောင်း၊ နောက်တစ်ရက်တွင် အကျဉ်းထောင်ပေါ်တွင် ပျံသန်းနေသည့် ဒရုန်းယာဉ်တစ်စီးကို ပစ်ချလိုက်ရကြောင်း Reuters သတင်းတွင် ရေးသားထားသည်။ ■

# တရားရုံးဟူသည်မှာ

ဦးရီစိန် (တရားလွှတ်တော်ရှေ့နေ)

တရားရုံးဟူသည်မှာ အဘယ်သို့ ရှိရမည်နည်း။ တရားသူကြီးများ၏ ဆောင်ရွက်ချက်နှင့် တာဝန်ကို မည်သို့ ထမ်းဆောင်ရမည်နည်း။ ပြည်သူ့ အကျိုးပြု မှန်ကန်သော တရားစီရင်ရေးစနစ်ကို မည်သို့ တည်ဆောက်ရမည်နည်းဟူသော အချက်တို့နှင့် စပ်လျဉ်း၍ တရားရုံးချုပ်၏ ၁၉၆၅ ခုနှစ်၊ အထူးရာဇဝတ်အထွေထွေလျှောက်လွှာအမှတ် (၂၈) တွင် ဤသို့ သုံးသပ်ထားပါသည်။

“ပြည်သူတို့သည် တရားရုံးများကို ယုံကြည်အားကိုးနိုင်ကြလျှင် စိတ်ချမ်းမြေ့ကြမည်။ စည်းလုံးညီညာကြမည်။ အစိုးရအပေါ်လည်း မေတ္တာထားကြမည်။ ထို့ကြောင့် ပြည်သူတို့၏ ယုံကြည်အားကိုးနိုင်သော တရားစီရင်ရေး ဖြစ်ထွန်းစေရန်လိုကြောင်း ကျွန်ုပ်တို့သည် အမြဲတစေ ဆော်ဩနှိုးဆော်ခြင်း၊ ဝါယမစိုက်ထုတ်ခြင်းပြုလျက် ရှိကြသည်။ ရည်မှန်းသည့်အတိုင်း ဖြစ်မြောက်စေရန်အတွက် တရားစီရင်ရသော ပုဂ္ဂိုလ်တို့သည် စေတနာထား၍ ကြိုးစားကြရန်လိုသည်။ တရားစီရင်ရေး အာဏာသည် ထင်သလို သုံးရန် ကိုယ်ပိုင်အာဏာမဟုတ်၊ အများအကျိုးနှင့် အမှန်ကိုဖြစ်စေရန် ပြည်သူက ယုံကြည်အပ်နှံထားသော အာဏာဖြစ်သည်ဟု မပြတ်သတိချပ်ဖို့ လိုသည်။ ရှေ့နေရှေ့ရပ်များ၊ အမှုလိုက်များ၊ ပြည်သူ့ရဲနှင့် အုပ်ချုပ်ရေးဝန်ထမ်းများနှင့် ညှိနှိုင်းသင့်ရာ၌ ပူးပေါင်းညှိနှိုင်း၍ ကိုယ့်တာဝန်ကိုယ်ယူ၍ ဆောင်ရွက်ရမည့် အခန်း၌ တာဝန်သိသိ ကျေကျေပွန်ပွန်ဆောင်ရွက်ကြမှ ပြည်သူ့အကျိုးပြု တရားစီရင်ရေးဖြစ်ထွန်းနိုင်သည်။ တာဝန်မကျေ၊ စည်းကမ်းမစောင့် ကျင့်ဝတ်မညီသော တရားသူကြီးများကို ပြည်သူက လေးစားယုံကြည်ကြမည် မဟုတ်၊ ကျွန်ုပ်တို့ကလည်း ၎င်းတို့အား သင့်တော်သလို ပြုပြင်ခြင်း၊ အရေးယူခြင်းတို့ကို ပြုလုပ်ရမည်သာတည်း” ဟူ၍ တရားရုံးချုပ်၏ ၁၉၆၅ ခုနှစ်၊ အထူးရာဇဝတ်အယူခံမှု အမှတ် (၂) တွင် သုံးသပ်ထားပါသည်။

ထို့ပြင် တရားသူကြီးများနှင့်ပတ်သက်၍ မနုကျယ် ဓမ္မသတ်ဆဋ္ဌမတွဲ၊ အပိုဒ် ၁၃ ၌ အောက်ပါအတိုင်း ပညတ်ထားပါသည်။

“တရားသူကြီး မမည်ရာသူ ခုနစ်ယောက်တည်း၊ ခုနစ်ယောက်တည်းဟူသည်ကား အမျိုးမြတ်သူကို လိုက်၍မနိုင်ဘဲ အနိုင်ပေးခြင်း၊ ကြေးငွေပဏ္ဏာ တံစိုးအများပေး၍ ရှုံးမည့်သူကို အနိုင်စီရင်ခြင်း တစ်ပါး၊ အမျိုးသားချင်းဖြစ်သည်ဟု ရှုံးမည့်သူကို အနိုင်ပေးခြင်း၊ သေဘေးပျက်ပြားကိုကြောက်၍ ရှုံးမည့်သူကို အနိုင်ပေးခြင်း၊ ရန်သူဖြစ်သည်ကို နိုင်အံ့သည်ကို အရှုံးပေးခြင်းလည်း တစ်ပါး၊ ဟုတ်သည်မဟုတ်သည်ကို မသိမမြင်၍ စီရင်သောသူလည်းတစ်ပါး၊ ဟုတ်သည်မဟုတ်သည်ကို သိလျက် လောဘနိုင်ငံသို့လိုက်၍ ရှုံးစေဟု အာဏာပေး၍ ခြိမ်းခြောက်စီရင်သည်တွင် မဟုတ်သည်ကို ပြီးစေတတ်သော တရားသူကြီးလည်း တစ်ပါး၊ ဤသူခုနစ်ယောက်တို့သည် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟသို့လိုက်၍ စီရင်သည်” ဟူ၍ ဖြစ်ပါသည်။

**“ တရားမမှုခင်းများတွင်မူကား တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ က အပ်နှင်းထားသောအာဏာကို သုံးစွဲ၊ အလားတူပြင်ဆင်မှုများ ဖွင့်လှစ်နိုင်သော်လည်း သာမန်အားဖြင့်ဆိုလျှင် ထိုအာဏာကို လွယ်ကူစွာသုံးစွဲခြင်းမပြုပေ။ နှစ်ဖက်သော အမှုသည်များအနေနှင့် မကျေနပ်က ကိုယ်တိုင်အယူခံဝင်ရန် သို့မဟုတ် ပြင်ဆင်မှု ဖွင့်လှစ်ပေးရန် လျှောက်ထားနိုင်ကြသောကြောင့် ဖြစ်ပေသည် ”**



https://alankent.files.wordpress.com

သို့ဖြစ်ရာ အထက်ဖော်ပြပါ အချက်များအရ တရားရုံးတွင် တာဝန်ထမ်းဆောင်နေသော တရားသူကြီးများအနေနှင့် ဘက်မလိုက်ခြင်း ဟုတ်သည်မဟုတ်သည်ကို မသိမမြင်၍ စီရင်သောသူလည်း တစ်ပါးဟူ၍ ဖော်ပြထားချက်အရ အမှု၏ အမှန်တရားပေါ်ပေါက်နိုင်ရန်မှာ တရားသူကြီးများအနေနှင့် အပေါ်ယံမကြည့်ဘဲ နက်နက်နဲနဲသုံးသပ်၍ အငြင်းပွားခြင်းကို အရင်းအမြစ်မှ ရှာဖွေဖော်ထုတ်ရမည်ဟူ၍ တရားရုံးချုပ်မှ လမ်းညွှန်ဖူးသည်လည်း ရှိပါသည်။

ယနေ့ တရားစီရင်ရေးလောကတွင် ဖြစ်ပေါ်နေသည့် စာချုပ်စာတမ်းများအား မမှန်မကန် ပြုလုပ်၍ အိမ်မြေသိမ်းခြင်း၊ ငွေချေးခြင်းများပြုလုပ်၍ ငွေချေးစာချုပ်ဖြင့်ပင် ငွေချေးယူသူများ၏ ပိုင်ဆိုင်သည့် ပစ္စည်းများကို သိမ်းယူနေမှုများနှင့် ပတ်သက်၍ စာရွက်စာတမ်းအပေါ်တွင်ပင် မသုံးသပ်သင့်ဘဲ ထဲထဲဝင်ဝင် သုံးသပ်ဆုံးဖြတ်ရကြောင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း နိုင်ငံတော်တရားရုံးချုပ်မှ အမှုတစ်ခုတည်းကိုပင် ပြင်ဆင်မှုအမှုနှစ်ခါဖွင့်၍ ဆုံးဖြတ်ခဲ့ရကြောင်းကို အကျဉ်းချုပ်တင်ပြအပ်ပါသည်။

ထိုပြင်ဆင်မှုနှစ်ခုမှာ တရားရုံးချုပ် ညွှန်ကြားလွှာများ၊ ၁၉၆၂၊ ၆၉ ခုနှစ်အထိ ညွှန်ကြားလွှာ ပေါင်းချုပ်တွင် ပါရှိပြီး ပထမ ပြင်ဆင်မှုမှာ၊ (၂၅-၆-၁၉၆၅) နေ့တွင် ချမှတ်ခဲ့သော တရားမပြင်ဆင်မှုအမှတ် - ၂၂ ဖြစ်၍ ထိုအမှုအား ထပ်မံပြီး ၁၉၆၅ တရားမပြင်ဆင်မှုအမှတ် - ၅၆ ဖြင့် ပြန်လည်ပြင်ဆင်အမိန့်ချမှတ်ခဲ့ရပါသည်။

အမှုဖြစ်စဉ်မှာ - ဖျာပုံမြို့နယ် လယ်သမားကြီး ဦးခွေးက လယ်သမား ဇနီးမောင်နှံများဖြစ်ကြသည့် ဦးအေး၊ ဒေါ်ထားတို့ထံမှ ကွဲနှစ်ကောင်ကို စာချုပ်ဖြင့် ငွေသုံးရာပေးကာ ဝယ်ယူပြီးနောက် ထိုကွဲများကို ဦးအေး၊ ဒေါ်ထားတို့ကိုပင် တစ်နှစ်တာ လယ်လုပ်ပြီးစီးသည့်အထိ ပြန်လည်ငှားရမ်းထားခဲ့ရာ နှစ်ကုန်၍ ကွဲများကို ပြန်တောင်းသောအခါ မပေးသဖြင့် ကွဲနှစ်ကောင်ကို ပြန်လည်ရလိုမှု တရားစွဲဆိုခဲ့ပါသည်။

ဦးအေး၊ ဒေါ်ထားတို့က အရောင်းအဝယ်စာချုပ်မဟုတ်ဘဲ ကြွေးအတွက် လီဆယ်ချုပ်ဆိုခဲ့သည့် စာချုပ်မျှသာဖြစ်ကြောင်း ချေပသည့်အပေါ် မူလတရားရုံးမှ ကောက်ချက်ထုတ်နုတ်၍ နှစ်ဖက်သက်သေများကို စစ်ဆေးပြီးနောက် ဦးခွေး တရားစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချပေးခဲ့သည်။ ဦးအေးတို့ဘက်မှ ဖျာပုံခရိုင် တရားမရုံးသို့ အယူခံဝင်ရောက်ခဲ့သော်လည်း မအောင်မြင်ခဲ့ကြချေ။

ဦးခွေးက ၎င်းအနိုင်ဒီကရီအား ဇာရီမှုဖွင့်၍ ကွဲများကို ဝရမ်းဖမ်းဆီးရန် လျှောက်သည့်အခါ ပညာရှိ မြို့နယ်တရားသူကြီးက တရားရှုံးတို့သည် လယ်သမားများဖြစ်သဖြင့် မည်သို့ ဆောင်ရွက်ရမည်ကို ဖျာပုံခရိုင် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီဉက္ကဋ္ဌထံသို့ အကြံဉာဏ်တောင်းခံခဲ့ရာ ဥက္ကဋ္ဌမှ တရားဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်ရန် အကြံပေးသဖြင့် ဦးအေးတို့လက်ဝယ်တွင်ရှိသော ကွဲများကို ပေးအပ်စေရန် ရုံးက ဝရမ်းထုတ်ဆင့်ခဲ့သည်။

ဦးအေးတို့က ကွဲတစ်ကောင်မှာ မြွေကိုက်၍ သေပြီဟု အကြောင်းပြကာ ကွဲတစ်ကောင်ကိုသာ အပ်နှံခဲ့သည်။ ကွဲတစ်ကောင်အပ်နှံခြင်းအပေါ် ဦးခွေးက မကျေနပ်၍ ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီဌာနသို့ သွားရောက်တိုင်တန်းခဲ့ရာ ဖျာပုံခရိုင် တရားမ တရားသူကြီးရုံးသို့ စစ်ဆေးပေးရန် ကော်မတီကတစ်ဆင့် ပေးပို့သဖြင့် ထိုပြဿနာကို တရားရုံးချုပ်သို့ တင်ပြအစီရင်ခံရန် မြို့နယ် တရားမတရားသူကြီးသို့ ညွှန်ကြား၍ နိုင်ငံတော် တရားရုံးချုပ်မှ ဤပြင်ဆင်မှုအား ကြားနာခဲ့ခြင်းဖြစ်ပါသည်။

တရားရုံးချုပ်မှ တောင်သူလယ်သမားများ၏ လက်ဝယ်တွင်ရှိ ကွဲများကို တရားရုံး၏ အမိန့်ဖြင့် ဝရမ်းကပ်ခြင်း၊ သိမ်းဆည်းခြင်း ပြုနိုင်/မပြုနိုင်ကို ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်သည့်ဥပဒေပုဒ်မ - ၃(၁)(က) အရ စဉ်းစားရန်လိုအပ်သည်ဟု ယူဆသဖြင့် ပြင်ဆင်မှုကို ဖွင့်လှစ်ကာ နှစ်ဖက်သော အမှုသည်များအား အကြောင်းကြားခဲ့ပါသည်။ အရေးကြီးသော ဥပဒေပြဿနာတစ်ရပ် ပေါ်ပေါက်သဖြင့် ထိုပြဿနာကို အစိုးရ၏ မူဝါဒနှင့် ညှိနှိုင်း၍ စီရင်ဆုံးဖြတ်နိုင်ရန်အတွက် သဟာယအဖြစ် လိုက်ပါဆောင်ရွက်ရန် နိုင်ငံတော်ရှေ့နေချုပ်ကိုလည်း ဖိတ်ကြားခဲ့သည်။

တရားမမှုခင်းများတွင်မူကား တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ က အပ်နှင်းထားသောအာဏာကို သုံးစွဲ၊ အလားတူပြင်ဆင်မှုများ ဖွင့်လှစ်နိုင်သော်လည်း သာမန်အားဖြင့်ဆိုလျှင် ထိုအာဏာကို လွယ်ကူစွာသုံးစွဲခြင်း မပြုပေ။ နှစ်ဖက်သော အမှုသည်များအနေနှင့် မကျေနပ်က ကိုယ်တိုင်အယူခံဝင်ရန် သို့မဟုတ် ပြင်ဆင်မှု ဖွင့်လှစ်ပေးရန် လျှောက်ထားနိုင်ကြသောကြောင့် ဖြစ်ပေသည်။ အချို့သော အမှုများ၌ ထိုကဲ့သို့ အဆင့်ဆင့် အယူခံဝင်ခြင်း၊ ပြင်ဆင်မှုလျှောက်ထားခြင်းပြုလုပ်ပြီးနောက်၌ပင် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ - ၆ အရ အယူခံဝင်ရန် အခွင့်ထူးလျှောက်ထားနိုင်ကြသည်။ ထိုအခွင့်အရေးများ ရှိနေပြီးဖြစ်၍ တရားရုံးချုပ်က အလိုအလျောက် တရားမမှုများကို ခေါ်ယူ၍ ပြင်ဆင်မှုဖွင့်လှစ်ခြင်းများ နည်းပါးခဲ့သည်။ လိုအပ်ပါက ထိုသို့ အမှုကို ခေါ်ယူ၍ ပြင်ဆင်ပေးနိုင်ကြောင်းမှာမူကား ဥပဒေအရ ထင်ရှားသော အချက်တစ်ရပ်ဖြစ်သည်။ ဤအမှုတွင် လိုက်ပါဆောင်ရွက်သော ပညာရှိလက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးဘကျော်ကလည်း ဤအာဏာသည် တရားရုံးချုပ်၌ တည်ပါသည်ဟုတင်ပြသည်။ ■

ဦးရီစိန် (တရားလွှတ်တော်ရှေ့နေ)

ဆက်လက်ဖော်ပြပါမည်

# သေဆုံးသူအင်ဒိုရဲတပ်ဖွဲ့ဝင်နှင့် အချင်းများခဲ့သော်လည်း မသတ်ဖြတ်ခဲ့ဟု ဗြိတိန်နိုင်ငံသား ထွက်ဆို

**ဂျကာတာ၊ ဩဂုတ် ၂၃**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် အင်ဒိုရဲတပ်ဖွဲ့ဝင်တစ်ဦးကို သတ်ဖြတ်မှုဖြင့် ဖမ်းဆီးခံထားရသော ဗြိတိန်နိုင်ငံသားသည် ယင်းရဲတပ်ဖွဲ့ဝင်ထံတွင် သူ့ချစ်သူမိန်းကလေး၏ပိုက်ဆံအိတ်ကို ရှာဖွေရာ၌ အချင်းများခဲ့သော်လည်း သတ်ဖြတ်ခဲ့ခြင်းမရှိကြောင်း ငြင်းဆိုထားသည်ဟု ၎င်း၏ရှေ့နေဖြစ်သူက ဩဂုတ်လ ၂၃ ရက်နေ့တွင် ပြောကြားခဲ့သည်ဟု Reuters သတင်းဌာနက ဖော်ပြသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ဝါယန်ဆူဒါဆာ၏အလောင်းကို ဩဂုတ်လ ၁၇ ရက်နေ့က မှောက်လျက်အနေအထားဖြင့် ကူတာကမ်းခြေတွင် တွေ့ရှိခဲ့ရပြီး ခေါင်းနှင့် လည်ပင်းတွင် ထိခိုက်ဒဏ်ရာများရှိကြောင်း သတင်းများက ဖော်ပြသည်။

အသက် ၃၃ နှစ်အရွယ် ဒေးဗစ်တေလာနှင့်သူ၏ချစ်သူ ဩစတြေးလျနိုင်ငံသူ အသက် ၄၅ နှစ်အရွယ် ဆာရာကော်နာကို လူသတ်မှုဖြင့် သံသယရှိသောကြောင့် ရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးနေခြင်းဖြစ်သည်။

အင်ဒိုနီးရှား တရားစီရင်ရေးဥပဒေအရ အမှုကို ရုံးတင်မှသာ စွဲချက်တင်ရန် လိုအပ်သည်။

"ဒေးဗစ်က သေသူကို သူသတ်တာ မဟုတ်ဘူးလို့ ငြင်းဆိုထားဆဲဖြစ်ပါတယ်။ (သူ့ချစ်သူမိန်းကလေးရဲ့ ပိုက်ဆံအိတ်ကို) ရှာရုံပဲ ရှာခဲ့တာလို့ ဆိုပါတယ်" ဟု တေလာ၏ရှေ့နေဖြစ်သူ ဟာပိုဆန်ရှင်ဘင်းက ပြောကြားသည်။

"သေသူထံ ချဉ်းကပ်ပြီး၊ သေသူရဲ့ အိတ်တွေထဲကို စစ်ဆေးခဲ့ပါတယ်။ ဒါကြောင့် အချင်းများခဲ့ကြပေမယ့် ဒေးဗစ်က သေသူကို ထိုးနှက်ခဲ့ခြင်း မရှိပါဘူး" ဟု ရှေ့နေဖြစ်သူက ပြောကြားသည်။

သို့ရာတွင် ပိုက်ဆံအိတ်ကိုရှာဖွေစဉ် တေလာက ရဲတပ်ဖွဲ့ဝင်ကို ရိုက်နှက်ခဲ့သည်ဟု ကော်နာက ထွက်ဆိုထားသည်ဟု ကော်နာ၏ရှေ့နေ အာဝင်ဆီရီဂါက ပြောကြားသည်။

"သူ(ကော်နာ)ကသူ့ ပိုက်ဆံအိတ်ကို ရှာဖို့လုပ်နေတုန်း ဒေးဗစ်က သေသူရဲ့ ကျောပေါ်မှာ ထိုင်နေခဲ့တာကိုမြင်ခဲ့ပါတယ်။ သူလှမ်းကြည့်တော့ ဒေးဗစ်က သေသူကို ရိုက်နှက်နေတာတွေ့ရပါတယ်။ နောက်ကျောကိုပဲ လှမ်းမြင်ရတာဖြစ်တဲ့အတွက် ဒေးဗစ်က လက်နဲ့ ရိုက်တာလား၊ တစ်ခုခုနဲ့ ရိုက်တာလား ဆိုတာကိုတော့ မတွေ့ရပါဘူး" ဟု ဆီရီဂါက ပြောကြားသည်။

ဒီဂျေနတ်ဗို ဆိုသော အမည်ဖြင့် ဂီတလုပ်ငန်းဖြင့် အသက်မွေးသော ဒေးဗစ်တေလာကို ရဲတပ်ဖွဲ့က ဩဂုတ်လ ၂၃ ရက်နေ့တွင် စစ်ဆေးရန် စီစဉ်ထားသည်။

ကော်နာကိုမူ ရဲတပ်ဖွဲ့က ၂၂ ရက်နေ့ ၉ နာရီကြာ စစ်ဆေးခဲ့သည်ဟု ကော်နာ၏ရှေ့နေဖြစ်သူက ဆိုသည်။

အမှုကို ရုံးမတင်မီ စစ်ဆေးမှုများ ရက်သတ္တတစ်ပတ်ချီကြာမြင့်နိုင်သည်ဟု ရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည်။ ■


ဒေးဗစ်တေလာကို အင်ဒိုရဲတပ်ဖွဲ့ ရဲဌာနချုပ်သို့ခေါ်ဆောင်လာစဉ်


ဆန္ဒပြမှုအတွင်း မော်တော်ယာဉ်များကိုလည်း မီးရှို့ခဲ့ကြသည်

# ကရာချိတွင် ဆန္ဒပြသူများက ရုပ်သံလွှင့်ဌာနကို ပစ်ခတ်

**ကရာချိ၊ ဩဂုတ် ၂၃**

ပါကစ္စတန်နိုင်ငံ ကရာချိတွင် ဆန္ဒပြသူများက ပြည်တွင်းရုပ်သံလွှင့်ဌာန ARY ၏ရုံးကို ပစ်ခတ်ခဲ့ကြပြီး ဝန်ထမ်းများကို တိုက်ခိုက်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

မွတ်တာဟီဒါကွာမီ လှုပ်ရှားမှု MQM ပါတီ ထောက်ခံသူများကို ရဲတပ်ဖွဲ့က ဖြိုခွင်းခဲ့ရာ တစ်ဦးသေဆုံးပြီး အမြောက်အမြား ဒဏ်ရာရရှိခဲ့သည်။

အစာငတ်ခံဆန္ဒပြမှုအား သတင်းမဖော်ပြခြင်းကို ၎င်းတို့က ဒေါသထွက်ခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။

MQM ၏ လန်ဒန်အခြေစိုက် ခေါင်းဆောင်အယ်တဖ်ဟူစိန်က ဆန္ဒပြရန် လှုံ့ဆော်ခဲ့ပြီးနောက် ယင်းသို့ အကြမ်းဖက်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

MQM ပါတီသည် ကရာချိတွင် ဩဇာအာဏာ အတန်အသင့်ရှိသည်။

MQM ပါတီသည် တရားမဝင်ရန်ပုံငွေရှာဖွေမှု၊ ပြန်ပေးဆွဲမှု၊ နှိပ်စက်မှု၊ လူသတ်မှု စွပ်စွဲချက်များနှင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး ပါတီကမူ ရာဇဝတ်မှုများနှင့် ဆက်နွှယ်ခြင်းမရှိဟု ငြင်းဆိုထားသည်။

"MQM ပါတီဝင်အလုပ်သမားတွေဟာ ARY ရုံးကိုပစ်ခတ်တယ်။ အဆောက်အအုံတွေကို ဖျက်ဆီးတယ်။ ရဲကားကို မီးရှို့တယ်" ဟု ရဲတပ်ဖွဲ့တာဝန်ရှိသူက Reuters သတင်းဌာနသို့ ပြောကြားသည်။

ARY မှအကြီးတန်းသတင်းထောက် ကာရှစ်အက်ဘာဆီက "သူတို့က မွတ်တာဟီဒါ ပါတီဝင်တွေပါ။ သူတို့ကို အယ်တဖ်ဟူစိန်က ညွှန်ကြားပြီး ၁၀ မိနစ်အတွင်းမှာ ဒီလိုဖြစ်ကုန်တာပါပဲ" ဟု Dawn သတင်းစာသို့ ပြောကြားသည်။

၎င်းတို့အဖွဲ့အပေါ် လုံခြုံရေးအဖွဲ့များက တိုက်ခိုက်သည်ဟု စွပ်စွဲသော ဆန္ဒပြသူများက တနင်္လာနေ့ အစောပိုင်းတွင် ပြည်တွင်းသတင်းထောက်ကလပ်တစ်ခု၏အပြင်ဘက်တွင် စုဝေးကာ အစာငတ်ခံ ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

MQM ပါတီ၏ လန်ဒန်အခြေစိုက် ပြောရေးဆိုခွင့်ရှိသူ ဝါဆေးဂျေလီက ဆန္ဒပြသူများသည် အကြမ်းမဖက်ဘဲ ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြခြင်းဖြစ်ပြီး ရဲများက စတင်ပစ်ခတ်ခြင်းသာဖြစ်သည်ဟု BBC သို့ ပြောကြားသည်။

အနီးအနားရှိ ဆေးရုံမှ အရေးပေါ်ဌာန တာဝန်ခံ ဒေါက်တာ ဆီမင်ဂျာမာလီက အနည်းဆုံး တစ်ဦးသေဆုံးပြီး အမြောက်အမြား ဒဏ်ရာရရှိကြောင်း Dawn သတင်းစာသို့ အတည်ပြုပြောဆိုသည်။ ■

# ဘိုကိုဟာရမ်အုပ်စု ထိပ်တန်းတာဝန်ရှိသူအချို့သေဆုံးပြီး ခေါင်းဆောင်ဖြစ်သူ ဒဏ်ရာရသွားသည်ဟု ယူဆရကြောင်း နိုင်ဂျီးရီးယားထုတ်ပြန်

**အဘူဂျာ၊ ဩဂုတ် ၂၃**

ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့အခြေစိုက်ရာ နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်းသို့ လေကြောင်းမှ တိုက်ခိုက်ခဲ့ရာတွင် အဖွဲ့၏ ထိပ်တန်းတာဝန်ရှိသူအချို့ သေဆုံးပြီး ခေါင်းဆောင်ဖြစ်သူမှာလည်း ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်ဟု ယူဆရကြောင်း နိုင်ဂျီးရီးယားလေတပ်က ထုတ်ပြန်ခဲ့သည်ဟု Reuters သတင်းကဖော်ပြသည်။

ဘော်နိုပြည်နယ် ဆမ်ဘီဆာတောအတွင်းရှိ တာယီကျေးရွာတွင် ရှိနေသော ဘိုကိုဟာရမ်ခေါင်းဆောင်များကို အစိုးရစစ်လေယာဉ်များက ဩဂုတ်လ ၁၈ ရက်နေ့က တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး စီးနင်းမှု အသေးစိတ်ကို ယခုမှ အတည်ပြုနိုင်ခြင်းကြောင်း လေတပ်ကထုတ်ပြန်သည်။

"အဘူဘေကာ ရှက်ကူလို့ ခေါ်တဲ့ သူတို့ခေါင်းဆောင်ဟာ လက်မောင်းမှာ ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရခဲ့တယ်လို့ ယုံကြည်ရပါတယ်" ဟု စစ်တပ်ပြောခွင့်ရ ပုဂ္ဂိုလ်ဗိုလ်မှူးကြီး ဆာနီကူကက်ရှိကာ အူစမန်က ပြောကြားသည်။

ယခင်က ရှက်ကူသေဆုံးပြီဟု စစ်တပ်က ထုတ်ပြန်ခဲ့မှုများရှိသော်လည်း နောက်ပိုင်းတွင် ရှက်ကူဟု ယူဆရသူတစ်ဦး မထိမခိုက်ပြန်ပေါ်လာကာ ဗီဒီယိုကြေညာချက်များ ထုတ်ပြန်လေ့ရှိခဲ့သည်။

ယခုဖြစ်စဉ်တွင်မူ စစ်သွေးကြွအဖွဲ့ဘက်မှ သတင်းထုတ်ပြန်ခြင်း မရှိသေးပေ။

ဘိုကိုဟာရမ်အဖွဲ့သည် နိုင်ဂျီးရီးယားတွင် အစ္စလာမ္မစ်နိုင်ငံထူထောင်ရန် ပုန်ကန်ခြားနားခဲ့သည်မှာ ၇ နှစ်ရှိလာပြီဖြစ်ပြီးလူ ၁၅၀၀၀ ခန့် သတ်ဖြတ်ခဲ့သည်။

အိမ်နီးချင်း ကင်မရွန်း၊ ချဒ်၊ နိုင်ဂျာတို့သို့ပါ ပျံ့နှံ့ခဲ့သော တိုက်ပွဲများကြောင့် လူ ၂ သန်းကျော် နေရာရွှေ့ပြောင်းခဲ့ရသည်။

ဘိုကိုဟာရမ်အဖွဲ့သည် ၂၀၁၄ ခုနှစ် ဧပြီလအတွင်းက ကျောင်းသူမိန်းကလေး ၂၇၀ ကို ပြန်ပေးဆွဲခဲ့ပြီး ယင်းတို့အနက်မှ အချို့မှာ ဆမ်ဘီဆာ တောနက်အတွင်း ယခုအချိန်အထိ အဖမ်းခံထားရဆဲဖြစ်သည်ဟု ယူဆရသည်။ ■



ဘိုကိုဟာရမ်ခေါင်းဆောင်အား အလိုရှိကြောင်း နိုင်ဂျီရီးယားအစိုးရ ဆုငွေထုတ်ကာ ကြေညာထားစဉ်




အီရန်လေတပ်စခန်းမှ ပျံတက်လာသည့် ဆူခွိုင်းတိုက်လေယာဉ် ဆီးရီးယားပစ်မှတ်များကို ဗုံးကြဲချနေပုံကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်

# အီရန် စစ်အခြေစိုက်စခန်းအသုံးပြုမှု ဆီးရီးယားအခြေအနေပေါ်မူတည် ဟုရုရှားပြော

**မော်စကို၊ ဩဂုတ် ၂၂**

အီရန်နိုင်ငံရှိဟာမဒန် စစ်အခြေစိုက်စခန်းကို အသုံးပြုပြီး ဆီးရီးယားပစ်မှတ်များကို ရုရှားက တိုက်ခိုက်သွားပြီးနောက် ရှေ့လျှောက် ယင်းကဲ့သို့အသုံးပြုမှုသည် ဆီးရီးယားအခြေအနေအပေါ် မူတည်လိမ့်မည်ဟု ရုရှားစစ်တပ်က ပြောကြားသွားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

အီရန်လေတပ်စခန်းကို ရုရှားအသုံးပြုမှုအား အိမ်ဖြူတော်နှင့် အီရန်အမတ်အချို့က ဝေဖန်လျက်ရှိပြီး ယင်းကဲ့သို့အသုံးပြုမှု ရပ်ဆိုင်းသွားပြီဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသွားသည်။

"အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး နှစ်နိုင်ငံသဘောတူညီမှု၊ ဆီးရီးယားအခြေအနေတွေပေါ် အခြေပြုပြီး အနာဂတ်ကာလမှာ အီရန် ဟာမဒန်လေတပ်စခန်းကို ရုရှားအာကာသတပ်ဖွဲ့က အသုံးပြုသွားမှာပါ"ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် ကိုနက်ရှန်ကော့ က ပြောကြားသွားသည်။

ပြီးခဲ့သည့် ရက်သတ္တတစ်ပတ်အတွင်း တာဝေးပျံ ရုရှားဗုံးကြဲလေယာဉ် တူပိုလတ်-၂၂ နှင့် ဆူခွိုင်း - ၃၄ တိုက်လေယာဉ်များသည် အီရန် ဟာမဒန်မြို့အနီးရှိ နိုဂျက်လေတပ်စခန်းမှ ပျံတက်ပြီး ဆီးရီးယားပစ်မှတ်များကိုတိုက်ခိုက်ခဲ့သည်။

ယင်းကဲ့သို့သော တိုက်ခိုက်မှုသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ပြီး အီရန်မြေကို နိုင်ငံခြားပါဝါတစ်ခု အသုံးပြုလိုက်မှုဖြစ်သည်။

ငြိမ်းချမ်းရေးအတွက် ရည်ရွယ်၍ ဖြစ်စေ၊ အီရန်နယ်အတွင်း မည်သည့်နိုင်ငံခြားအခြေစိုက်စခန်းမျှ ခွင့်မပြုဟု အီရန် အခြေခံဥပဒေတွင် ဖော်ပြထားသဖြင့် ရုရှားစစ်လေယာဉ်များ၏ အပြုအမူသည် အခြေခံဥပဒေချိုးဖောက်မှု ဖြစ်သည်ဟု အီရန် အမတ်များက ဝေဖန်လျက်ရှိသည်။

ယင်းကဲ့သို့သောဝေဖန်မှုကို အီရန်ကာကွယ်ရေးဝန်ကြီး ဟူစိန် ဒတ်ဟန်က လက်ခံခြင်းမရှိသော်လည်း စစ်စခန်းအသုံးပြုမှုကို လူသိရှင်ကြားထုတ်ဖော်မှုကြောင့် ရုရှားသည် ယုံကြည်ထိုက်သောနိုင်ငံမဟုတ်ကြောင်း ဝေဖန်ပြောကြားသည်။

ရုရှားတပ်ဖွဲ့ဝင်များကို စစ်အခြေစိုက်စခန်းဖွင့်ခွင့်ပြုခြင်းမဟုတ်ကြောင်း လက်ရှိလုပ်ဆောင်ချက်မှာ စစ်ဆင်ရေးလိုအပ်ချက်ကြောင့် ပြုလုပ်ခြင်းဖြစ်ပြီး ဆီဖြည့်ခြင်းသာ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု အီရန်ကာကွယ်ရေးဝန်ကြီးက ရှင်းလင်းပြောကြားသွားသည်။

ငါးနှစ်ကြာ ဖြစ်ပွားလျက်ရှိသည့် ဆီးရီးယား ပြည်တွင်းစစ်တွင် သမ္မတ အာဆတ်ကို ရုရှားနှင့် အီရန်နှစ်နိုင်ငံလုံးက အရေးပါသည့် စစ်ရေးအကူအညီများပေးအပ်လျက်ရှိသည်။ ■

# ဖိလစ်ပိုင်မူးယစ်နှိမ်နင်းရေးစီမံချက် ခုနစ်ပတ်အတွင်း လူ ၁၉၀၀ ကျော်သေဆုံး

**မနီလာ၊ ဩဂုတ် ၂၃**

ဖိလစ်ပိုင်နိုင်ငံတွင် ရိုဒရီဂိုဒူတာတေး သမ္မတတာဝန် ရယူလိုက်သည့်အချိန်မှစ၍ ဆင်နွှဲခဲ့သော မူးယစ်ဆေးဝါးနှိမ်နင်းရေးစီမံချက်အတွင်း လူပေါင်း ၁၉၀၀ ကျော်ခန့် သတ်ဖြတ်ခံလိုက်ရပြီဖြစ်သည်ဟု ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ကြောင်း Reuters သတင်းဌာနက ဖော်ပြသည်။

သမ္မတဒူတာတေးသည် လွန်ခဲ့သည့် သီတင်းပတ် ခုနစ်ပတ် အာဏာရရှိခဲ့ချိန်မှစ၍ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါး နှိမ်နင်းရေး စစ်ဆင်ရေးကြီးကို စတင်ခဲ့သည်။

နိုင်ငံတကာအသိုင်းအဝိုင်းနှင့် လူ့အခွင့်အရေးသမားများ၏ ဝေဖန်ခြင်းခံခဲ့ရသော အဆိုပါမူးယစ်နှိမ်နင်းရေးစီမံချက်ကြီးအတွင်း လူပေါင်း ၁၉၀၀ ကျော်ခန့် သေဆုံးခဲ့ပြီး ယင်းအနက် ၁၁၀၀ ဦး သေဆုံးမှုကို စုံစမ်းစစ်ဆေးနေကြောင်း ဖိလစ်ပိုင် ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ရိုလန်ရိုဆာကပြောကြားသည်။

"ကျွန်တော်တို့တစ်တွေဟာ သားသတ်သမားတွေ မဟုတ်ပါဘူး"ဟု ၎င်းက ဆိုပြီး ၈၀၀ ကျော်ခန့်မှာ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသည့် ဂိုဏ်းများအား ဖြိုခွင်းစဉ် ရဲတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဖိလစ်ပိုင် လွှတ်တော်အမတ်တစ်ဦးဖြစ်သူ ဖရန့်ခ်ဒရစ်လွန်ကမူ အဆိုပါဖြစ်ရပ်များသည် တရားဥပဒေတစ်ရပ်၏ ဘေးထွက်ဆိုးကျိုးဖြစ်သည်ဟုဆိုပြီး သေဆုံးမှုများအတွက် စိုးရိမ်ပူပန်မိကြောင်းပြောကြားသည်။

'ဒဏ်ခတ်သူ'ဟု ဖိလစ်ပိုင်တွင် အမည်တွင်လျက်ရှိသော သမ္မတဒူတာတေးက နိုင်ငံတွင်းရှိ မူးယစ်ရာဇာများနှင့် မူးယစ်ဂိုဏ်းသားများအနေနှင့် ထွက်ပြေးရာလမ်းကြောင်း ရှာဖွေနိုင်ခြင်းမရှိပါက သတ်ဖြတ်ခံရမည့် အန္တရာယ်နှင့်ရင်ဆိုင်ရမည်ဖြစ်ကြောင်း ခပ်ပြတ်ပြတ်ပင် ပြောဆိုထားသည်။

၎င်း၏မူးယစ်ဆေးဝါးနှိမ်နင်းရေး စစ်ဆင်ရေးကြီးအတွင်း မူးယစ်ဆေးဝါး သုံးစွဲသူနှင့် ရောင်းဝယ်ဖောက်ကားသူ ၇ သိန်းခန့်သည် အစိုးရ၏ ရက်စက်ကြမ်းကြုတ်စွာ နှိမ်နင်းမည့်အန္တရာယ်မှ ကင်းလွတ်စေရန် ရဲဌာနအသီးသီး၌ လာရောက်အဖမ်းခံခဲ့ကြသည်။

လူပြောများနေသည့်အဆိုပါစစ်ဆင်ရေးကြီးကြောင့် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း လူသတ်မှုနှင့် ရာဇဝတ်မှုဖြစ်ပွားမှုနှုန်း သိသိသာသာပင် ကျဆင်းသွားသည်ဟု ရိုဆာက ပြောကြားသည်။

အဆိုပါစစ်ဆင်ရေးကို ထောက်ခံအားပေးသူများက ဖိလစ်ပိုင်အထက်လွှတ်တော် အပြင်ဘက်တွင်စုဝေးကာ "ရိုဆာ၊ ရိုဆာ"ဟု အော်ဟစ်ကာ အောင်ပွဲခံခဲ့ကြသည်။

အချို့ကမူ "ရိုဆာ၊ မူးယစ်နှိမ်နင်းရေးစစ်ပွဲကြီးမှာ ခင်ဗျားနဲ့အတူ ကျွန်တော်တို့ရှိတယ်"ဟု ရေးသားထားသော ခေါင်းစီးစာတန်းများကို ကိုင်ဆောင်ခဲ့ကြသည်။ ■




မူးယစ်နှိမ်နင်းရေး စစ်ဆေးရေးတစ်ခုအတွင်း သိမ်းဆည်းရမိသော မိသာအဖက်တမင်းဆေးပြားများကို ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ဝင်တစ်ဦး ပြသနေစဉ်

# စစ်သွေးကြွဟုသံသယရှိသူကို ထိန်းသိမ်းပြီးနောက် ဘာလီလုံခြုံရေး အင်ဒိုနီးရှားတိုးမြှင့်




ဘာလီကျွန်းတွင် လုံခြုံရေးစောင့်နေသည့် အင်ဒိုနီးရှားရဲတပ်ဖွဲ့ဝင်များ

**ဂျကာတာ၊ ဩဂုတ် ၂၂**

အပန်းဖြေစခန်း ဘာလီကျွန်း၌ အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်နေသည့် စစ်သွေးကြွဟု သံသယရှိသူတစ်ဦးကို ထိန်းသိမ်းလိုက်ပြီးနောက် ဘာလီကျွန်း လုံခြုံရေးကို အင်ဒိုနီးရှားအာဏာပိုင်များက တိုးမြှင့် လိုက်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

"ဘာလီမှာ စီစဉ်ထားမှုနဲ့အကြမ်းဖက်သမား ထိန်းသိမ်းခံလိုက်ရမှု အချက်အလက်တွေကြောင့် ဘာလီတွင်းဝင်ပေါက်အားလုံးမှာ လုံခြုံရေးတိုးမြှင့်ထားပါတယ်"ဟု ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ ပရန်တိုက ပြောကြားလိုက်သည်။

ရဲတပ်ဖွဲ့ဝင်များ အဓိကအာရုံစိုက်စောင့်ကြည့်နေသည့် နေရာများသည် ဘာလီကျွန်းတစ်ဝန်းရှိ ဆိပ်ကမ်းငယ်လေးများဖြစ်ပြီး အခြားသောဝင်ပေါက်များကိုလည်း စောင့်ကြည့်နေသည်ဟု ၎င်းက ဖြည့်စွက်ပြောကြားသွားသည်။

ပြီးခဲ့သည့် ရက်သတ္တတစ်ပတ်တွင်း ဆူမတ်တြားကျွန်း၌ ထိန်းသိမ်းခံခဲ့ရသူသည် ဘာလီကျွန်း၌ တိုက်ခိုက်ရန် ကြံစည်ခြင်းရှိ မရှိကို အကြမ်းဖက်မှု တိုက်ဖျက်ရေးရဲများက စုံစမ်းလျက်ရှိသည်။

အဆိုပါ သံသယရှိသူ နေအိမ်တွင်း ဝင်ရောက် ရှာဖွေသည့်အခါ ဗုံးတစ်လုံးနှင့် ပေါက်ကွဲအားပြင်းထန်သည့် ပစ္စည်းများကို တွေ့ရှိခဲ့ရသည်။

"ဘာလီမှာ တိုက်ခိုက်ဖို့သူတို့ကြံစည်ထားတယ်ဆိုပြီး သံသယရှိသူကပြောကြားခဲ့ပါတယ်။ အသေးစိတ်အချက်နဲ့ အချိန်ကိုတော့ မပြောသေးပါဘူး"ဟုအင်ဒိုနီးရှား အမျိုးသားရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ရီယန်တိုက ပြောကြားသွားသည်။

၂၀၀၂ ခုနှစ်အတွင်း ဘာလီကျွန်း နိုက်ကလပ်တစ်ခုတွင် ဗုံးပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားခဲ့သဖြင့် လူပေါင်း ၂၀၂ ဦးသေဆုံးခဲ့ပြီး အများစုမှာ ဩစတြေးလျနိုင်ငံသားများဖြစ်ကာ တစ်နိုင်ငံလုံးအတိုင်းအတာ လုံခြုံရေးကြပ်မတ်မှု ဗုံးကွဲမှုအပြီးတွင် ပေါ်ပေါက်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ အစွန်းရောက်ဝါဒ ပြန့်ပွားမှု ပြန်လည်ဖြစ်ပွားခဲ့ပြီး အရှေ့အလယ်ပိုင်းဒေသရှိ အစ္စလာမ်မ္မစ်နိုင်ငံတော်အုပ်စု၏ လှုံ့ဆော်မှုကြောင့်လည်း ယင်းကဲ့သို့ ပြန်လည်ပြန့်ပွားလာခြင်းဖြစ်သည်။ ■

# ဦးဇခုန်တိန့်ယိန်းနှင့်ပတ်သက်သည့် အယူခံမှုများ ယခုလ အပြီးအမိန့်ချမှတ်မည်

**မြစ်ကြီးနား၊ ဩဂုတ် ၂၃**

ကချင်ပြည်နယ် အထူးဒေသ (၁) ပြည်သူ့စစ်ခေါင်းဆောင်တစ်ဦးဖြစ်သည့် မဲဆန္ဒနယ်အမှတ်(၅) မှ ဦးဇခုန်တိန့်ယိန်းနှင့်ပတ်သက်သည့်အယူခံမှုများကို ယခုလအကုန်တွင် အပြီးသတ်အမိန့်ချမည်ဖြစ်ကြောင်း ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇခုန်တိန့်ယိန်းသည် တရားမဲ့ပြုကျင့်မှုများကြောင့် ရွေးကောက်တင်မြှောက်ခံရခြင်းဖြစ်သည်ဟု စစ်ဆေးချက်ပေါ်လွင်သဖြင့် ဇွန်လ ၂၄ ရက်နေ့က ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းသည့်အပေါ် ကျေနပ်မှုမရှိသဖြင့် ဇူလိုင်လ ၇ ရက်နေ့က အယူခံဝင်ထားသည့်အမှုဖြစ်သည်။

"နေပြည်တော်က UEC (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)က မျက်နှာစုံလုပ်ပြီးတော့ ချမှတ်မယ်" ဟု ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အရာရှိဦးထွန်းအောင်ခိုင်က The Voice သို့ ပြောကြားသည်။

ဦးဇခုန်တိန့်ယိန်းနေရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ချီဖွေမြို့နယ် မဲဆန္ဒအမှတ်(၅) မှ ဦးယောနကို ခန့်အပ်ခဲ့သည်။ ■



ဓာတ်ပုံ – ပေါ်ဦး

မကွေးမြို့၌ အနုကြမ်းစီးခံခဲ့ရသည့် စိန်၊ ရွှေ ရတနာဆိုင်ကိုတွေ့ရစဉ်

# မူးယစ်ဆေးသုံးထားသည့် လူငယ်နှစ်ဦး မကွေး၌ ရွှေဆိုင်ကို အနုကြမ်းစီး

**မကွေး၊ ဩဂုတ် ၂၃**

မကွေးမြို့သစ္စာလမ်းရှိ စိန်ရတနာ ရွှေဆိုင်ကို မူးယစ်ဆေးသုံးစွဲ ထားသည့် အသက် ၂၀ အရွယ်လူငယ်နှစ်ဦးက ခြိမ်းခြောက်ကာ အနုကြမ်းစီးမှု ဩဂုတ်လ ၂၂ ရက်နေ့ ည ၇ နာရီခွဲခန့်အချိန်က ဖြစ်ခဲ့ကြောင်း အဆိုပါရွှေဆိုင်မိသားစုနှင့် မကွေးမြို့မ ရဲစခန်းထံမှ သိရသည်။

အဆိုပါဆိုင်မှ လုပ်သားများ အလုပ်ဆင်းချိန်၌ မူးယစ်ဆေးသုံးစွဲထားသည့် လူငယ်နှစ်ဦးရောက်ရှိလာခြင်း ဖြစ်ကြောင်း၊ ၎င်းတို့သည် ဆိုင်တွင်တပ်ဆင်ထားသည့် CCTV ကင်မရာကို ဆွဲလှန်ခဲ့ကြောင်း ဆိုင်ရှင် ဦးအောင်ကျော်စိုးက ပြောကြားသည်။

"သူတို့ထဲက တစ်ဦးက သိန်း ၅၀ ရအောင်တောင်းဖို့ပြောတယ်လို့သိရတယ်။ အိမ်မှာရှိတဲ့လူတွေ ဖုန်းဆက်အကြောင်းကြားတဲ့အတွက် အနုကြမ်းစီးတဲ့ လူငယ်တွေကို ၁၀ မိနစ်အတွင်း ဖမ်းဆီးနိုင်ခဲ့ပါတယ်"ဟု မကွေးမြို့မရဲစခန်းမှူး ဒုရဲမှူး စိန်အောင်က ပြောဆိုသည်။

တိုင်ကြားခံရသူများမှာ မကွေးမြို့ ကန်သာရပ်တွင် နေထိုင်သည့် အသက် ၁၈ နှစ်အရွယ် ရန်နောင်ထွန်း (ခ) ယံယံနှင့် အသက် ၁၉ နှစ်အရွယ် ရဲမြတ်ကျော်(ခ) ရဲကြီးတို့ဖြစ်ပြီး ၎င်းတို့ထံမှ မူးယစ်ဆေးဟုယူဆရသည့် ပစ္စည်းအချို့ကိုပါ သိမ်းဆည်းရမိခဲ့ကြောင်း မကွေးမြို့မရဲစခန်း၏ ကနဦးစစ်ဆေးချက်များအရ သိရသည်။

"သူတို့လေးတွေအနေနဲ့ မူးယစ်ဆေးကြောင့် အခုလိုဖြစ်ရတာနေမှာ။ ကိုယ့်တူ၊ ကိုယ့်သားအရွယ်လေးတွေ"ဟု စိန်ရတနာရွှေဆိုင်မှ မိသားစုဝင် အမျိုးသမီးက ပြောဆိုသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရန်နောင်ထွန်း (ခ) ယံယံနှင့် ရဲမြတ်ကျော်(ခ) ရဲကြီးတို့ကို မကွေးမြို့မရဲစခန်းက (ပ)၁၆၅၈/၂၀၁၆ ရာဇသတ်ကြီးပုဒ်မ ၃၈၄ (ခြောက်လှန့်၍ပစ္စည်းတောင်းယူမှု) ၊ (မယ)၇/၂၀၁၆ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဥပဒေပုဒ်မ ၁၅/၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■

# ထိုင်ဝမ်ခရမ်းချဉ်သီးဈေး ထက်ဝက်ကျဆင်း

**ဟသ်ာတ၊ ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီးရှိ ဟသ်ာတမြို့အပါအဝင် မြို့နယ်အသီးသီးထံ ပြည်မြို့မှတစ်ဆင့်ဝင်ရောက်လာသော ထိုင်ဝမ်မျိုးစိတ်ခရမ်းချဉ်သီး ဈေးနှုန်းမှာ ဩဂုတ်လ ၁၉ ရက်မှ ၂၂ရက်အထိ လေးရက်တာ ကာလအတွင်း ထက်ဝက်ကျော် ဈေးကျဆင်းခဲ့ကြောင်း ခရမ်းချဉ်သီး ရောင်းဝယ်သည့် ကုန်သည်များထံမှ စုံစမ်းသိရှိရသည်။

ခရမ်းချဉ်သီး အချိန်တစ်ဆယ် (ပိဿာချိန် ၁၀၀)လျှင် ကျပ်သုံးသောင်းအထိ ဈေးကွက်တွင် အမြင့်ဆုံးဈေး ရရှိခဲ့ကြောင်း၊ ယင်းနောက် ဩဂုတ်လ ၁၉ရက်နေ့တွင် အချိန်တစ်ဆယ်လျှင် ကျပ်နှစ်သောင်းဈေးဖြင့် ရောင်းချခဲ့ရာမှ ရေကြီးမှုနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု၊ ပြည်မြို့မှ ခရမ်းချဉ်သီး တင်ပို့မှုများပြားခြင်းကြောင့် အချိန်တစ်ဆယ်လျှင် ကျပ်ရှစ်ထောင်အထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း ၎င်းတို့က တညီတညွတ်တည်း ပြောကြားသည်။

ဩဂုတ်လ ၁ ရက်နေ့က စတင်ကာ ဧရာဝတီမြစ်ရေနှင့်ငဝန်မြစ်ရေ မြင့်တက်မှုကြောင့် ဈေးကွက်တွင် အသီးအနှံများ ဈေးမြင့်ခဲ့သော်လည်း ဝယ်လိုအားကျဆင်းခဲ့ကြောင်း၊ ဒေသထွက် ကိုင်းစိုက်ခင်းမှ ခရမ်းချဉ်သီးများမှာ မိုးရာသီအထွက်ရပ်ပါက ပြည်မြို့မှ တစ်ဆင့်ခရမ်းချဉ်သီးများကို အမြင့်ဈေးဖြင့် ဝယ်ယူရောင်းချနေရကြောင်း၊ ကုန်စိမ်းရောင်းဝယ်သူ ဒေါ်ကြော့ကြော့က ပြောဆိုသည်။

ဒေသထွက် ဗမာမျိုးရင်းခရမ်းချဉ်သီးများကို နိုဝင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးပြီး ရက်ပေါင်း ၁၀၀ ဝန်းကျင်တွင် ခူးဆွတ်ရောင်းချရကြောင်း၊ ခရမ်းချဉ်သီးတစ်ဧကလျှင် ပိဿာချိန် ခြောက်ထောင်မှ ပိဿာချိန် တစ်သောင်းကျော်အထိ အထွက်နှုန်းရှိကြောင်း၊ ၂၀၁၆ခုနှစ် ကိုင်းစိုက်ရာသီတွင် အထွက်နှုန်းကောင်းသော်လည်း ဈေးနှုန်းများ ကျဆင်းခဲ့သဖြင့် စိုက်ခင်းများ ဖျက်ဆီးပစ်ခဲ့ရကြောင်း ဟသ်ာတမြို့နယ်မှ ကိုင်းစိုက်တောင်သူဦးဆန်းမင်းက ပြောကြားသည်။

ဧရာဝတီတိုင်းတွင် ထိုင်ဝမ်မျိုးစိတ် ခရမ်းချဉ်သီးဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၀၀မှ အမြင့်ဆုံး ကျပ် ၈၀၀ အထိလည်းကောင်း၊ ဗမာမျိုးရင်း ခရမ်းချဉ်သီးဈေးမှာ ကျပ် ၄၀၀မှ အမြင့်ဆုံး ကျပ် ၁၅၀၀အထိလည်းကောင်း အရောင်းအဝယ်ဖြစ်ကြောင်း ကုန်စိမ်းလုပ်ငန်းရှင်များက ပြောဆိုသည်။ ■

# ဘားအံ၌ မိုင်းအန္တရာယ်အသိပညာပေး ဆရာဖြစ်သင်တန်းဖွင့်

**ဘားအံ၊ ဩဂုတ် ၂၃**

ကရင်ပြည်နယ် ဘားအံမြို့ တော်ဝင်ရတနာဟိုတယ်တွင် ဩဂုတ်လ ၂၂ ရက်နေ့က ယူနီဆက်ဖ်ရန်ပုံငွေဖြင့် လူမှုဝန်ထမ်း ဦးစီးဌာနနှင့် DCA (Dan Chunchald Actalliance Myanmar) အဖွဲ့တို့ ပူးပေါင်း၍ မိုင်းအန္တရာယ်အသိပညာပေး ဆရာဖြစ်သင်တန်း ဖွင့်လှစ်ခဲ့ကြောင်း ယင်းအဖွဲ့အစည်းများထံမှ သိရသည်။

သင်တန်းတွင် မြေမြှုပ်မိုင်းများ၊ မပေါက်ကွဲသေးသည့် မိုင်းများနှင့်ပတ်သက်၍ မိုင်းအန္တရာယ် အသိပညာပေးဆိုင်ရာများကို လေးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း DCA (Dan Chunchald Actalliance Myanmar)စီမံချက်မန်နေဂျာ Mr.Matthew က ပြောကြားသည်။

အဆိုပါ သင်တန်း၌ သင်တန်းသား သင်တန်းသူ ၆၃ ဦးတက်ရောက်ပြီး ဩဂုတ်လ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သင်တန်းတက်ရောက်သူများထံမှ သိရသည်။ ■

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

# ကျောင်းအုပ်ဆရာမကြီး ငွေကောက်သည်ဟုဆိုကာ လူမှုကွန်ရက်ပေါ်ရေးသားသူ၏ အာမခံကို တရားရုံး ပယ်ချ

**တောင်ငူ၊ ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ပန်းဘဲတန်း(အ-လ-ကခွဲ)ကျောင်းအုပ် ဆရာမကြီးထံ ကျောင်းထွက်လက်မှတ် ထုတ်ယူရာတွင်ဆရာမကြီးက ငွေကောက်ခံသည်ဟုဆိုကာ လူမှုကွန်ရက်ပေါ်တွင် ရေးသားမှုကြောင့် တရားစွဲခံထားရသော အမျိုးသား၏ အာမခံလျှောက်ထားမှုကို ဩဂုတ်လ ၂၂ရက်နေ့တွင် တရားရုံးက ပယ်ချခဲ့သည်။

အဆိုပါ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခန့်မှာ ကျောင်းထွက်လက်မှတ်လာထုတ်သော ကျောင်းသား မိဘများထံ ငွေကြေးကောက်ခံနေသည်ဆိုကာ ယင်းကိုတောင်ငူမြို့နယ် ပညာရေးမှူးရုံးထံ တိုင်ကြားထားကြောင်းကို ၎င်း၏ ဓာတ်ပုံနှင့်တကွ Ko Zaw အကောင့်ဖြင့် လူမှုကွန်ရက်တွင် ရေးတင်ခဲ့သော ဦးဇော်မျိုးလွင်ကို ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် ဆရာမကြီးကအမှုဖွင့်ခဲ့ကြောင်း၊ ဩဂုတ်လ ၂၂ရက်နေ့ တောင်ငူမြို့နယ် တရားရုံးတွင် အမှုစွဲတင်ခဲ့ကြောင်း တရားရေးအသိုင်းအဝိုင်းထံမှ သိရှိရသည်။

"သူ(တရားစွဲခံရသူ)က ကျန်းမာရေးမကောင်းလို့ ဆေးထောက်ခံစာနဲ့ တင်ပြလျှောက်ထားပေမယ့်တရားရုံးက ပယ်ချပြီး ညနေပိုင်းမှာပဲ တောင်ငူအကျဉ်းထောင်ကို ပို့လိုက်တယ်။ မနက်ပိုင်းက ရဲစခန်းမှာ အာမခံပေးခဲ့တော့ အဆင်ပြေပြီထင်တယ်" ဟု တရားစွဲဆိုခံထားရသူ၏ ဇနီး ဒေါ်သန်းသန်းထွေးက ပြောကြားသည်။

လူမှုကွန်ရက်တွင် ရေးသားခဲ့သော ဦးဇော်မျိုးလွင်ကို အမှတ် ၂ နယ်မြေရဲစခန်းတွင် ဇွန်လ ၁ ရက်နေ့က ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ)ဖြင့် အမှုဖွင့်ခဲ့ပြီး နှစ်လကျော်အကြာ ဩဂုတ်လ ၂၂ရက်နေ့ မွန်းလွဲပိုင်းတွင် တောင်ငူမြို့နယ် တရားရုံးသို့တရားစွဲဆို တင်ပို့ခဲ့သည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခန့်ကို မေလ ၂၇ ရက်နေ က ကျောင်းအကျိုးတော်ဆောင်များနှင့် မိဘဆရာအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးဇော်မျိုးလွင်တို့က လက်မှတ်ရေးထိုးတိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ကျောင်းငွေစာရင်း ရှင်းလင်းသည့် စာရွက်စာတမ်းများတွင် ပါရှိသည့် ငွေကြေးကိန်းဂဏန်းများကို ဆရာမကြီးကတစ်ဦးတည်း သဘောဖြင့် ပြင်ဆင်ရေးသွင်းထားခြင်း၊ ကျောင်းထွက်လက်မှတ်တောင်းခံသူများထံမှ ငွေကြေးကောက်ခံခြင်းနှင့် ပတ်သက်ပြီး တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ဦးဆောင်တိုင်ကြားခဲ့သူ ဦးမျိုးမင်းလွင်က ပြောကြားသည်။

တိုင်ကြားခဲ့မှုကြောင့် ကျောင်းအုပ်ဆရာမကြီးကိုဇွန်လ ၇ ရက်နေ့က ပညာရေးဌာနမှ စစ်ဆေးခဲ့ပြီးနောက် တောင်ငူမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းသို့ အလယ်တန်းပြ ရာထူးဖြင့် ပြောင်းရွှေ့ နေရာချထားခံခဲ့ရကြောင်း တောင်ငူမြို့နယ် ပညာရေး အသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။ ■

# ကြံခင်းမြို့ ရေလည်ကျွန်းတွင် ရွှေ့ပြောင်းအိမ်ထောင်စုများ နေထိုင်ရေး အခက်ကြုံ

**ဟင်္သာတ၊ ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေလည်ကျွန်းအောက်ကုန်းကျေးရွာတွင် ဧရာဝတီမြစ်ရေ တိုက်စားခြင်းကြောင့် ကမ်းပြိုလျက်ရှိရာ ရွှေ့ပြောင်းအိမ်ထောင်စု အချို့မှာ ရွှေ့ပြောင်းစရိတ် မတတ်နိုင်ခြင်း၊ မြေဝယ်ရန် ငွေကြေးမတတ်နိုင်သဖြင့် နေထိုင်ရေးအတွက် အခက်ကြုံနေကြောင်း ယင်းမိသားစုထံမှ သိရှိရသည်။

ဩဂုတ်လ ၁ ရက်နေ့ကစတင်ကာ ဧရာဝတီမြစ်ရေမြင့်တက်ပြီး ကမ်းပြိုမှုများကြောင့် မြစ်ကြောင်း၏ အလယ်ဗဟိုတွင် တည်ရှိနေသော ရေလည်ကျွန်းကျေးရွာအုပ်စု ရေလည်ကျွန်းအောက်ကုန်း ကျေးရွာရှိ အိမ်ခြေ ၇၃ အိမ်မှာ အရေးပေါ်ရွှေ့ပြောင်းခဲ့ရကြောင်း၊ အိမ်ခြေ ၇၀ ကျော် အနက် ငွေကြေးမတတ်နိုင်သော အိမ်ခြေ ၃၀ကျော်မှာ ကမ်းပြိုသော နေရာအနီးတွင် ယာယီတဲများထိုးကာ နေထိုင်နေရကြောင်း ရွှေ့ပြောင်းရသည့် အိမ်ထောင်စုများက ပြောကြားသည်။

မြစ်ရေကျချိန်တွင် ကမ်းပြိုမှုမှာ အရှိန်ပြင်းလာသဖြင့် အရေးပေါ်ရွှေ့ပြောင်းရန်လိုအပ်နေပြီး နေထိုင်သူများမှာ ရွှေ့ပြောင်းရမည့်နေရာတွင် ကိုင်းမြေတစ်ကွက်လျှင် ကျပ်တစ်သိန်းဝန်းကျင်ခန့်ကိုပင် မဝယ်နိုင်သော မိသားစုများမှာ အန္တရာယ်များသော မြစ်ကမ်းအနီးတွင် ဆက်လက် မှီခိုနေထိုင်နေရကြောင်း၊ ယင်းမိသားစုများကို ရေလည်ကျွန်းကျေးရွာအုပ်စု ကျောင်းကုန်းရွာ တောင်ဘက်သို့ရွှေ့ပြောင်းရမည် ဖြစ်ကြောင်း ရေလည်ကျွန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်ကပြောကြားသည်။

ရေလည်ကျွန်းကျေးရွာအုပ်စုတွင် ရေလည်ကျွန်းအထက်ကုန်း၊ ရေလည်ကျွန်း အလည်ကျွန်းရွာ၊ ရေလည်ကျွန်းတဲတန်း၊ ရေလည်ကျွန်းကျောင်းကုန်း၊ ရေလည်ကျွန်းအောက်ကုန်းရွာစသည့် ကျေးရွာငါးရွာဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေ ၄၇၅ အိမ်၊ လူဦးရေ ၁၆၀၀ ကျော်နေထိုင်ကြောင်း ဩဂုတ်လ၁ ရက်နေ့မှစတင်ကာ ရွာလုံးကျွတ် ရေဘေးသင့်ခဲ့ကြောင်း၊ အိမ်ထောင်စု ထက်ဝက်နီးပါးမှာ မြေယာမဲ့များဖြစ်ကြောင်း၊ ယင်းအပြင် မြေပဲစိုက်ခင်း၊ နှမ်းစိုက်ခင်း၊ စပါးစိုက်ခင်းများလည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ကြံခင်းမြို့နယ်တွင် ဩဂုတ်လဆန်းပိုင်းက ရေကြီးနစ်မြုပ်မှုတွင် ရွာ၈ရွာမှ လူဦးရေ ၉၄၀၀ ကျော် ရေဘေးသင့်ခဲ့ရာ ရေလည်ကျွန်းကျေးရွာမှာ အဆိုးရွားဆုံး ရေဘေးဒဏ်ခံရသောဒေသဖြစ်သည်။ ■




**နှစ် ၁၀၀ သက်တမ်းရှိ မဟာတံတိုင်းကြီးပြိုကျခဲ့စဉ်ကို တွေ့ရစဉ်**

# သီရိမင်္ဂလာမွေတော်ဘုရားရှိ တံတိုင်းပြိုကျ

**ဟိုပုံး၊ ဩဂုတ် ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ အနောက်ရပ်ကွက်ရှိ သီရိမင်္ဂလာမွေတော်ဘုရားကြီးအတွင်း ကာရံထားသော မဟာတံတိုင်းကြီးသည် ဩဂုတ်လ ၂၁ ရက်နေ့ညနေ ၅ နာရီ၁၀ မိနစ်ခန့်တွင် ပြိုကျပျက်စီးခဲ့သည်။

ဩဂုတ်လ ၂၀ ရက်နေ့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတိုင်း၌တည်ထားကိုးကွယ်သော နှစ်ကျိပ်ရှစ်ဆူ အမြင့်ခြောက်ပေ၊ အကျယ် လေးပေရှိသော ကျောင်းဆောင် (ဆင်းတုတော်ပါ) ငါးဆောင်ပျက်စီးခဲ့ကြောင်း ယင်းဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

"မိုးကသည်း၊ မြေကနူးတော့တအိအိနဲ့ပြိုကျသွားတာ။ ဘေးကအဆောင်တွေပါ ပြိုခါနီးပြီ" ဟု ဂေါပကအဖွဲ့မှ ဦးထွန်းရည်က ပြောဆိုသည်။

ပြိုကျပျက်စီးသွားသော မဟာတံတိုင်းကို မူလအလှူရှင်များဖြင့် ရှေးမူမပျက် အမြန်ဆုံးပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

သီရိမင်္ဂလာမွေတော် ဘုရားကြီးသည်ရှေးနှစ်ပေါင်း ၄၀၀ ခန့်က အလောင်းစည်သူမင်း တည်ထားကိုးကွယ်ခဲ့သော စေတီဖြစ်ပြီး ယခုပြိုကျခဲ့သော တံတိုင်းသည် လွန်ခဲ့သော နှစ် ၁၀၀ ခန့်က တည်ထားခဲ့ကြောင်း ယင်းစေတီမှတ်တမ်းများအရ သိရသည်။ ■

# တိုက်ကြီးတွင် ဆိုင်ကယ်မောင်းသူကို ၁၀ ဘီးယာဉ်ကြိတ်

**တိုက်ကြီး၊ ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်လမ်းရှိ လက်ဖက်ရည်ဆိုင်အနီးတွင် ဩဂုတ်လ ၂၂ရက် ည ၉ နာရီက မောင်းလာသော ဆိုင်ကယ်တိမ်းမှောက်စဉ် ဆယ်ဘီးကုန်တင်ယာဉ်ကြိတ်မိရာမှ အသက် ၅၆နှစ်အရွယ် ဆိုင်ကယ်မောင်းသူ သေဆုံးခဲ့ကြောင်း တိုက်ကြီးမြို့မှ ရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

အဆိုပါဆိုင်ကယ်မှာ တိုက်ကြီးမှ ရန်ကုန်ဘက်သို့မောင်းလာစဉ် ဆယ်ဘီးယာဉ်ကို ကျော်တက်ရာမှ ဆိုင်ကယ် တိမ်းမှောက်ပြီး ဆယ်ဘီးယာဉ် ကြိတ်မိရာမှ ဦးခေါင်းကွဲဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း၊ ယာဉ်မတော်တဆမှုကြောင့် ၁၀ ဘီးကုန်တင်ယာဉ်မောင်း ဦးဝင်းနိုင်ကို ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)/ ၃၃၈/ ၃၃၇ ဖြင့် အမှုဖွင့်ထားကြောင်း ယင်းရဲစခန်းထံမှ သိရှိရသည်။ ■

The VOICE Daily

CARTOON



# ကချင်ပြည်နယ်ရှိ ကျေးရွာ ၁၇၀ကျော်ကို ယခုဘဏ္ဍာနှစ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်မည်

**မြစ်ကြီးနား၊ ဩဂုတ် ၂၃**

ကချင်ပြည်နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၇၄ ရွာကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း ပြည်နယ်လမ်းပန်း ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွှန့်က ပြောကြားသည်။

ဩဂုတ်လ ၂၂ ရက်နေ့က ကချင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးဦးစီးဌာနရုံး၌ ကျင်းပသော ကျေးလက်ဒေသအခြေခံ လျှပ်စစ်ကျွမ်းကျင်ရှေ့လျှားမှုသင်တန်းတွင် ၎င်းက ယင်းသို့ပြောကြားခြင်းဖြစ်သည်။

"တည်ဆောက်ရေး တင်ဒါတွေလည်း ခေါ်ယူပြီးဖြစ်တယ်။ မကြာခင် ပွင့်လင်းရာသီဆို လုပ်ဆောင်မှာဖြစ်ပါတယ်" ဟု ဦးဝင်းညွှန့်ကဆိုသည်။

ယခုနှစ် ဇူလိုင်လအထိ အစိုးရက ကချင်ပြည်နယ်ရှိ ခရိုင်လေးခုမှ ကျေးရွာပေါင်း ၃၃ ခုအနက် မြစ်ကြီးနား၊ ဝိုင်းမော်၊ ချီဖွေ၊ မိုးညှင်း၊ မိုးကောင်း၊ ဟိုပင်၊ နမ္မတီး၊ ဗန်းမော်၊ မိုးမောက်၊ ရွှေကူ၊ မန်စီ၊ ဒေါ့ဖုန်းယန်၊ ကာမိုင်း စသည့် ၁၃ ရွာကို ဓာတ်အားပေးစနစ်မှ ဓာတ်အား ဖြန့်ဖြူးပေးထားပြီးဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

ယခုနှစ် ဇူလိုင်လအထိ ကချင်ပြည်နယ်ရှိ ကျေးရွာပေါင်း ၂၅၅၃ ရွာအနက် ရွာပေါင်း ၇၉၈ ရွာကို မီးလင်းရေးရရှိပြီးဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့ရုံးထံမှ သိရသည်။ ■

# တက္ကသိုလ်ကျောင်းသားသုံးဦးထံမှ မူးယစ်ဆေးဝါး ဖမ်းမိ

**ကလေး၊ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ ကလေးတက္ကသိုလ်အနီး လှိုင်သာယာရပ်ကွက်ရှိ အဆောင်တစ်ခုတွင် ဩဂုတ်လ ၂၂ရက် ညနေ ၆နာရီခန့်က တက္ကသိုလ်ကျောင်းသားသုံးဦးထံမှ ဘိန်းဖြူဟု ယူဆရသော မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြားနှင့် ဆေးထိုးပြွန်တို့ကို ဖမ်းမိခဲ့ကြောင်း ကလေးမြို့မရဲစခန်းမှ နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ် ဗိုလ်ဗိုလ်ဝင်းထွဋ် ကပြောကြားသည်။

အဆိုပါ မူးယစ်ဆေးဝါးများကို ဖမ်းမိသူ သုံးဦးအနက် ဘူမိဗေဒ ပထမနှစ်ကျောင်းသား အသက် ၁၈ နှစ်အရွယ် ဘွဲ့ဆန်နော်နက မူးယစ်ဆေးဝါးများကို အိန္ဒိယနိုင်ငံ၊ မိုရေးမြို့မှ ကလေးမြို့ထဲသို့ ဆိုင်ကယ်ဖြင့် သယ်ဆောင်လာကြောင်း၊ ဖမ်းမိထားသော မူးယစ်ဆေးဝါးသယ်ဆောင်လာသူကို ဘွဲ့ဆန်နော်န်၊ တွန်လျန်ထန်(အသက် ၂၀ ) နှင့် ခင်ဇစိန်(အသက် ၂၁နှစ် )တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မများဖြင့် အမှုဖွင့်ထားကြောင်း ကလေး မြို့မရဲစခန်းမှ သိရသည်။ ■

## NEWS IN BRIEF

### ဘားအံ-သထုံလမ်းပိုင်း ထုံးဘိုကွေ့၌ ၂၂ ဘီးတပ် ကုန်တင်ယာဉ်တစ်စီးမှောက်

**မြဝတီ၊ ဩဂုတ် ၂၃**

ဘားအံမြို့နယ် ကော့ရင်းအထက်ကျေးရွာအုပ်စု ထုံးဘိုကွေ့အနီး ဘားအံ-သထုံကားလမ်းပေါ်၌ ဩဂုတ်လ ၂၁ ရက်နေ့ နံနက် ၁၁ နာရီခွဲအချိန်က ၂၂ ဘီးတပ် ကုန်တင်ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ကြောင်း မြိုင်ကလေးနယ်မြေရဲစခန်းထံမှ သိရသည်။

လှည်းကူးမြို့နယ် နေဂဝတီရပ်ကွက်တွင်နေထိုင်ပြီး အသက် ၂၂ နှစ်အရွယ် ယာဉ်မောင်းထွန်းထွန်းဦး မောင်းနှင်လာသည့် ကုန်တင်ယာဉ်သည် သထုံမြို့တွင် ကုန်ပစ္စည်းများချပေးခဲ့ပြီး ကော့ကရိတ်မြို့သို့ပြန်လာစဉ် ထုံးဘိုကွေ့အနီး မိုင်တိုင် (၁၆/၅) နှင့် (၁၆/၆) အကြားတွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ ထိခိုက်ဒဏ်ရာမရခဲ့သော်လည်း ကျပ်တစ်သိန်းဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း မြိုင်ကလေးနယ်မြေရဲစခန်း၏ ကနဦး စစ်ဆေးချက်များအရ သိရသည်။

လက်ရှိတွင် ယာဉ်မဆင်မခြင်မောင်းနှင်သည့် ကုန်တင်ယာဉ်မောင်း ထွန်းထွန်းဦးကို ဘားအံမြို့မ ရဲစခန်းက ယာဉ်(ပ) ၈၁/၂၀၁၆ ရာဇသတ်ကြီး ပုဒ်မ ၂၇၉ ဖြင့် အမှုဖွင့်ထားကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■



ဓာတ်ပုံ – ဝဏ္ဏဝင်း

ရွှေတောင်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေဝင်မှုကြောင့် ပိတ်ထားရသည့် အခြေခံပညာမူလတန်းကျောင်းတစ်ခုကိုတွေ့ရစဉ်

# ပဲခူးအနောက်ခြမ်း ရေဘေးသင့်ကျောင်း ၆၀ကျော် ပြန်မဖွင့်နိုင်သေး

**တောင်ငူ၊ ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ ပြည်နှင့်သာယာဝတီခရိုင်ရှိ မြို့နယ်အချို့တွင် ရေကြီးရေလျှံမှုများကြောင့် ယာယီပိတ်ထားရသော အခြေခံပညာကျောင်းပေါင်း ၄၀၀ နီးပါး အနက် ကျောင်းပေါင်း ၆၀ ကျော်မှာ ရေကျဆင်းပြီး တစ်ပတ်ကြာသည်အထိ ပြန်မဖွင့်နိုင်သေးကြောင်း ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ စုံစမ်းသိရှိရသည်။

ရေကြီးရေလျှံမှုများကြောင့် စာသင်ကျောင်း ၃၉၉ ကျောင်းမှာ ယာယီပိတ်ထားခဲ့ရပြီး ဩဂုတ်လ ၁၅ရက်နေ့မှ စတင်ကာ လက်ရှိအထိ ပြည်နှင့် မိုးညိုမြို့အပါအဝင် အခြားမြို့နယ်များရှိ ကျောင်းပေါင်း ၃၂၇ ကျောင်း ဖွင့်လှစ်ခဲ့သော်လည်း သာယာဝတီ၊ လက်ပံတန်း၊ ဇီးကုန်း၊ ကြို့ပင်ကောက်နှင့်ရွှေတောင်မြို့နယ်များရှိအခြေခံပညာကျောင်း ၆၂ကျောင်းမှာ ပြင်ဆင်စရာများရှိနေသဖြင့် ပြန်မဖွင့်နိုင်သေးကြောင်း အဆိုပါရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဩဂုတ်လ ၁ရက်နေ့မှ စတင်ကာ ပြည်နှင့် သာယာဝတီခရိုင်တို့မှ မြို့နယ် ၁၀ မြို့တွင် ဧရာဝတီမြစ်နှင့် အခြားမြစ်လက်တက်များတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သဖြင့် အိမ်ထောင်စု တစ်သောင်းခန့်၊ လူဦးရေငါးသောင်းကျော်မှာ ရေဘေးကယ်ဆယ်ရေးစခန်းနှင့် ရေကင်းလွတ်ရာနေရာများတွင် ခိုလှုံနေထိုင်ခဲ့ရကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးထံမှ သိရှိရသည်။

ပြည်မြို့နယ်တွင် ဩဂုတ် ၁ ရက်နေ့မှစတင်ပြီး ဧရာဝတီမြစ်၏ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာ အထက်သို့ကျော်လွန်ရောက်ရှိခဲ့ပြီး ဩဂုတ်လ ၅ ရက်နေ့တွင် စိုးရိမ်ရေမှတ်အထက် ၇၄ စင်တီမီတာအထိ ရောက်ရှိခဲ့သဖြင့် အိမ်ထောင်စု ၆၀၀၀ ကျော်၊ လူဦးရေ ၂၅,၀၀၀ ကျော်ခန့်မှာရေဘေးရှောင် စခန်းများတွင် တစ်ပတ်နီးပါး ခိုလှုံခဲ့ရကြောင်း ပြည်မြို့ခံတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇေယျက ပြောကြားသည်။

"ဩဂုတ်လ ၁၁ ရက်နေ့ကတည်းက ရေဘေးရှောင်သူတွေ နေရပ်ကိုပြန်ကုန်ပြီ၊ ကျောင်းတွေကတော့ ဩဂုတ်လ ၁၅ ရက်နေ့မှာ အကုန်နီးပါး ဖွင့်နေပါပြီ" ဟု ၎င်းက ပြောဆိုသည်။

ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ထက်ကျော်လွန်ရောက်ရှိမှုကြောင့် ပြည်ခရိုင် ပြည်၊ ရွှေတောင်၊ ပန်းတောင်းမြို့နယ်များ၊ သာယာဝတီခရိုင် မိုးညိုနှင့် လက်ပံတန်းမြို့နယ် အပါအဝင် မြို့ဆယ်မြို့ခန့်တွင် ရေကြီးနစ်မြုပ်ခဲ့ရာ မိုးစပါးစိုက်ဧက နှစ်သောင်းကျော် ပျက်စီးခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရှိရသည်။ ■

# ကျိုင်းတုံတွင် လိုင်စင်မဲ့ယာဉ်များ စတင်ဖမ်းဆီး

**ကျိုင်းတုံ၊ ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့အပါအဝင် ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်များကို ဩဂုတ်လ ၂၀ရက်မှ စတင်ဖမ်းဆီးကာ အရေးယူနေကြောင်း ကျိုင်းတုံမြို့အမှတ် (၁၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး အောင်လွင်ကပြောကြားသည်။

အဆိုပါ မြို့နယ်များတွင် လိုင်စင်မဲ့မော်တော်ယာဉ် စီးနင်းမှု များပြားသဖြင့် အရေးယူမည့် အစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ ပညာပေးကာလ ကုန်ဆုံးသဖြင့် ဩဂုတ်လ ၁၆ရက်နေ့မှ စတင်ကာ လိုင်စင်မဲ့ယာဉ် စီးနင်းသူများကို ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း ၊ ဩဂုတ်လ ၂၀ရက်နေ့က မြို့ဝင်မြို့ထွက်များတွင် ရှောင်တခင် စစ်ဆေးခဲ့ရာ မော်တော်ယာဉ် နှစ်စီးကို သိမ်းဆည်းရမိထားပြီး ယာဉ်နှင့်အတူ ဖမ်းမိသူနှစ်ဦးကို ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မဖြင့် အမှုဖွင့်ထားကြောင်း ၎င်းကရှင်းပြသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အနေနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်း စီးနင်းနေသည့် လိုင်စင်မဲ့ မော်တော်ယာဉ်များကို ဩဂုတ်လ၁၅ရက်နောက်ပိုင်းတွင် ဖမ်းဆီးအရေးယူရန် ထုတ်ပြန်ခဲ့ကြောင်း၊ ယခင် ကျပ်သိန်း ၂၀မှ သိန်း ၁၀၀ခန့်ရှိသော လိုင်စင်မဲ့ မော်တော်ယာဉ်များမှာ ဈေးနှုန်းကျဆင်းသော်လည်း အရောင်းအဝယ် ရပ်တန့်နေကြောင်း အဆိုပါယာဉ်ရောင်းချသူများထံမှ သိရှိရသည်။ ■

# မှုခင်းသတင်းတိုများ

■ တိုက်ကြီးမြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်းရှိ မိုင်တိုင်အမှတ် ၄၈/၆ အနီးတွင် ဩဂုတ်လ ၂၂ ရက် ည ၉ နာရီခွဲက မှော်ဘီမှ တိုက်ကြီးဘက်သို့ မောင်းလာသည့် ဆိုင်ကယ်တစ်စီးမှာ အရှိန်မထိန်းနိုင်ဖြစ်ပြီး တစ်ဖက်ယာဉ်ကြောရှိ ဆိုင်ကယ်တစ်စီးကို ဝင်တိုက်မိရာမှ အသက် ၅၂ နှစ်အရွယ် ဆိုင်ကယ်မောင်းသူ အမျိုးသား ကားလမ်းပေါ် လွင့်စဉ်ကျကာ ယာဉ်တစ်စီးမှ ၎င်း၏ ဦးခေါင်းကို ဘီးဖြင့်ကြိတ်မိခဲ့ပြီး သေဆုံးခဲ့သည်။

■ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ ၁၃ လမ်းတွင် ဩဂုတ်လ ၂၂ ရက် နံနက် ၁၁ နာရီခွဲက အသက် ၄၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးထံမှ နှစ်လုံးထီဂဏန်းများရေးထားသည့် ဘောက်ချာစာရွက်များနှင့်အတူ လောင်းကြေးငွေကျပ် ငါးသောင်းကျော် သိမ်းဆည်းရမိခဲ့သည်။

■ မှော်ဘီမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဗညားဒလလမ်းတွင် ဩဂုတ်လ ၂၂ ရက် နံနက် ၇ နာရီက အသက် ၄၃ နှစ်အရွယ် အမျိုးသားတစ်ဦး ပြင်ပဒဏ်ရာ တစ်စုံတစ်ရာ မရှိဘဲ ပက်လက်အနေအထားဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့သောကြောင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် သိရှိရန် မှော်ဘီဆေးရုံပို့အပ် စစ်ဆေးနေသည်။

■ ရွှေပြည်သာမြို့နယ်၊ ၂၃ ရပ်ကွက်၊ လှော်ကားလမ်းဘေးရှိ နေအိမ်တစ်လုံးတွင် ဩဂုတ်လ ၂၂ ရက် မွန်းလွဲ ၂ နာရီက ဖဲချပ် ၅၆ ချပ်၊ ငွေစက္ကူရောရာ ကျပ် ၁၉၀၀၀ နှင့်အတူ လောင်းကစားပြုလုပ်နေသည့် အမျိုးသမီး ၆ ဦးနှင့် အမျိုးသား ၂ ဦးတို့ကို ဖမ်းမိခဲ့သည်။

■ အင်းစိန်ဗဟိုအကျဉ်းထောင်ရှိ တိုက်အမှတ်(၆)၊ အခန်း ၁ တွင် ဩဂုတ်လ ၂၂ ရက် မွန်းလွဲ ၁ နာရီက ထောင်ဒဏ် ၃၂ နှစ် ကျခံနေရသော အကျဉ်းသားအမျိုးသားနှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံရနေရသော အကျဉ်းသားအမျိုးသားတို့ထံမှ စိတ်ကြွဆေးပြား အကျိုးအကြေအမှုန့်များကို သိမ်းဆည်းရမိခဲ့သည်။

■ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၃ ရပ်ကွက်၊ စံပယ်မြိုင်လမ်းတွင် ဩဂုတ်လ ၂၂ ရက် မွန်းလွဲ ၃ နာရီက လောင်းကစား ပြုလုပ်နေကြောင်း သတင်းရရှိထားသည့်နေအိမ်မှ ဖဲချပ် ၁၀၈ ချပ်၊ ငွေကျပ် တစ်သောင်းကျော်နှင့်အတူ လောင်းကစားပြုလုပ်နေသည့် အမျိုးသမီးလေးဦးကို ဖမ်းမိခဲ့သည်။

# ချစ်သူကို ရိုက်နှက်ပြီးအဓမ္မပြုကျင့်

ရန်ကုန်၊ ဩဂုတ် ၂၃

ကမာရွတ်မြို့နယ် အမှတ် (၈) ရပ်ကွက်ရှိ တိုက်ခန်းတစ်ခုတွင် အသက် ၂၁ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို ထိုးကြိတ်ရိုက်နှက်ပြီး အဓမ္မပြုကျင့်ခဲ့သည့် ၎င်း၏ ချစ်သူအမျိုးသားကို ရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးနေကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

အဆိုပါဖမ်းဆီးစစ်ဆေးနေသူမှာ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်တွင် နေထိုင်သော အသက် ၂၀ အရွယ် အမျိုးသားဖြစ်ပြီး ဩဂုတ်လ ၂၂ ရက် နံနက် ၂ နာရီက အမျိုးသမီးနေထိုင်သည့် တိုက်ခန်းသို့၎င်းက ရောက်ရှိလာပြီး ချစ်သူမိန်းကလေးကို ရိုက်နှက်ထိုးကြိတ်ကာ အဓမ္မပြုကျင့်ခဲ့ကြောင်း အမှုဖွင့်တိုင်ကြားချက်များအရ ကမာရွတ်မြို့မရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

"အမျိုးသမီးက သူ့ကို လမ်းခွဲစကားပြောလို့ အဆက်အသွယ်ဖြတ်ရင် အရှက်ခွဲပစ်မယ်ခြိမ်းခြောက်ပြီး လက်သီးနဲ့ထိုး၊ လက်ဝါးနဲ့ရိုက်နှက်ပြီး အမျိုးသမီးရဲ့ ဦးခေါင်းကို နံရံနဲ့ကိုင်ဆောင့်ခဲ့တယ်၊ ပြီးတော့ အဓမ္မပြုကျင့်ခဲ့တယ်လို့ တိုင်ကြားချက်အရ သိရတယ်" ဟု၎င်းက ဆက်လက်ပြောကြားသည်။

ယင်းအဓမ္မပြုကျင့်ခဲ့သူမှာ ဩဂုတ်လ ၁၆ ရက်နေ့က ချစ်သူမိန်းကလေး နေထိုင်ရန် တိုက်ခန်းငှားရမ်းပေးခဲ့ပြီး တိုက်ခန်းရှင်နှင့် နှစ်ဖက် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် တိုက်ခန်းအတွင်း ၎င်းတို့ နှစ်ဦးတည်း ကျန်ခဲ့ချိန် အမျိုးသမီးကို ပထမအကြိမ် အဓမ္မပြုကျင့်ခဲ့ကြောင်း ကမာရွတ်မြို့နယ်ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

"အမျိုးသမီးက သူ့ကို အဓမ္မပြုကျင့်ခဲ့လို့ လမ်းခွဲတော့မယ် ပြောခဲ့တယ်၊ ဩဂုတ်လ ၂၂ ရက် နံနက် ၂ နာရီမှာ အမျိုးသမီးရဲ့လက်ကိုင်ဖုန်းကို သူက ဆက်သွယ်ပြီး ဖြစ်ခဲ့တဲ့ ကိစ္စတွေကို တောင်းပန်လိုကြောင်း ပြောခဲ့ရာက အမျိုးသမီးနေထိုင်တဲ့ တိုက်ခန်းကိုရောက်လာပြီး ရိုက်နှက် အဓမ္မပြုကျင့်ခဲ့တာလို့ တိုင်ကြားချက်အရ သိရတယ်" ဟု အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ရိုက်နှက်ခံရသည့် အမျိုးသမီးမှာ မျက်နှာနှင့် ဦးခေါင်းတွင် ဖူးရောင်ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့ပြီး ဖမ်းဆီးထားသော အမျိုးသားကို ရာဇသတ်ကြီးပုဒ်မ ၃၇၆/၃၂၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ကမာရွတ်မြို့မရဲစခန်းထံမှ သိရှိရသည်။ ■

# စုပေါင်းကားမှတ်တိုင်အနီးတွင် လူသတ်အလောင်းစွန့်ပစ်ခဲ့မှု တရားလိုပြသက်သေ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို စစ်ဆေး

ရန်ကုန်၊ ဩဂုတ် ၂၃

သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ၊ ပျဉ်းမမြိုင်လမ်းထိပ်ရှိ စုပေါင်းကားမှတ်တိုင်အနီးတွင် လူသတ်အလောင်းစွန့်ပစ်မှုမှ တရားလိုပြသက်သေအဖြစ် သုဝဏ္ဏ၊ (၂၅) ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ဩဂုတ်လ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲက အရှေ့ပိုင်းခရိုင်တရားရုံးတွင် စစ်ဆေးခဲ့ကြောင်း ယင်းတရားရုံးထံမှ သိရှိရသည်။

အဆိုပါ တရားလိုပြသက်သေအဖြစ် ထွက်ဆိုခဲ့သူ အုပ်ချုပ်ရေးမှူးက မေလ ၁၉ ရက် နံနက်ပိုင်းတွင် ရာအိမ်မှူးတစ်ဦးက စုပေါင်းကားမှတ်တိုင်အနီးတွင် မသင်္ကာဖွယ်ရာအထုပ်တစ်ထုပ် တွေ့ရှိကြောင်း ဖုန်းဆက်သဖြင့် သွားရောက်ကြည့်ရှုခဲ့ရာ လူသေအလောင်းတစ်ခု ထည့်ထားသည့် အထုပ်တစ် ထုပ်ကိုတွေ့ခဲ့ရခြင်းဖြစ်ကြောင်း တရားရုံးထွက်ဆိုချက်များအရသိရှိရသည်။

"မသင်္ကာဖွယ်အထုပ်ကို ကြည့်လိုက်ချိန်မှာသွေးစတွေ့လို့လူသေအလောင်းလို့ယူဆပြီးသင်္ဃန်းကျွန်းစံပြဆေးရုံကြီးကို သယ်သွားပါတယ်၊ ဆေးရုံရောက်လို့ ဖွင့်ကြည့်မှ ဓားဒဏ်ရာများစွာနဲ့ သေဆုံးနေတဲ့ မွတ်ဆလင်ဘာသာဝင် တစ်ဦးဆိုတာသိရတာပါ၊ အဲဒီအချိန်က သေဆုံးသူဟာ ဘယ်သူဘယ်ဝါဆိုတာမသိပါဘူး၊ နောက်ပိုင်းကျမှ တစ်အိမ်တည်းနေသူ အချင်းချင်း ပြဿနာဖြစ်ရာက သတ်လိုက်တယ်ဆိုတာသိရပါတယ်" ဟု ၎င်းက တရားရုံးသို့ ထွက်ဆိုထွက်ခဲ့သည်။

ယင်းလူသတ်အလောင်းဖျောက်ခဲ့သူမှာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၈ လမ်းရှိ သုံးလွှာတိုက်ခန်းတစ်ခုတွင် နေထိုင်သူ အသက် ၂၆ နှစ်အရွယ် အောင်သန်းဆိုသူဖြစ်ပြီး မေလ ၁၈ ရက်ညပိုင်းက သေဆုံးသူနှင့်အတူ ဗလီကပြန်လာပြီး ထမင်းအတူစားနေစဉ် စကားများရန်ဖြစ်ရာမှ လူသတ်မှုကျူးလွန်ပြီး အလောင်းကို လူခြေတိတ်ချိန်တွင် အငှားယာဉ်တစ်စီးဖြင့် သုဝဏ္ဏဘက်တွင် သွားရောက်စွန့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူဆရာမှာ ၎င်းကို မိဘများနှင့် ဆက်သွယ်ခွင့်မပေးခြင်း၊ ပြင်ပသို့လွတ်လပ်စွာသွားလာခွင့် မပြုခြင်းတို့ကြောင့် နာကြည်းစိတ်များဖြင့် စကားများရန်ဖြစ်စဉ် ဓားဖြင့်ခုတ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ထံ ဝန်ခံထွက်ဆိုချက်များအရ သိရှိခဲ့ပြီး ၎င်းကိုပြစ်မှုပုဒ်မ ၃၀၂ ဖြင့် တရားစွဲဆို စစ်ဆေးနေခြင်းဖြစ်ကြောင်း သုဝဏ္ဏနယ်မြေ ရဲစခန်းထံမှ စုံစမ်းသိရှိရသည်။ ■

# ကန်တော်ကြီး ကန်ပတ်လမ်းတွင် ဓားထောက်၍ အငှားယာဉ် လုယက်သည့်အဖွဲ့ကို ဖမ်းမိ

ရန်ကုန်၊ ဩဂုတ် ၂၃

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ပတ်လမ်းရှိ စည်ပင်ရုံးရှေ့တွင် အငှားယာဉ်မောင်း၏ လည်ပင်းကို ဓားဖြင့်ထောက်ပြီး မော်တော်ယာဉ် လုယက်သည့်အဖွဲ့မှ အမျိုးသားနှစ်ဦးကို ဖမ်းမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

အဆိုပါဖမ်းမိသူနှစ်ဦးမှာ သာကေတမြို့နယ်၊ အနော်မာရပ်ကွက်တွင် နေထိုင်သော အသက် ၂၃ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်တွင် နေထိုင်သော အသက် ၂၄ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး ဩဂုတ်လ ၂၂ ရက် နံနက် ၄ နာရီက ၎င်းတို့နှစ်ဦးနှင့် စုံစမ်းဆဲ လူငယ်နှစ်ဦးတို့က တာမွေဗလီထိပ်မှ သခင်မြပန်းခြံသို့ အငှားယာဉ်တစ်စီးကို ကျပ် ၂၅၀၀ ဖြင့် ငှားခဲ့ကြောင်း အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

"သူတို့လေးယောက်ထဲက ကားနောက်ခန်းမှာ ထိုင်တဲ့ တစ်ယောက်က တက္ကစီမောင်းသူရဲ့ လည်ပင်းကို ဓားနဲ့ထောက်ပြီး ကားပေါ်က ဆင်းခိုင်းတယ်၊ ကားသမားက စက်ရပ်ပြီး ကားသော့ဆွဲဖြုတ်ပြီး ကားပေါ်က ဆင်းပြေးတယ်၊ ပြီးတော့ ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းရာက ကားလုယက်မှု ကျူးလွန်သူအဖွဲ့ထဲက နှစ်ယောက်ကို မီးတန်းလှည့်ကင်းယာဉ်တွေနဲ့ ပိတ်ဆို့ ဖမ်းမိခဲ့တာပါ" ဟု၎င်းကဆက်လက် ပြောကြားသည်။

ယင်းဖမ်းမိသူနှစ်ဦးနှင့် လွတ်မြောက်နေသူ နှစ်ဦးတို့ကို မင်္ဂလာတောင်ညွန့်မြို့မ ရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။ ■

The VOICE Daily

CARTOON



## မျက်နှာဖုံး - ဦးသိန်းစိန် ကြံ့ခိုင်ရေးပါတီ ဥက္ကဋ္ဌ ရာထူးမှ အနားယူ မှ အဆက်


Ohn Myint fb page

သူရဦးအေးမြင့်၊ ဦးသောင်း၊ ဦးစိုးသာ၊ ဦးလွန်းသီ၊ ဦးတင်ထွတ်၊ သူရဦးမြင့်မောင်၊ ဦးခင်အောင်မြင့်တို့ကို ပါတီညီလာခံက အတည်ပြုခဲ့ပြီးပါတီကို ပြန်လည်ထိန်းကျောင်းသွားမည်ဖြစ်ကြောင်း ဦးခင်ရီက ဆက်လက်ပြောဆိုသည်။

"ဦးသိန်းစိန်က ပါတီဗဟိုဦးဆောင်ကော်မတီကနေ ပါတီတစ်ခုလုံးကို ထိန်းကျောင်းသွားမယ်။ အဲဒီ ဦးဆောင်ကော်မတီကိုလည်း အဖွဲ့ဝင်ကိုးဦးနဲ့ ဖွဲ့စည်းသွားမယ်" ဟု ဦးခင်ရီက ဆက်လက်ရှင်းပြပြောဆိုသည်။

ကြံ့ခိုင်ရေးပါတီ ဒုတိယအကြိမ်ညီလာခံ ဆုံးဖြတ်ချက်အရ ပါတီဥက္ကဋ္ဌအဖြစ် ဦးသန်းဌေး၊ ဦးမြတ်ဟိန်း (ဒုဥက္ကဋ္ဌ)၊ ဦးသက်နိုင်ဝင်း (အထွေထွေအတွင်းရေးမှူး)၊ ဦးပိုက်ထွေး (အတွင်းရေးမှူး)၊ ဦးသန်းထွန်း (အတွင်းရေးမှူး)၊ ဦးကျော်ကျော်ဌေး (အတွင်းရေးမှူး)၊ ဦးတင်အောင်ချစ် (အတွင်းရေးမှူး)၊ ဒေါက်တာစန်းစန်းနွယ် (အတွင်းရေးမှူး)၊ ဦးခင်ရီ (စည်းကမ်းထိန်းသိမ်းရေး) နှင့် ဦးစိုးနိုင် (လုပ်ငန်းစိစစ်ရေး)စသည်တို့ဖြစ်ကြောင်း ကြံ့ခိုင်ရေးပါတီခေါင်းဆောင်များထံမှ သိရသည်။

ကြံ့ခိုင်ရေးပါတီ ဥက္ကဋ္ဌ အဖြစ် ရွေးချယ်ခံရသူ ဦးသန်းဌေးမှာ ဗိုလ်မှူးချုပ်ဟောင်း ရာထူးအဆင့်ဖြင့် ပဲခူးအခြေစိုက် အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် တပ်မမှူးတာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

တပ်မတော် အစိုးရ လက်ထက်တွင် စွမ်းအင်ဝန်ကြီးဌာန၏ ဒုဝန်ကြီးနှင့် သမ္မတဟောင်း ဦးသိန်းစိန် လက်ထက် ၂၀၁၁ ခုနှစ်တွင် စွမ်းအင်ဝန်ကြီးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးအဖြစ်ပြောင်းလဲတာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ကြံ့ခိုင်ရေးပါတီ၏ ဒုတိယဥက္ကဋ္ဌအဖြစ်ခန့်အပ်ခံရသူ ဦးမြတ်ဟိန်းမှာ တပ်မတော် (လေ ) ကာကွယ်ရေးဦးစီးချုပ်ဟောင်းတစ်ဦးဖြစ်ပြီး သမ္မတဟောင်းဦးသိန်းစိန်လက်ထက်၌ ဆက်သွယ်ရေးဝန်ကြီး အဖြစ်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ■




ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

## မျက်နှာဖုံး - အခြေခံပညာဦးစီးဌာန ဆရာ၊ ဆရာမများကို မှ အဆက်

ယခုလို အခြေခံပညာအဆင့် ဆရာ၊ ဆရာမများ လစာတိုးပေးမည့်အစီအစဉ်သည် အလွန်ကောင်းမွန်သည့်အစီအစဉ်ဖြစ်ကြောင်းနှင့် အခြေခံပညာအဆင့် လစာတိုးလျှင် မူလတန်းပြဆရာ၊ ဆရာမများသည်ပညာရေးအုတ်မြစ် ဖြစ်သဖြင့် ၎င်းတို့ကို ဦးစားပေးတိုးသင့်သည်ဟု ပြည်သူ့လွှတ်တော်တွင် ပညာရေးအဆိုများ အများဆုံး တင်သွင်းနေသည့် အောင်မြေသာစံမြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာလှမိုးက ပြောကြားသည်။

တိုးပေးမယ်ဆိုတာ ကြားနေရတာကြာပြီ။ အခုမှ တရားဝင်ပြောတာ ကြားရတယ်။ လစာကလွဲပြီး ဘာဝင်ငွေမှ မရှိတော့ ဒါကမျှော်လင့်ချက်ပေါ့" ဟု ပျဉ်းမနားမြို့ခံ အထက်တန်းပြဆရာမ ဒေါ်လှလှဆွေက ပြောဆိုသည်။

အခြေခံပညာဦးစီးဌာနတွင် ဝန်ထမ်းလေးသိန်းကျော် ရှိပြီး သင်ကြားရေးဆရာ၊ ဆရာမ သုံးသိန်းခုနစ်သောင်း ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ စုံစမ်းသိရှိရသည်။ ■

## မျက်နှာဖုံး - တောင်ကြီး သုံးလောင်းပြိုင် လူသတ်မှု မှ အဆက်

ဟု ပြစ်မှုကျူးလွန်သူ၏ ထွက်ဆိုချက်ကို ကိုးကား၍ တောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

သေဆုံးသူ၏ အမျိုးသားမှာ လွန်ခဲ့သော ၁၀ နှစ်ခန့်မှစ၍ ပြည်ပတွင် အလုပ်လုပ်ကိုင်နေရာ ၎င်းထွက်သွားပြီး တစ်နှစ်ခန့်ရှိချိန်မှစ၍ သေဆုံးသူ ဒေါ်ရွှေရည်မျိုးနှင့် လင်မယားအဖြစ် ခုနစ်ခန့်နေထိုင်ခဲ့ပြီး အလေးချိန် ခုနစ်ကျပ်သားခန့် ရွှေထည်ပစ္စည်းများ ဝယ်ယူပေးခဲ့ကြောင်း၊ ဒေါ်ရွှေရည်မျိုးက အခြားသူတစ်ဦးနှင့် လက်ထပ်တော့မည်ဟု ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလက ပြောဆိုခဲ့၍ ယင်းအချိန်ကစ၍ သေဆုံးသူများနေထိုင်ရာ အိမ်သို့သွားရောက်ခြင်း မရှိတော့ဘဲ ဩဂုတ်လ ၂၀ ရက်နေ့ နံနက် အစောပိုင်း ၂ နာရီ ခန့်တွင် ယင်းအိမ်သို့ ရောက်ရှိခဲ့ပြီး လက်ထပ်ရန်ပြောဆိုရာ ငြင်းဆန်သောကြောင့် ဒေါ်ရွှေရည်မျိုး၏ အိပ်ခန်းအတွင်း တွေ့ရသော ဓားရှည်ဖြင့် ခုတ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ညောင်ရွှေနယ်မြေရဲစခန်း၏ ကနဦးစစ်ဆေးချက်များအရ သိရသည်။

ဒေါ်ရွှေရည်မျိုး၏ သမီးဖြစ်သူ ဝါဝါထွေးက ပတ်ဝန်းကျင်သို့ အကူအညီတောင်းရန် ကြံစည်သောကြောင့် သတ်ခဲ့ခြင်းဖြစ်ပြီး အိပ်ပျော်ရာမှ လန့်နိုးလာသည့် ဒေါ်ရွှေရည်မျိုး၏ တူတော်စပ်သူကိုပါ သတ်ခဲ့ကြောင်း ထွက်ဆိုထားသည်ဟု အဆိုပါစစ်ဆေးချက်တွင် ဖော်ပြထားသည်။

ပြစ်မှုကျူးလွန်သူမှာ တောင်ကြီးမြို့နယ် မိုင်းသော်အရှေ့ကျေးရွာအုပ်စု တောင်နီရွာတွင် နေထိုင်ပြီး အသက် ၅၆ နှစ်အရွယ်ရှိ ရှမ်း/တရုတ်လူမျိုး ရှူစိန်(ခ) အိုက်မောင်(ခ) လုံးမောင်ဖြစ်ကြောင်း ၊ လက်ရှိအချိန်၌ ၎င်းကို ရွှေညောင်နယ်မြေရဲစခန်းက (ပ)၈၂/ ၂၀၁၆ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၇၆ တို့ဖြင့် အမှုဖွင့်ထားပြီး စစ်ဆေးနေဆဲဖြစ်ကြောင်း ယင်းရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောဆိုသည်။ ■

## မျက်နှာဖုံး - ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ထိုးကြိတ်မှုကြောင့် မှ အဆက်

ဝိုင်းထိုးခဲ့သောကြောင့် ကားလမ်းပေါ် ပက်လက်လန်လဲကျခဲ့ပြီး ဦးခေါင်းနောက်စေ့ပေါက်ပြဲကာ သတိလစ်မေ့မြောခဲ့ကြောင်း အမှုဖွင့် တိုင်ကြားချက်များအရ မရမ်းကုန်းမြို့မ ရဲစခန်းထံမှ သိရှိရသည်။

"ရုံပိုင်သွားမယ့်ညီအစ်ကိုနှစ်ယောက်ကို စပယ်ယာက တစ်ယောက် ငါးရာကျပ်စီတောင်းတာကြောင့် မလိုက်တော့ဘူး တက္ကစီပဲ ငှားစီးတော့မယ်ပြောပြီး ကားပေါ်ကဆင်းချိန် ယာဉ်မောင်းတစ်ယောက်နဲ့ စပယ်ယာနှစ်ယောက်က သေဆုံးသူကို လက်သီးနဲ့ ဝိုင်းထိုးခဲ့တာ"ဟု မရမ်းကုန်းမြို့မစခန်းမှူး ဒုရဲမှူးဇော်ထွန်းက ပြောကြားသည်။

"ဒရိုင်ဘာနဲ့ စပယ်ယာတွေက ခရီးသည်ကို ဝိုင်းထိုးကြိတ်ပြီး ကားမောင်းထွက်ပြေးသွားတယ်။ သေဆုံးသူရဲ့ညီဖြစ်သူက ကားနံပါတ်မှတ်ထားပြီး သူ့အစ်ကိုကို မြောက်ဥက္ကလာဆေးရုံပို့ခဲ့တယ်၊ ဒါပေမဲ့ ဩဂုတ်လ ၂၂ ရက်ညမှာ သေဆုံးသွားရှာတယ်၊ ပြစ်မှုကျူးလွန်သူတွေအားလုံးကို ဖမ်းမိထားပါပြီ" ဟု ဒုရဲမှူးဇော်ထွန်းက ပြောကြားသည်။

ခရီးသည်သေဆုံးမှုနှင့်ပတ်သက်၍ သန်မြန်သူယာဉ်လိုင်းအမှတ် (၈၁) မှ တာဝန်ရှိသူများထံ လတ်တလော ဆက်သွယ်မေးမြန်းနေပြီး ထိရောက်သည့် အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မထသ (ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောကြားသည်။ ■

The Voice Daily
လပေးမှာယူဖတ်ရှုသည့်
စာဖတ်ပရိသတ်များ
အဆင်မပြေမှုများရှိပါက
ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)
နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

# ဆဲလ်ဘတ်နဲ့ အေပိုးလ်ကို ရွေးချယ်တာက စိတ်ချရမှု ရှိနိုင်ပါလိမ့်မယ်

## ချန်ပီယံလိဂ် Play-Off အဆင့် ခြေစစ်ပွဲများ(ဒုတိယအကျော့) ပွဲကြိုသုံးသပ်ချက်

**ချန်ပီယံလိဂ် Play-Off အဆင့်ခြေစစ်ပွဲတွေရဲ့ ဒုတိယညဆီကို ရောက်ရှိလို့လာခဲ့ပြန်ပါပြီ။ ဒီကနေ့ညပြီးရင် ချန်ပီယံလိဂ်ကို အုပ်စုအဆင့်ကနေ စတင်ကစားခွင့်ရရှိမယ့် အသင်းအားလုံး စုံလင်သွားတော့မှာပါ။ အသင်းကြီးတွေဖြစ်ကြတဲ့ မန်စီးတီးနဲ့ မိုချင်ဂလက်ဘတ်တို့ကတော့ ပထမအကျော့အနိုင်ရလဒ်နဲ့ လုံလောက်နေကြဖြစ်လို့ တခြားပွဲစဉ်တွေကိုသာ အလေးထားပြီး စောင့်ကြည့်သွားကြရတော့မှာပါပဲ။ အေဂျက်နဲ့ အေပိုးလ်တို့လို အသင်းတွေ ချန်ပီယံလိဂ်နဲ့ ကံစပ်ခွင့်ရနိုင်လေဦးမလားဆိုတာက စိတ်ဝင်စားဖို့ကောင်းလွန်းလှပါတယ်။**

### အေပိုးလ် - ကိုပင်ဟောဂင်

**ပထမအကျော့ရလဒ်　　　ကိုပင်ဟောဂင် ၁ - ၀ အေပိုးလ်**

ဆိုက်ပရပ်စ်ကလပ် အေပိုးလ်ဟာ အိမ်ကွင်းပွဲစဉ်တွေဆိုရင် အစွမ်းပြတတ်လေ့ရှိပါတယ်။ မာကျောကျစ်လျစ်တဲ့ အေပိုးလ်ခံစစ်ကြောင်းကို ကိုပင်ဟောဂင် ကျော်ဖြတ်နိုင်ဖို့ သိပ်မလွယ်လှပါဘူး။ ပထမအကျော့ အရှုံးရလဒ်ကို ချေဖျက်ဖို့အတွက် အေပိုးလ်က အားကုန် ရုန်းကန်ကစားသွားမှာပါ။ အေပိုးလ်ကို ကြိုက်တယ်။

### ဆဲလ်ဘတ် - ဒိုင်နမိုဇာဂရက်

**ပထမအကျော့ရလဒ်　　　ဒိုင်နမိုဇာဂရက် ၁ - ၁ ဆဲလ်ဘတ်**

ခရိုအေးရှားကလပ် ဒိုင်နမိုဇာဂရက်ဟာ အတိတ်ကာလတုန်းကလို စုစည်းအား ကောင်းမွန်ခြင်းမရှိတော့ပါဘူး။ ဆဲလ်ဘတ်ရဲ့တိုက်စစ်ကို ဒိုင်နမိုဇာဂရက်က ခံစစ်သက်သက်နဲ့ပဲ တုံ့ပြန်သွားရပါလိမ့်မယ်။ အိမ်ကွင်းပွဲစဉ်တွေဆိုရင် ဂိုးမြူး ခြေမြူးဖြစ်တတ်လေ့ရှိတဲ့ ဆဲလ်ဘတ်ကိုပဲ အားပေးလိုက်ပါ။

### မန်စီးတီး - စတူအာဘူခါရက်

**ပထမအကျော့ရလဒ်　　　စတူအာဘူခါရက် ၀ - ၅ မန်စီးတီး**

မန်စီးတီးအတွက် ပထမအကျော့ရလဒ်က နောက်တစ်ဆင့်တက်ဖို့ သေချာသွားစေခဲ့ပါပြီ။ နည်းပြဂွါဒီယိုလာဟာ ဒီပွဲအတွက် အမာခံကစားသမားတချို့ကို အနားပေးပြီး အရန်လူတွေကို သေချာပေါက် ပွဲထုတ်လာနိုင်ပါတယ်။ မန်စီးတီး ထပ်ပြီးနိုင်ခဲ့ရင်တောင် ဂိုးပြတ်ဖို့ကတော့ မလွယ်လောက်ပါဘူး။



Sky Sport





### ရှော့စတော့ဗ် - အေဂျက်

**ပထမအကျော့ရလဒ်　　　အေဂျက် ၁ - ၁ ရှော့စတော့ဗ်**

ပထမအကျော့ကစားခဲ့တုန်းက အိမ်ကွင်းမှာ အနိုင်ရလဒ်ကို အရမယူနိုင်ခဲ့ခြင်းရဲ့ အကျိုးဆက်ကို အေဂျက်တို့ ခံစားရတော့မှာပါ။ အေဂျက်ဟာ နယ်သာလန်လိဂ်မှာ ထိပ်သီးအသင်းကြီးအဖြစ် ရပ်တည်နေနိုင်ဆဲဖြစ်ပေမယ့် ဥရောပအဆင့်မှာတော့ တန်းမဝင်တော့ပါဘူး။ ရုရှားကလပ် ရှော့စတော့ဗ်ဟာ အိမ်ရှင်အခွင့်အရေးကို လက်ကိုင်ပြုပြီး ကပ်နိုင်သွားနိုင်ပါတယ်။

### မိုချင်ဂလက်ဘတ် - ယန်းဘွိုင်းစ်

**ပထမအကျော့ရလဒ်　　　ယန်းဘွိုင်းစ် ၁ - ၃ မိုချင်ဂလက်ဘတ်**

မိုချင်ဂလက်ဘတ်ရဲ့ခြေစွမ်းက ယန်းဘွိုင်းစ်ထက် အပြတ်အသတ် သာလွန်ပါတယ်။ အဝေးကွင်းမှာ ဂိုးပြတ်နိုင်ထားတဲ့ မိုချင်ဂလက်ဘတ် အနေနဲ့ နှစ်ဂိုး ဂိုးမရှိရလဒ်နဲ့ အရေးနိမ့်ခဲ့ရင်တောင် အဝေးဂိုး အားသာချက်နဲ့ အုပ်စုအဆင့်ဆီ တက်လှမ်းခွင့်ရရှိမှာဖြစ်လို့ မိုချင်ဂလက်ဘတ်က သိပ်ပြီး အားမထည့်လောက်တော့ပါဘူး။ သရေဆိုတာဟာ နှစ်သင်းလုံးအတွက် မျှတတဲ့ရလဒ်တစ်ခု ဖြစ်လာနိုင်ပါတယ်။

## တရုတ်ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် ကစားသမားများစာရင်း ထုတ်ပြန်

**ရန်ကုန်၊ ဩဂုတ် ၂၃**

တရုတ်နိုင်ငံ၌ ယခုရက်ပိုင်းအတွင်း ကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း၏ ကစားသမားစာရင်းကို မြန်မာနိုင်ငံ ဖူဆယ်နှင့် သဲသောင်ပြင် ကော်မတီက ဩဂုတ်လ ၂၃ ရက်နေ့က ထုတ်ပြန်လိုက်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် ပြိုင်ပွဲမတိုင်မီ ဒဏ်ရာရကစားသမားပေါ်ပေါက်ခဲ့ပါက အစားထိုးနိုင်ရန် ပဏာမကစားသမား ၁၈ ဦးဖြင့် စခန်းဝင်လေ့ကျင့်နေရာမှ အပြီးသတ်ကစားသမားများစာရင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်ဟု ယင်းကော်မတီအတွင်းရေးမှူး ဦးအောင်မော်သိန်းက ပြောကြားသည်။

"ဒီပြိုင်ပွဲက ဖိတ်ခေါ်ပွဲဖြစ်တဲ့အတွက် ကစားသမားတွေ အတွေ့အကြုံရဖို့ပဲ အဓိကထားတယ်။ အောက်တိုဘာလထဲမှာ အာဆီယံပြိုင်ပွဲလည်း ရှိနေတယ်ဆိုတော့ ဒီပြိုင်ပွဲက အကြိုပြင်ဆင်မှုဖြစ်လာမှာပါ"ဟု ၎င်းက ပြောကြားသည်။

အဆိုပါဖိတ်ခေါ်ပြိုင်ပွဲကို တရုတ်နိုင်ငံ ချန်ရှမြို့၌ ဩဂုတ်လ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး တရုတ်၊ မြန်မာ၊ အီဂျစ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ လက်ရွေးစင်အဆင့်အသင်းများ အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ အမှတ်အများဆုံးရသည့်အသင်းက ဗိုလ်စွဲမည်ဖြစ်သည်။

မြန်မာအသင်းသည် အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် အင်ဒိုနီးရှား၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် တရုတ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် အီဂျစ်အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် ၂၀၁၄ ခုနှစ်မှစ၍ သုံးနှစ်ဆက်တိုက် ဖိတ်ကြားခံခဲ့ရခြင်းဖြစ်ရာ ယင်းနှစ်တွင် စတုတ္ထ၊ ၂၀၁၅ ခုနှစ်တွင် တတိယဆု ရယူနိုင်ခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို ယာယီနည်းပြချုပ်အဖြစ် ဦးဌေးမြင့်က တာဝန်ယူထားပြီး ဂိုး - ကျော်ထက်အောင်၊ မင်းမင်းသိန်း၊ ကစားသမားများအဖြစ် - စိုင်းပြုံးမောင်၊ ငြိမ်းမင်းစိုး၊ ပြည့်ဖြိုးမောင် (၂)၊ ပြည့်ဖြိုးမောင် (၃)၊ ကျော်စိုးမိုး၊ နိုင်ရဲကျော်၊ ကောင်းချစ်သူ၊ အောင်အောင်၊ ခင်ဇော်လင်း၊ ထက်မြက်နိုင်၊ အောင်ဇင်ဦးနှင့် ရဲရင့်ဦးတို့ဖြစ်သည်။ ■

## မန်ယူ၏ကမ်းလှမ်းမှုများကို လက်ခံမည်မဟုတ်ကြောင်း ဖွန်တီ ကတိပြု

**မန်ချက်စတာ၊ ဩဂုတ် ၂၃**

ဆောက်သမ်တန်နောက်ခံကစားသမား ဖွန်တီသည် ၎င်းကိုခေါ်ယူရန် မန်ယူက ဆက်သွယ်ကမ်းလှမ်းနေသော်လည်း လက်ရှိနွေရာသီကာလ ကစားသမား အပြောင်းအရွှေ့ဈေးကွက်အတွင်း ဆောက်သမ်တန်ကို စွန့်ခွာသွားမည်မဟုတ်ဟု ကတိပြုပြောကြားလိုက်ကြောင်း Daily Mail က ဖော်ပြထားသည်။

မန်ယူနည်းပြ မော်ရင်ညိုသည် အသင်းခံစစ်ကို အင်အားဖြည့်တင်းရန်အတွက် ဖွန်တီကို အလွန်အမင်း ခေါ်ယူလိုလျက်ရှိကာ ယူရို ၂၀၁၆ ပြိုင်ပွဲတွင်ပေါ်တူဂီလက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ ဖွန်တီခြေစွမ်းပြခဲ့ပြီးသည့်နောက် ၎င်းကိုခေါ်ယူရန်အတွက် ကမ်းလှမ်းမှုပေါင်းစွာကိုအသင်းအနေနှင့်လက်ခံရရှိခဲ့ကြောင်း ဆောက်သမ်တန်ကလည်း အတည်ပြုထားသည်။

ဆောက်သမ်တန်သည် လက်ရှိတွင် ဖွန်တီကို စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးညှိနှိုင်းမှုများစတင်နေပြီဖြစ်ကာ ၎င်းနှင့်အသင်းအကြားတွင် ၂ နှစ်သက်တမ်း စာချုပ်တစ်ရပ်ကို ဆွေးနွေးလျက်ရှိကြောင်း ဖွန်တီကလည်း အသိပေးထားပြီဖြစ်သည်။

မန်ယူသည် လက်ရှိအချိန်တွင် စကော့တလန်ကလပ် လစ်ဗင်းစတန်အသင်း လူငယ်ကွင်းလယ်ကစားသမား မက်သယူးနေ့ခ်ကို ခေါ်ယူရန်လည်း ဆွေးနွေးလျက်ရှိကာ မက်သယူးနေ့ခ်အတွက်မန်ယူက ပြောင်းရွှေ့ကြေးပမာဏ ပေါင်တစ်သိန်းခွဲဖြင့် ကမ်းလှမ်းထားသည်ဆိုခြင်းကိုလစ်ဗင်းစတန်ဘက်ကလည်း အတည်ပြုထားသည်။

အသက် ၁၆ နှစ်အရွယ်သာရှိသေးသည့် မက်သယူးနေ့ခ်သည် လွန်ခဲ့သည့် ဒီဇင်ဘာလ၌ လစ်ဗင်းစတန်အသင်းကြီးအဆင့်တွင် စတင်ပွဲထွက်ခွင့်ရရှိခဲ့ကာ ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ ဈေးကွက်ဖွင့်လှစ်ချိန်တွင် မက်သယူးနေ့ခ်ကို အသင်းထံသို့ခေါ်ယူ၍ မန်ယူက ခြေစွမ်းစမ်းသပ်ခဲ့သေးသည်။

မန်ယူသည် ဒေါနယ်လပ်ဗ်ကို ဆန်းဒါးလန်းထံသို့ ရောင်းထုတ်လိုက် အပြီးတွင် အသင်းနှင့် စကော့တလန် ကစားသမားများအကြား နှစ်ပေါင်း ၁၁၄ နှစ်ကြာ ပတ်သက်ဆက်နွှယ်ခဲ့မှု တစ်ခန်းရပ်သွားခဲ့ပြီး မက်သယူးနေ့ခ်ကို ခေါ်ယူနိုင်ခဲ့မည်ဆိုပါက ယင်းဆက်နွှယ်မှုကို ပြန်လည်အသက်သွင်းနိုင်လိမ့်မည်ဖြစ်သည်။ ■

### ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

**၂၅-၈-၂၀၁၆(ကြာသပတေးနေ့)**

**ချန်ပီယံလိဂ် Play-Off အဆင့် ခြေစစ်ပွဲများ(ဒုတိယအကျော့)**

| | |
|---|---|
| နံနက် ၁း၁၅ နာရီ | အေပိုးလ် - ကိုပင်ဟောဂင် |
| နံနက် ၁း၁၅ နာရီ | မန်စီးတီး - စတူအာဘူခါရက် |
| နံနက် ၁း၁၅ နာရီ | ဆဲလ်ဘတ် - ဒိုင်နမိုဇာဂရက် |
| နံနက် ၁း၁၅ နာရီ | ရှော့စတော့ဗ် - အေဂျက် |
| နံနက် ၁း၁၅ နာရီ | မိုချင်ဂလက်ဘတ် - ယန်းဘွိုင်းစ် |

**အင်္ဂလန်လိဂ်ဖလား ဒုတိယအဆင့်ပွဲစဉ်များ**

| | |
|---|---|
| နံနက် ၁း၁၅ နာရီ | ဆန်းဒါးလန်း - ရှရူးဘူရီ |
| နံနက် ၁း၁၅ နာရီ | အက်ကရင်တန် - ဘန်လေ |
| နံနက် ၁း၁၅ နာရီ | မိုရီကမ်ဘီ - ဘုန်းမောက် |
| နံနက် ၁း၁၅ နာရီ | ဖူလ်ဟမ် - မစ်ဒယ်ဘရော့ |



# ၂၀၁၆ ခုနှစ် အားကစားစွမ်းဆောင်ရည် အမြင့်မားဆုံးမြို့အဖြစ် လက်စတာ သတ်မှတ်ခံရ

The Sun

**လက်စတာ၊ ဩဂုတ် ၂၃**

လက်စတာမြို့သည် ဗြိတိန်တစ်ဝန်းတွင် ၂၀၁၆ ခုနှစ်အတွက် အားကစားစွမ်းဆောင်ရည် အမြင့်မားဆုံးမြို့အဖြစ် ရွေးချယ်သတ်မှတ်ခံလိုက်ရကာ အဆိုပါစစ်တမ်းကို ESPN နှင့် ဘတ်သ်တက္ကသိုလ်တို့ ပူးပေါင်း၍ သုတေသနပြု စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ကြောင်း The Sun က ဖော်ပြထားသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လက်စတာအသင်း ချန်ပီယံဖြစ်ခဲ့ခြင်းသည် လက်စတာမြို့ကို ၂၀၁၆ ခုနှစ်အတွက် ဗြိတိန်၏ အားကစားစွမ်းဆောင်ရည် အမြင့်မားဆုံးမြို့အဖြစ် စာရင်းဝင်သွားစေခဲ့ကာ လက်စတာမြို့၏နောက်တွင် ဒုတိယနှင့် တတိယနေရာများကို အစဉ်အလိုက်ရရှိခဲ့ကြသည်မှာ မန်ချက်စတာမြို့နှင့် လန်ဒန်မြို့တို့ ဖြစ်ကြသည်။

ESPN နှင့် ဘတ်သ်တက္ကသိုလ်တို့သည် အချက်ငါးချက်အပေါ်တွင်မူတည်၍ အဆိုပါသုတေသနစစ်တမ်းကို ပြုစုခဲ့ခြင်းဖြစ်ကာ ယင်းအချက်များမှာ ဒေသခံအသင်းများ၏အောင်မြင်မှု၊ ပြိုင်ပွဲကျင်းပသည့်နေ့ရက်များတွင် မြို့ခံများ၏ တက်ကြွမှု၊ ဒေသခံလူငယ်ပါရမီရှင်ကစားသမားများကိုမြေတောင်မြှောက်ပေးနိုင်မှု၊ ပရိသတ်တက်ရောက် အားပေးကြည့်ရှုမှု၊ လူမှုရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းမြင့်မားမှု စသည်တို့ ဖြစ်ကြသည်။

လက်စတာမြို့တွင် ဘောလုံးကလပ်အသင်းအပြင် ရပ်ဘီအသင်းများ၊ ဟော်ကီအသင်းများ၊ ဘတ်စကက်ဘောအသင်းများနှင့် ခရစ်ကက်အသင်းများလည်းရှိကာ ဗြိတိန်အားကစားလောကအတွင်း၌ လက်စတာမြို့အမည်မှာ ဘောလုံးထက် ရပ်ဘီအားကစားနည်းဖြင့် ပိုမိုထင်ရှားကျော်ကြားကြောင်း ESPN က အသိပေးထားသေးသည်။

လက်စတာမြို့တော်ဝန် ဆာပီတာဆောလ်ဘီသည် ၂၀၁၆ ခုနှစ်အတွက် ဗြိတိန်၏အားကစားစွမ်းဆောင်ရည် အကောင်းဆုံးမြို့အဖြစ် ၎င်း၏မြို့ ရွေးချယ်ခံရခြင်းကို လွန်စွာအားရကျေနပ်လျက်ရှိကာ အဆိုပါကောင်းမွေကို လာမည့်အနာဂတ်ကာလများအထိ ဆက်လက်ထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်းလည်း ဆာပီတာဆောလ်ဘီက တိုက်တွန်းသွားခဲ့သည်။

ပရီးမီးယားလိဂ် လက်ရှိချန်ပီယံ လက်စတာအသင်းသည် ၂၀၁၆-၁၇ ဘောလုံးရာသီ၌ ပွဲစဉ်နှစ်ပွဲ ယှဉ်ပြိုင်ကစားထားပြီး အဆိုပါပွဲစဉ်နှစ်ပွဲတွင် ဟားလ်စီးတီးကို အရေးနိမ့်ပြီး အာဆင်နယ်နှင့်သရေကျကာ နိုင်ပွဲပျောက်ခဲ့ရသည်။ ■

# အင်္ဂလန်လက်ရွေးစင်အသင်းတွင် ရတ်ရှ်ဖို့ဒ် နေရာပျောက်ဖွယ်ရှိ

**မန်ချက်စတာ၊ ဩဂုတ် ၂၃**

အင်္ဂလန်လက်ရွေးစင်အသင်း နည်းပြသစ် ဆမ်အလာဒိုက်စ်သည် လာမည့်တနင်္ဂနွေနေ့တွင် ၎င်း၏ပထမဆုံးသော နိုင်ငံတကာပွဲစဉ်အတွက် လက်ရွေးစင်အသင်းလူစာရင်းကို ထုတ်ပြန်ကြေညာတော့မည်ဖြစ်ကာ ယင်းလူစာရင်း၌ မန်ယူလူငယ်တိုက်စစ်မှူး ရတ်ရှ်ဖို့ဒ် နေရာရနိုင်ဖွယ် မရှိတော့ကြောင်း ဆမ်အလာဒိုက်စ်က အရိပ်အမြွက် အသိပေးထားပြီဖြစ်သည်ဟု Sportmail က ဖော်ပြထားသည်။

ရတ်ရှ်ဖို့ဒ်သည် ယမန်နှစ်ဘောလုံးရာသီ၌ နည်းပြဗန်ဟားလ်လက်အောက်တွင် မန်ယူ၏အမာခံပွဲထွက်ကစားသမားအဖြစ် နေရာပေးခြင်းခံခဲ့ရသည့်အတွက် ၎င်းကို အင်္ဂလန်လက်ရွေးစင်နည်းပြ ရွိုင်းဟော့ဒ်ဆန်က ယူရို ၂၀၁၆ ပြိုင်ပွဲပါဝင်ကစားခဲ့သည့် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ထည့်သွင်းခေါ်ယူသွားခဲ့ကာ လက်ရှိတွင်မူ နည်းပြမော်ရင်ညို လက်အောက်၌ အရန်ကစားသမားအဖြစ် ရတ်ရှ်ဖို့ဒ်က အချိန်ကုန်ဆုံးနေရသည့်အတွက် ၎င်းကို လက်ရွေးစင်အသင်းတွင် ထည့်သွင်းနေရာပေးရန်မှာ မလွယ်နိုင်တော့ကြောင်း ဆမ်အလာဒိုက်စ်က ရှင်းပြသွားခဲ့သည်။

သတင်းထောက်များနှင့် ဆုံတွေ့ရာတွင် ဆမ်အလာဒိုက်စ်က "လူငယ်တွေအတွက် ကျွန်တော်အမြဲတမ်း တံခါးဖွင့်ထားပါတယ်။ သူတို့ကို အခွင့်အရေးပေးဖို့ ကျွန်တော့်ဘက်က ပျက်ကွက်မှာ မဟုတ်ပါဘူး။ ရတ်ရှ်ဖို့ဒ်ဟာ တကယ့်ကို စိတ်လှုပ်ရှားအောင် ကစားပြနိုင်စွမ်းရှိတဲ့ လူငယ်လေးတစ်ဦးပါ။ ခက်နေတာ မန်ယူမှာ သူ နေရာပျောက်နေတာပါပဲ။ ဒီလိုကစားသမားမျိုးကို နေရာပေးဖို့ဆိုတာက ကျွန်တော့်အတွက် ခက်လွန်းလှပါတယ်။ ဖြစ်နိုင်တာကတော့ ယူ-၂၁ အသင်းကပဲ သူ့အတွက် အဆင်ပြေတော့မှာပါ" ဟု ပြောကြားသွားခဲ့သည်။

ဆမ်အလာဒိုက်စ်သည် လက်ရှိတွင် ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီနှင့်တွေ့ဆုံရန် စီစဉ်နေပြီး ၎င်းအနေနှင့် တယ်ရီကို လက်ရွေးစင်အသင်းအတွက် တစ်ကျော့ပြန်လည်ကစားပေးပါရန် တတ်နိုင်စွမ်းသမျှ ကြိုးပမ်းနားချသွားမည်ဖြစ်ကြောင်းလည်း ဆမ်အလာဒိုက်စ်က အသိပေးထားသည်။

အင်္ဂလန်အသင်းသည် စက်တင်ဘာလ ၁ ရက်နေ့တွင် နိုင်ငံတကာခြေစမ်းပွဲယှဉ်ပြိုင်ရန်အတွက် ပြိုင်ဘက်အသင်းရှာဖွေမရနိုင်ဖြစ်နေကာ အကယ်၍ ခြေစမ်းပွဲ မစီစဉ်ဖြစ်ခဲ့ပါက လာမည့်စက်တင်ဘာလ ၄ ရက်နေ့တွင် ဆလိုဗက်ကီးယားနှင့်ယှဉ်ပြိုင်ရမည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ နည်းပြဆမ်အလာဒိုက်စ်အတွက် အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြဘဝဖြတ်သန်းမှု ပထမဆုံးပွဲစဉ်ဖြစ်လာလိမ့်မည်ဖြစ်သည်။

နည်းပြဆမ်အလာဒိုက်စ်သည် သက်ဆိုင်ရာကလပ်အသင်းများတွင် ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးနေသည့် ကစားသမားများအနက်မှနေ၍ ဂျိုးဟတ်နှင့် စမောလင်းတို့ကိုမူ လက်ရွေးစင်အသင်းလူစာရင်း၌ ထည့်သွင်းရွေးချယ်သွားဖွယ်ရှိပြီး ယင်းသို့ ရွေးချယ်ခဲ့သည့်တိုင် ပွဲထွက်ကစားခွင့် ရမည်၊ မရမည်ဆိုခြင်းကို အာမမခံဟု ဆမ်အလာဒိုက်စ် က အသိပေးထားသည်။ ■



Sport Mail

# မတ်ခ်ဆီမိုဗစ်ကိုခေါ်ယူရန် ချယ်လ်ဆီး ကြိုးပမ်း

**တူရင်၊ ဩဂုတ် ၂၃**

ချယ်လ်ဆီးအသင်းသည် အသင်းခံစစ်ကို အင်အားဖြည့်တင်းရန်အတွက် တိုရီနိုနောက်ခံလူ မတ်ခ်ဆီမိုဗစ်ကိုခေါ်ယူရန် ပြင်ဆင်နေပြီဖြစ်ကာ တိုရီနိုကမူ ၎င်းတို့၏ကစားသမားကို လက်ရှိနွေရာသီကာလကစားသမား အပြောင်းအရွှေ့ဈေးကွက်အတွင်း ရောင်းထုတ်သွားရန် အစီအစဉ်မရှိဟု တုံ့ပြန်ပြောကြားထားကြောင်း Marca က ဖော်ပြထားသည်။

အသက် ၂၄ နှစ်အရွယ်ရှိ ဆားဘီးယားလက်ရွေးစင် နောက်ခံကစားသမား မတ်ခ်ဆီမိုဗစ်သည် ဗီဒစ်လက်သစ်ဖြစ်လာနိုင်သူအဖြစ် ရည်ညွှန်းခံထားရကာ ၎င်းတို့အနေနှင့် မတ်ခ်ဆီမိုဗစ်ကိုခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၂၁ ဒသမ ၅ သန်းဖြင့် ဆက်သွယ်ထားကြောင်းကို ချယ်လ်ဆီးက အတည်ပြုလိုက်ပြီဖြစ်သည်။

ချယ်လ်ဆီးနည်းပြ ကွန်တီသည် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက် စတင်ဖွင့်လှစ်ချိန်ကတည်းကပင် အသင်းအတွက် ဗဟိုခံစစ်မှူးသစ်တစ်ဦးခေါ်ယူရန် ကြိုးပမ်းနေခဲ့ခြင်းဖြစ်ပြီး အစောပိုင်း၌ ဂျူဗင်တပ်နောက်ခံလူ ဘိုနူချီနှင့် နာပိုလီနောက်ခံလူ ကူလီဘာလေတို့ကို ဆက်သွယ်ကမ်းလှမ်းခဲ့သော်လည်း အဆင်မပြေမှုများနှင့်သာ ကွန်တီက ရင်ဆိုင်ကြုံဆုံခဲ့ရသည်။

ချယ်လ်ဆီးသည် နာပိုလီနောက်ခံလူ ကူလီဘာလေကိုခေါ်ယူရန်ကြိုးပမ်းရာတွင် ပြောင်းရွှေ့ကြေးပမာဏကို ပေါင် ၃၈ သန်းအထိ အဆင့်ဆင့် တိုးမြှင့်ပေးခဲ့သော်လည်း နာပိုလီက ၎င်းတို့ကစားသမားအတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၆၅ သန်းရလိုကြောင်း အသိပေးလိုက်အပြီးတွင် ချယ်လ်ဆီးက အပြောင်းအရွှေ့ဆွေးနွေးညှိနှိုင်းမှုများကို ရုပ်သိမ်းပစ်လိုက်ခြင်းဖြစ်သည်။

အရပ် ၆ ပေ ၃ လက်မရှိသည့် မတ်ခ်ဆီမိုဗစ်သည် အသက် ၁၇ နှစ်အရွယ်ကတည်းကပင် အူဇစ်အသင်းကို ကိုယ်စားပြု၍ ဆားဘီးယားဒုတိယတန်းတွင် အသင်းကြီးအဆင့် ကိုယ်စားပြုကစားသမားဖြစ်လာခဲ့ကာ တိုရီနိုထံတွင် ဘောလုံးရာသီ သုံးရာသီကြာ ကစားသမားဘဝဖြတ်သန်းခဲ့ရာ၌လည်း ပွဲစဉ်ပေါင်း ၇၆ ပွဲအထိ ၎င်းက ပွဲထွက်ခွင့်ရရှိခဲ့ပြီးဖြစ်သည်။

ချယ်လ်ဆီးသည် လက်ရှိတွင် အသင်းကွင်းလယ်ကစားသမား မာကိုမာရင်ကို ဂရိကလပ် အိုလံပီယာကော့စ်ထံသို့ ရောင်းချလိုက်ပြီဖြစ်ပြီး တိုက်စစ်တောင်ပံကစားသမား ကွာဒရာဒိုကလည်း ဂျူဗင်တပ်ထံသို့ အငှားထပ်မံသွားရောက်ကစားရန် သေချာလုနီးပါး ရှိနေပြီဖြစ်သည်။

နည်းပြကွန်တီသည် ကွာဒရာဒိုကို အသင်းထံ၌ ထိန်းသိမ်းထားလိုသော်လည်း ကာယကံရှင်ကစားသမားဖြစ်သူက ချယ်လ်ဆီးထံတွင် ၎င်းအတွက် အခွင့်အရေးရနိုင်ဖွယ်မရှိဟု ယူဆထားသည့်အတွက် ဂျူဗင်တပ်ထံသို့သာ အငှားပြန်လည်သွားရောက်လိုသည်ဟု တောင်းဆိုနေခြင်းဖြစ်သည်။ ■



# အာရှကလပ်ဘော်လီဘောပြိုင်ပွဲဝင် မြန်မာအသင်း ကွာတားဖိုင်နယ်တက်

**ရန်ကုန်၊ ဩဂုတ် ၂၃**

အာရှဘော်လီဘောအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ၌ ကျင်းပသည့် ၂၀၁၆ ခုနှစ် အာရှကလပ် ဘော်လီဘောပြိုင်ပွဲတွင် မြန်မာကလပ် Asia World အသင်းသည် ဗီယက်နမ်ကလပ်ကို အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ယင်းပြိုင်ပွဲကို ဩဂုတ်လ ၂၃ ရက်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆော်ဒီအာရေဗျကလပ် နုတ်ထွက်သွားခြင်းကြောင့်လည်း အုပ်စုအဖွင့်ပွဲစဉ်အနိုင်ရရုံဖြင့် မြန်မာအသင်း ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်ဟု နည်းပြချုပ် ဦးညီညီလွင်က ပြောကြားသည်။

မြန်မာကလပ် Asia World အသင်းသည် ဗီယက်နမ်ကလပ် Maseco အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဩဂုတ်လ ၂၅ ရက်နေ့တွင် တပ်ခ်မင်နစ္စတန်ကလပ် Nebitchi နှင့် ယှဉ်ပြိုင်ရဦးမည်ဖြစ်သည်။

မြန်မာအသင်းသည် ပြိုင်ပွဲ၏ အကောင်းဆုံးရှစ်သင်းစာရင်းတွင် ပါဝင်လာခဲ့ပြီဖြစ်၍ ကွာတားဖိုင်နယ် ပွဲစဉ်တွင် အုပ်စု (ဂ) မှ အနိုင်ရရှိလာမည့် အသင်းနှင့် ဆုံတွေ့မည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေး ကော်မတီထံမှ သိရသည်။ ■

# ဖီဖာ၏စည်းမျဉ်းအရ အိုဒီဂတ်ဒ်ကို အငှားစေလွှတ်ရေး မအောင်မြင်

**မက်ဒရစ်၊ ဩဂုတ် ၂၃**

ရီးရဲလ်မက်ဒရစ်သည် ၎င်းတို့၏ လူငယ်ကွင်းလယ်ကစားသမား အိုဒီဂတ်ဒ်ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က ထုတ်ပြန်ပြဋ္ဌာန်းထားသည့် စည်းမျဉ်းနှင့် ငြိစွန်းနေသည့်အတွက် အငှားချရန် အဆင်မပြေဖြစ်ခဲ့ရကာ အစောဆုံးအဖြစ် လာမည့် ဇန်နဝါရီကာလ ဆောင်းရာသီကစားသမား အပြောင်းအရွှေ့ဈေးကွက် ပြန်လည်ဖွင့်လှစ်ချိန်သို့ရောက်မှသာ အိုဒီဂတ်ဒ်ကို အငှားစေလွှတ်နိုင်တော့မည်ဟု ရီးရဲလ်မက်ဒရစ်က ကြေညာထားကြောင်း AS က ဖော်ပြသည်။

ဖီဖာသည် ကစားသမားများကို အငှားချရန်အတွက် စည်းမျဉ်းများထုတ်ပြန်ထားရာတွင် အငှားချမည့်ကစားသမား၏ အသက်မှာ အနိမ့်ဆုံးအဖြစ် ၁၈ နှစ်ရှိရန် လိုအပ်သည်ဟု အချက်တစ်ချက်ထည့်သွင်းထားပြီး ယင်းအချက်နှင့် ငြိစွန်းနေသည့်အတွက် အိုဒီဂတ်ဒ်၏အငှားအပြောင်းအရွှေ့မှာ ပျက်ပြယ်သွားခဲ့ရခြင်းဖြစ်သည်။

အိုဒီဂတ်ဒ်သည် လာမည့်ဒီဇင်ဘာလသို့ရောက်ရှိမှသာ အသက် ၁၈ နှစ်ပြည့်မည်ဖြစ်ပြီး ယင်းဥပဒေ၏ခြွင်းချက်အရ နိုင်ငံတူကလပ်အသင်းတစ်သင်းက ကမ်းလှမ်းလာခဲ့မည်ဆိုပါကမူ ရီးရဲလ်မက်ဒရစ်က အိုဒီဂတ်ဒ်ကို အသက်မပြည့်သည့်တိုင် အငှားချခွင့်ရှိနေသည်။

ပြင်သစ်လီဂူးကလပ် ရန်းနက်စ်အသင်းသည် အိုဒီဂတ်ဒ်ကို အငှားခေါ်ယူရန်အတွက် ရီးရဲလ်မက်ဒရစ်နှင့် အပြီးသတ်သဘောတူညီမှု ရယူနိုင်ခဲ့ခြင်းဖြစ်ကာ အပြောင်းအရွှေ့အဆုံးသတ်ရန် ပြင်ဆင်ချိန်တွင် ယင်းစည်းကမ်းချက် ကြားဝင်လာခဲ့သည့်အတွက် အိုဒီဂတ်ဒ် အငှားပြောင်းရွှေ့ရေးမှာ ပျက်ပြယ်သွားခဲ့ရခြင်းဖြစ်သည်။

ရန်းနက်စ်အသင်း၏အားကစားဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်နေသော မန်ယူနောက်ခံကစားသမားဟောင်း ဆီဗက်စတြာသည် RMC ရေဒီယိုနှင့် တွေ့ဆုံခဲ့ရာ၌ "အိုဒီဂတ်ဒ်ကို ကျွန်တော်တို့ အငှားခေါ်ယူနိုင်ဖို့ အဆင်မပြေတော့ပါဘူး။ ဖီဖာရဲ့စည်းမျဉ်းတွေနဲ့ ငြိစွန်းနေတာကြောင့် အိုဒီဂတ်ဒ်ဟာ ပြည်ပလိဂ်ပြိုင်ပွဲတစ်ခုဆီကို အငှားပြောင်းရွှေ့ဖို့ ခက်နေပါတယ်။ စပိန်ကလပ်အသင်းအချင်းချင်းဆိုရင်တော့ သူ အငှားသွားရောက် ကစားနိုင်မှာပါ"ဟု ရှင်းလင်းပြောကြားသွားခဲ့ပြီး အိုဒီဂတ်ဒ်ကို အငှားခေါ်ယူရန်အတွက် ရန်းနက်စ်နှင့်အပြိုင် ဝက်စ်ဟမ်း၊ ဟမ်းဘတ်နှင့် လေဗာကူဆင်တို့ကလည်း ဆက်သွယ်ခဲ့ကြသည်ဟု ရီးရဲလ်မက်ဒရစ်က ထုတ်ပြန်ကြေညာထားသည်။ ■



AS

# လော့ချ်တီနှင့်ချုပ်ဆိုထားသည့် စပွန်ဆာစာချုပ်များကို စီးပွားရေးလုပ်ငန်းစုများ ဖျက်သိမ်း

**နယူးယောက်၊ ဩဂုတ် ၂၃**

ကမ္ဘာ့ထိပ်တန်း စီးပွားရေးလုပ်ငန်းစုကြီး လေးခုသည် အမေရိကန်ရေကူးအားကစားသမား ရိုင်ယန်လော့ချ်တီနှင့် ချုပ်ဆိုထားသည့် ၎င်းတို့၏စပွန်ဆာစာချုပ်များကို အသီးသီးဖျက်သိမ်းလိုက်ကြပြီဖြစ်ကာ အဆိုပါစီးပွားရေးလုပ်ငန်းစုကြီးများမှာ ရေကူးဝတ်စုံထုတ်လုပ်ရေး Speedo၊ ဖက်ရှင်အဝတ်အထည် ထုတ်လုပ်ရေး Ralph Lauren၊ အလှကုန်ထုတ်လုပ်ရေး Synero-Candela နှင့် အိပ်ရာအသုံးအဆောင်ထုတ်လုပ်ရေး Airweave တို့ဖြစ်ကြောင်း BBC က ဖော်ပြထားသည်။

Speedo၊ Ralph Lauren၊ Synero-Candela နှင့် Airweave တို့သည် လော့ချ်တီကို လူတစ်ဖက်သားနှင့် အဖွဲ့အစည်းတစ်ခု၏ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေသည့် လိမ်ညာလီဆယ်စကားများပြောကြားခဲ့ခြင်းအတွက် စပွန်ဆာစာချုပ်များ အသီးသီး ဖျက်သိမ်းပစ်လိုက်ခြင်းဖြစ်ကာ လော့ချ်တီ၏လုပ်ရပ်မှာ ၎င်းတို့ကိုလည်း အရိပ်မည်း ကျရောက်စေသည့်အတွက် ယခုဆုံးဖြတ်ချက်ကို ချမှတ်လိုက်ရခြင်းဖြစ်ပါကြောင်း အဆိုပါစီးပွားရေးလုပ်ငန်းစုကြီးများက ပြစ်တင်ဝေဖန်သွားခဲ့ကြသေးသည်။

လော့ချ်တီသည် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့သို့သွားရောက်၍ အိုလံပစ်ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ခဲ့ရာတွင် ညခင်းတစ်ခု၌ အပြင်သို့ သွားရောက်လည်ပတ်ခဲ့ကာ ယင်းသို့သွားရောက်ခဲ့ရာ၌ ဘရာဇီးရဲသားတစ်ဦး၏ခါးပြတိုက်လုယက်ခြင်းကို ခံခဲ့ရကြောင်း လော့ချ်တီက မီဒီယာများကို အသိပေးခဲ့သည့်အတွက် ဘရာဇီးရဲတပ်ဖွဲ့မှ ဖိအားများစွာကို ရင်ဆိုင်ကြုံဆုံလိုက်ရသည်။

အသက် ၃၂ နှစ်အရွယ်ရှိ လော့ချ်တီသည် အမေရိကန်ပြည်ထောင်စုသို့ ပြန်လည်ရောက်ရှိအပြီးတွင် ၎င်း၏ပြောစကားများမှာ အလိမ်အညာများသာဖြစ်ကြောင်း ဝန်ခံလိုက်ကာ ယခုကဲ့သို့ စပွန်ဆာစာချုပ်များ ဖျက်သိမ်းခံလိုက်ရသည့်အတွက် လော့ချ်တီ၏ဝင်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ငါးသန်းဝန်းကျင် လျော့ကျသွားခဲ့ရပြီလည်းဖြစ်သည်။ လော့ချ်တီသည် ကစားသမားဘဝဖြတ်သန်းမှုအတွင်း အိုလံပစ်ဆုတံဆိပ်အရေအတွက် ၁၂ ခု ဆွတ်ခူးရရှိထားသူဖြစ်သည်။ ■



# အီဗန်စ်ကိုခေါ်ယူရန် ကြိုးပမ်းရာတွင် ပြောင်းရွှေ့ကြေးကြောင့် အာဆင်နယ် အခက်တွေ့

**လန်ဒန်၊ ဩဂုတ် ၂၃**

အာဆင်နယ်အသင်းသည်ဗလင်စီယာနောက်ခံလူ မူစတာဖီကို ခေါ်ယူနိုင်ရန် အဆင်မပြေဖြစ်ခဲ့ရအပြီးတွင် ဝက်စ်ဘရွန်းနောက်ခံလူ အီဗန်စ်ဘက်သို့ဦးလှည့်လိုက်ပြီဖြစ်ကာ အီဗန်စ်အပြောင်းအရွှေ့အတွက် ဆွေးနွေးညှိနှိုင်းရာတွင်လည်း ဝက်စ်ဘရွန်းဘက်က တောင်းဆိုသည့်ပြောင်းရွှေ့ကြေးကို အာဆင်နယ်ဘက်က လိုက်လျောပေးနိုင်ရန် မလွယ်ကူဖြစ်နေကြောင်း Mail Online က ဖော်ပြထားသည်။

ဝက်စ်ဘရွန်းနည်းပြ တိုနီပူးလစ်သည် အသက် ၂၈ နှစ်အရွယ်ရှိ အီဗန်စ်၏တန်ကြေးကိုပေါင် ၂၅ သန်း သတ်မှတ်ထားပြီး အာဆင်နယ်ကမူ အီဗန်စ်အတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၁၅ သန်းထက် ပိုမိုသုံးစွဲလိုစိတ် ရှိမနေကြောင်း သတင်းများလည်း ထွက်ပေါ်နေသည်။

ဝက်စ်ဘရွန်းသည် အီဗန်စ်ကို ယမန်နှစ်ဘောလုံးရာသီ၌ မန်ယူထံမှနေ၍ ပြောင်းရွှေ့ကြေးပမာဏ ပေါင်ရှစ်သန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကာ လက်ရှိတွင် အီဗန်စ်နှင့် ဝက်စ်ဘရွန်းအကြား၌ စာချုပ်သက်တမ်း သုံးနှစ်ကျန်ရှိနေဆဲဖြစ်သည်။ အီဗန်စ်သည် ယမန်နှစ်ဘောလုံးရာသီ၌ ဝက်စ်ဘရွန်းအတွက် ဗဟိုခံစစ်တွင်သာမက ဘယ်ခံစစ်နှင့် ကွင်းလယ်၌ပါ ပါဝင်ကစားပေးခဲ့ကာ အာဆင်နယ်တွင် ဗဟိုခံစစ်ကစားသမား လိုအပ်ချက်ရှိနေသည့်အချက်က ၎င်းတို့ခေါ်ယူလိုသော နောက်ခံကစားသမားများကို ပိုင်ဆိုင်ထားသည့်အသင်းများအတွက် စိတ်ကြိုက်ပြောင်းရွှေ့ကြေးကိုတောင်းဆိုရန် အခွင့်အရေးတစ်ရပ်သဖွယ် ဖြစ်လျက်ရှိသည်။

မူစတာဖီကို ပိုင်ဆိုင်ထားသည့် ဗလင်စီယာအသင်းသည် ၎င်းတို့၏ကစားသမားအတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၄၂ သန်းအထိ တောင်းဆိုလာခဲ့အပြီးတွင် အာဆင်နယ်က အပြောင်းအရွှေ့ဆွေးနွေးမှုများကို ရပ်ဆိုင်းပစ်လိုက်ခြင်းဖြစ်ပြီး ဗလင်စီယာအသင်းတာဝန်ရှိသူများ၏လောဘကြီးမှုကို ကာယကံရှင်မူစတာဖီက လွန်စွာ ဒေါသပေါက်ကွဲလျက်ရှိသည်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် အီဗန်စ်ကိုခေါ်ယူရန်ကြိုးပမ်းရာ၌ အခက်အခဲများရှိလာနိုင်သည့်အတွက် အခြားသောပစ်မှတ်သစ်များကို ထပ်မံရှာဖွေနေပြီဖြစ်ကာ မိုနာကိုနောက်ခံလူ တစ္စဆီရန်းနှင့် လေဗာကူဆင်နောက်ခံလူ တိုပရာကာတို့မှာ အာစင်ဝင်းဂါး၏ပစ်မှတ်သစ်များ ဖြစ်လာဖွယ်ရှိနေကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။ ■

# ကရင်ပြည်နယ်ကိုယ်စားပြု ဇွဲကပင်ယူနိုက်တက်အသင်း မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှ နုတ်ထွက်

**ရန်ကုန်၊ ဩဂုတ် ၂၃**

ကရင်ပြည်နယ်ကိုယ်စားပြု၍ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ယှဉ်ပြိုင်နေသည့် ဇွဲကပင်ယူနိုက်တက်အသင်းသည် ၂၀၁၇ ခုနှစ် ဘောလုံးရာသီမှ စတင်ကာ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲအရပ်ရပ်ကို ယှဉ်ပြိုင်တော့မည်မဟုတ်ကြောင်း ယင်းအသင်းက ထုတ်ပြန်လိုက်သည်။

ဩဂုတ်လ ၂၂ ရက်နေ့ ညနေပိုင်းက ပြုလုပ်ခဲ့သည့် ဇွဲကပင်ယူနိုက်တက်အသင်းအတွင်း အစည်းအဝေး၌ အသင်းပိုင်ရှင် ဦးလှငွေးက ပြောကြားခဲ့ခြင်းဖြစ်သည်ဟုယင်းအသင်းပြန်ကြားရေးတာဝန်ခံ ဦးကျော်ကိုကိုဆင့်က ပြောကြားသည်။

"ကျွန်တော်တို့ အသင်း ၂၀၀၉ ခုနှစ်ကတည်းက တည်ထောင်ခဲ့တာ။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကျင်းပနေတဲ့ လိဂ်ပြိုင်ပွဲမှာ နှစ်စဉ်ဝင်ပြိုင်ခဲ့ပါတယ်။ ဒါပေမဲ့ လာမယ့်နှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကစပြီးတော့ ဝင်မပြိုင်တော့ဘူး။ အသင်းမှာရှိတဲ့ ကစားသမားတွေထဲက စာချုပ်ပြည့်တဲ့သူတွေကို Release ထုတ်ပေးမယ် စာချုပ်ကျန်နေသေးတဲ့ ကစားသမားတွေကိုတော့ စာချုပ်အတိုင်း ဆောင်ရွက်ပေးသွားမှာပါ။ အသင်းကနေထွက်ချင်တဲ့ ကစားသမားတွေကိုလည်း ထွက်ခွာခွင့်ပြုသွားမှာပါ" ဟု အသင်းဥက္ကဋ္ဌလည်းဖြစ်သူ ဦးလှငွေးက ပြောဆိုသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှ နုတ်ထွက်ရခြင်းမှာ မြန်မာ့လက်ရွေးစင်အသင်းအတွက် ကစားသမား မွေးထုတ်ပေးနိုင်မှု အားနည်းခြင်း၊ ယခုနှစ်အတွင်း ကစားသမားတစ်ဦးသာ မြန်မာ့လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရခြင်း၊ မြန်မာနေရှင်နယ်လိဂ် စတင်ချိန်မှစ၍ အသင်းအတွက် ငွေကြေးစိုက်ထုတ်သုံးစွဲကာ မြန်မာ့လက်ရွေးစင်အသင်း အောင်မြင်မှုရရန်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခြင်းစသည့်အခြေအနေများကြောင့် နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ယင်းအသင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"မြန်မာနေရှင်နယ်လိဂ်သာ မယှဉ်ပြိုင်တာပါ။ ဇွဲကပင်ယူနိုက်တက်ဘောလုံးအသင်းဆိုတာကိုတော့ မဖျက်သိမ်းဘဲ မျိုးဆက်သစ် လူငယ်ကစားသမားတွေ မွေးထုတ်ပေးနိုင်ဖို့ လူငယ်အကယ်ဒမီသင်တန်းကျောင်းတော့ ဖွင့်သွားမှာပါ။ အခုတည်ဆောက်နေတဲ့ နဝဒေးကွင်းသစ်စီမံကိန်းမှာ သုံးထပ်ဆောင်လည်း ပါနေတယ်ဆိုတော့ အကယ်ဒမီစီမံကိန်းကို ပီပီပြင်ပြင်ဆောင်ရွက်သွားမှာပါ။ အရည်အသွေးရှိပြီး အသက်မှန်တဲ့ မျိုးဆက်သစ်လူငယ်ကစားသမားတွေ မွေးထုတ်ပေးနိုင်ဖို့၊ အနာဂတ်မြန်မာ့လက်ရွေးစင်အသင်းအတွက် အားထားရတဲ့ ကစားသမားတွေ ပေါ်ထွက်လာစေလိုတဲ့ ရည်ရွယ်ချက်ကြောင့် လိဂ်ပြိုင်ပွဲကနေ နုတ်ထွက်ခဲ့တာ" ဟုလည်း အဆိုပါထုတ်ပြန်ချက်တွင် ပါဝင်သည်။

ဇွဲကပင်ယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်ကစ၍ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သော်လည်း အောင်မြင်မှုတစုံတရာ ရယူနိုင်ခြင်း မရှိခဲ့ပေ။

ဇွဲကပင်ယူနိုက်တက် အသင်းအနေနှင့် ၂၀၁၇ ခုနှစ်ကစ၍ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများကို ယှဉ်ပြိုင်တော့မည်မဟုတ်ကြောင်း ၎င်းတို့၏ တရားဝင်ဖေ့ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြခဲ့သော်လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်လက်အောက်ရှိ နေရှင်နယ်လိဂ်ကော်မတီသို့ ဩဂုတ်လ ၂၃ ရက် ညနေ ၄ နာရီအချိန်အထိ တရားဝင်အကြောင်းကြားစာပေးပို့ခြင်းမရှိသေးကြောင်း အဖွဲ့ချုပ်ထံမှ သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကျင်းပရေး ကော်မတီအမှုဆောင်အရာရှိချုပ်နှင့် ဈေးကွက်ရှာဖွေရေးဒါရိုက်တာ ဦးဆူးအောင်က "ဇွဲကပင်အသင်းအနေနဲ့ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွေကို ဝင်မပြိုင်တော့ဘူးဆိုတာ သူတို့ရဲ့ဖေ့ဘွတ်ခ်စာမျက်နှာမှာပဲ ဖော်ပြခဲ့တာပါ။ ကျွန်တော်တို့ဆီကို အကြောင်းကြားစာပို့တာမျိုး၊ ဖုန်းဆက်ပြောတာမျိုး ဘာတစ်ခုမှ မလုပ်သေးပါဘူး" ဟု ပြောဆိုသည်။

ဇွဲကပင်ယူနိုက်တက်အသင်းသည် ၂၀၁၆ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် အဆင့်ရှစ်နေရာ၌ ရပ်တည်နိုင်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်အထိ တက်ရောက်နိုင်ခဲ့သော အသင်းဖြစ်သည်။ ■




အီရတ်တွင် ဆယ်ကျော်သက်တစ်ဦးကို ဖောက်ခွဲရေးပစ္စည်းများနှင့် ဖမ်းမိခဲ့သည်

# ကလေးများကို အသေခံဗုံးခွဲသမားအဖြစ် အသုံးပြုမှု မြင့်တက်

**အန်ကာရာ၊ ဩဂုတ် ၂၃**

အစ္စလာမ္မစ် အစွန်းရောက်များသည် နောက်ပိုင်းတွင် ကလေးများကို အသေခံဗုံးခွဲသမားများဖြစ်အောင် စည်းရုံးလေ့ကျင့်ပြီး အသုံးပြုမှုများ မြင့်တက်လာကြောင်း သတင်းသုံးသပ်ချက်များကို ကိုးကားလျက် Reuters သတင်းတစ်ရပ်က ဖော်ပြထားသည်။

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ဖမ်းမိသော အသေခံဗုံးခွဲသမားလေးဆိုလျှင် အသက် ၁၆ နှစ်သာရှိသေးပြီး အကြောက်လွန်နေကြောင်း ရဲများက ပြောပြသည်။

၎င်း၏အင်္ကျီအောက်တွင် ၂ ကီလိုဂရမ်အလေးချိန်ရှိသော ဖောက်ခွဲရေးပစ္စည်းများကို စစ်ဆေးတွေ့ရှိခဲ့ရသည်။

တူရကီဖြစ်စဉ်တွင်မူ ဖမ်းမိခဲ့ခြင်းမရှိဘဲ ဆယ်ကျော်သက်အရွယ် အသေခံဖောက်ခွဲသမားက မင်္ဂလာပွဲတစ်ခုအတွင်းသို့ ဝင်ရောက်ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ မင်္ဂလာပွဲလာသူ ၅၁ ဦး သေဆုံးခဲ့ရသည်။

သေဆုံးခဲ့ရသူများအနက် ထက်ဝက်ခန့်မှာ ကလေးများဖြစ်သည်။

အာဖရိကမှသည် ဆီးရီးယားအထိ ကလေးစစ်သားများ၊ အရွယ်မရောက်သူများကို အစွန်းရောက်များက အသုံးချကာ ဖောက်ခွဲတိုက်ခိုက် ခိုင်းနေကြောင်း သက်သေအထောက်အထားများ အပုံအပင်ရရှိပြီးဖြစ်သည်။

အာဖဂန်နစ္စတန်တွင်လည်း တာလီဘန်များသည် ကလေးများကို အသေခံစစ်ဆင်ရေးများတွင် အသုံးပြုမှုများ ဆက်တိုက်ရှိနေဆဲဖြစ်ကာ ၂၀၁၂ ခုနှစ်က NATO စစ်စခန်းတစ်ခုကို တိုက်ခိုက်ခဲ့မှုတွင် စက်ဘီးစီး ၁၄ နှစ်သားတစ်ဦးကို အသုံးပြုခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်ကလည်း မြို့တော်ကဘူးလ်ရှိ ပြင်သစ်ယဉ်ကျေးမှုစင်တာတွင် ဆယ်ကျော်သက်တစ်ဦးက အသေခံဗုံးခွဲခဲ့သေးသည်။

ထိပ်တန်းတိုက်ခိုက်ရေးသမားများ မဆုံးရှုံးစေရေး၊ လုံခြုံရေးများ သတိမထားမိစေရေးတို့အတွက် IS နှင့် အခြားအစွန်းရောက်များသည် ကလေးများကို အသုံးပြုလာခြင်းဖြစ်သည်ဟု သုတေသနပညာရှင်များနှင့် အရာရှိများက ပြောကြားသည်။

အနောက်အာဖရိက အကြမ်းဖက်အဖွဲ့အစည်း ဘိုကိုဟာရမ်ကလည်း ကလေးငယ်များ၊ အမျိုးသမီးများကို ဖမ်းဆီးကာ အသေခံဗုံးခွဲခိုင်းခြင်း၊ လိင်ကျွန်ပြုခြင်းများ ပြုလုပ်လေ့ရှိသည်။ ■

## ALSO IN NEWS

### နော်ဝေ တော်ဝင်လုံခြုံရေးတပ်ရင်း ပင်ဂွင်ငှက်ကို ဗိုလ်မှူးကြီးရာထူး တိုးမြှင့်

ဆာဘွဲ့ရထားတဲ့ တတိယမြောက် နီးလ်စ်အိုလက်ဗ် (၃) လို့ အမည်ရတဲ့ ပင်ဂွင်ငှက်တစ်ကောင်ဟာ တပ်မတော်ထိပ်သီးအရာရှိကြီးတစ်ယောက် ဖြစ်လာခဲ့ပါပြီ။ တော်ဝင်နော်ဝေလုံခြုံရေးတပ်ရင်းရဲ့ဗိုလ်မှူးကြီးအဖြစ် ရာထူးတိုးခံလိုက်ရတာ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးဟာ အီဒင်ဘာ့ဂ် တိရစ္ဆာန်ရုံမှာ ရုံးထိုင်နေပြီးတော့ ရာထူးတိုးမြှင့်ပွဲကို တပ်သားငါးဆယ်လောက် တက်ရောက်အလေးပြုခဲ့ပါတယ်။ ဗိုလ်မှူးကြီးဟာ ဂုဏ်ပြုတပ်ခွဲရှေ့လမ်းလျှောက်ခဲ့ပြီး စစ်ဆေးခဲ့ပါသေးတယ်။ သူ့ရဲ့တောင်ပံလေးပေါ်မှာ တပ်မတော်အရာရှိ အဆောင်အယောင် တပ်ထားတဲ့ ဗိုလ်မှူးကြီး ပင်ဂွင်ကို အရာရှိတစ်ဦးက အလေးပြုနေတဲ့ပုံလည်း မီဒီယာပေါ်မှာ တက်လာခဲ့ပါတယ်။

ဗိုလ်မှူးကြီး လမ်းလျှောက်တာ နေ့နေသေးတာမို့ မြေပြင်လေ့ကျင့်ခန်းတွေ ထပ်လုပ်ဖို့ လိုသေးတယ်လို့ မီဒီယာတွေက နောက်ပြောင်ရေးသားကြပါတယ်။

အီဒင်ဘာ့ဂ်တိရစ္ဆာန်ရုံဟာ ပင်ဂွင်ငှက်တွေကြောင့် နာမည်ကြီးပြီး ၁၉၁၃ ခုနှစ်မှာ နော်ဝေတပ်မတော်ကို ပထမဆုံး ပင်ဂွင်ဘုရင်ကို လက်ဆောင်ပေးခဲ့တာ ဖြစ်ပါတယ်။ ပထမဆုံး နီးလ်စ်အိုလက်ဗ် ဟာ နော်ဝေတပ်မတော်ရဲ့လာဘ်ကောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး တစ်ဆင့်တစ်ဆင့် ရာထူးတက်လာတာ ဖြစ်ပါတယ်။

နီးလ်စ်အိုလက်ဗ် ဆိုတဲ့ နာမည်ဟာ နော်ဝေဗိုလ်မှူးကြီး နီးလ်စ်အက်ဂလီယန်နဲ့ ဘုရင်အိုလက်ဗ်ကို ပေါင်းစည်းထားတာ ဖြစ်ပါတယ်တဲ့။ UPI ■




